ကာလေန ဓမ္မသာကစ္ဆာ ဧတံ မင်္ဂလ မုတ္တမံ၊ သင့်လျော်သောအခါ၌ တရားဆွေးနွေးခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက်၊ ၂၀၀၇ ခုနှစ်၊ မေ ၆ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၁)၊ အမှတ်(၂၁၆)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုး တိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မား ရေးနှင့်ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ရပ်မိရပ်ဖများအားတွေ့ဆုံ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မဘိမ်းမြို့ အခြေခံပညာအထက်တန်းကျောင်းခန်းမတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဒေသဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်က ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု သတ်မှတ်ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိ
ကျေးလက်ပြည်သူများလိုလားချက်သိရှိအောင်လေ့လာ၊ ဆောင်ရွက်ဖွယ်ရာများဖြည့်ဆည်းဆောင်ရွက်
ဒေသခံပြည်သူများ နိုင်ငံတော်၏စေတနာကိုသိမြင် ဒေသပိုမိုဖွံ့ဖြိုးအောင် တက်ညီလက်ညီကြိုးပမ်း

ရန်ကုန် မေ ၅

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ စစ်ဦးစီးအရာရှိချုပ်(ရေ)၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများလိုက်ပါလျက် မေ ၄ ရက် နံနက်ပိုင်းက ရန်ကုန်မြို့မှလေကြောင်းခရီးဖြင့်ထွက်ခွာကြရာ နံနက် ၉ နာရီခွဲတွင် မန္တလေးတိုင်း တံတားဦးမြို့နယ် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်း၊

စာမျက်နှာ ၈ ကော်လံ ၁ ■

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မိုးမိတ်မြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံကို ကျောင်းအုပ်ကြီးထံ ပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ မေလ ၆ ရက်)

အတတ်ပညာ အတွေ့အကြုံ ဆက်လက်တိုးပွားရေးကြိုးပမ်း နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် ဘက်စုံ ထောင့်စုံ ကဏ္ဍစုံမှ အရှိန်အဟုန်ဖြင့် ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။

ထိုသို့ ကြိုးပမ်းတည်ဆောက်ရာတွင် အမျိုးသားရေးစွမ်းအားစုများ၏ စုစည်းညီညွတ်သည့် စွမ်းပကားဖြင့် ကြိုးပမ်းတည်ဆောက်နေခြင်းဖြစ်သည်။ အမျိုးသားရေးစွမ်းအားစုများတွင် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းကြီးသည်လည်း နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ကြိုးပမ်းစွမ်းဆောင်နေသည်ကို တွေ့ရှိရသည်။

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံသစ် ရတနာအုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားကို မေလ ၁ ရက်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ လှိုင်မြို့နယ် လှိုင်တက္ကသိုလ်နယ်မြေ တက္ကသိုလ်ကျောင်းလမ်း မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး အဆောက်အအုံ (MICT Park)အနီးရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံသစ် ဆောက်လုပ်မည့်နေရာ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်ပြီး နဝရတ်ကိုးပါး ငွေကြုတ်ကိုမြှုပ်နှံပေးကာ ရတနာအုတ်မြစ်တော်စီပေးသည်။

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံသစ် ရတနာအုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနား အစီအစဉ် ဒုတိယပိုင်းကို မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး အဆောက်အအုံ (MICT Park)ရှိ Conference Hall ၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင်–

"အသင်းဝင်များတွင် ဝန်ကြီးဌာန ၂၁ ခုနှင့် စည်ပင်သာယာရေးကော်မတီတို့မှ အင်ဂျင်နီယာ အတတ်ပညာရှင်များ ပါဝင်လျက်ရှိကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းကြီးသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး တည်ဆောက်ရေးတွင် အဓိကအားထားရသည့် အမျိုးသားစွမ်းအားစုတစ်ရပ်ဖြစ်ကြောင်း"

ပြောကြားသွားသည်။

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းကြီးကို ၁၉၁၆ ခုနှစ်ကပင် စတင်ဖွဲ့စည်းခဲ့ပြီး လွန်ခဲ့သည့် နှစ်ပေါင်း ၆၀ ကျော်မှစ၍ အကြောင်းအမျိုးမျိုးကြောင့် ရပ်ဆိုင်းသွားခဲ့သည်။ ၁၉၉၅ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် စိန်ရတုပွဲတော်ကာလမှစတင်ပြီး အသင်းကြီးကို ပြန်လည်ဖွဲ့စည်း၍ အသင်း၏လုပ်ငန်းများ ရှင်သန်လှုပ်ရှားလာစေရန် နိုင်ငံတော်က အားပေးဆောင်ရွက်ခဲ့သည်။

ယနေ့ နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းများဖြစ်သည့် ရထားလမ်း၊ ကားလမ်း၊ တံတား၊ ဆည်မြောင်း တာတမံများနှင့် အထပ်မြင့်အဆောက်အအုံများစွာတို့ကို မြန်မာအင်ဂျင်နီယာများက မိမိတို့အတတ်ပညာစွမ်းပကားဖြင့် ခံ့ညားထည်ဝါစွာ တည်ဆောက်ပေးလျက်ရှိသည်။ နိုင်ငံတော်အနေဖြင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းကြီး၏ စွမ်းပကားများကို ပိုမိုတိုးတက်မြင့်မားလာရေး၊ ပိုမိုရှင်သန်အောင်မြင်မှုရရှိရေးအတွက် အားပေးကူညီလျက်ရှိသည်။

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းကြီးတွင် အင်ဂျင်နီယာအတတ်ပညာရှင်မျိုးစုံ အဖွဲ့ဝင်အဖြစ် ပါဝင်လျက်ရှိသည်။ နိုင်ငံတော် တာဝန်ထမ်းဆောင်ပြီး အငြိမ်းစားယူခဲ့ကြသည့် အင်ဂျင်နီယာကြီးများ၊ လက်ရှိ တာဝန်ထမ်းဆောင်ဆဲအပါအဝင် မျိုးဆက်သစ်အင်ဂျင်နီယာပညာရှင်များစွာတို့သည် အဖွဲ့ဝင်များအဖြစ် ပါဝင်လျက်ရှိသည့် စွမ်းအားစုကြီးတစ်ခုအဖြစ် ပီပီပြင်ပြင်ပေါ်ထွန်းလျက်ရှိနေပြီဖြစ်သည်။ အသင်းကြီးအနေဖြင့် ပြန်လည်လှုပ်ရှားနိုင်သည်နှင့်အညီ ၂၀၀၁ ခုနှစ် အာဆီယံနိုင်ငံများဆိုင်ရာ စွမ်းအင်ရွှေတာဆု၊ ၂၀၀၂ခုနှစ် ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပသော CAFEO (20) တွင် ဆည်မြောင်းတာတမံတည်ဆောက်ရေးအတွက် ASEAN Engineer Outstanding Award ဆု၊ ၂၀၀၃ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပခဲ့သည့် CAFEO (21)တွင် တံတားတည်ဆောက်ခြင်းနှင့် ပတ်သက်သည့် ASEAN Engineer Outstanding Award ဆုနှစ်ခု ဆွတ်ခူးပေးနိုင်ခဲ့သည်ကို တွေ့ရှိရသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဝင်များအနေဖြင့် မိမိတို့၏ အတတ်ပညာ၊ အတွေ့ အကြုံများ ဆက်လက်တိုးပွားဖြစ်ထွန်းစေရေး ကြိုးပမ်းစွမ်းဆောင်သွားကြရင်း မိမိတို့နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်မြို့တွင်းလမ်းများ အဆင့်မြင့်ပြုပြင်မှု တိုင်းမှူးနှင့်မြို့တော်ဝန် စစ်ဆေး ရေရှည်တည်တံ့စေရန် အရည်အသွေးစံချိန်စံညွှန်းမီဆောင်ရွက်ရေးမှာကြား

ရန်ကုန် မေ ၅

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့တော်ရှိ လမ်းများအမြင်တင့်တယ်စေရန် လမ်းဘေး လူသွားစင်္ကြံများ၊ ရေနုတ်မြောင်းများ အဆင့်မြင့်ပြုပြင်မွမ်းမံနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။ (အပေါ်ပုံ)

ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့်အဖွဲ့သည် ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် ပြည်လမ်းမကြီးဘေး၊ အင်းလျားကန်ပေါင်နှင့် ပြည်လမ်းမကြီးကြား၌ ရေနုတ်မြောင်းမကြီး အုတ်စီပြီးစီးမှု၊ လူသွားစင်္ကြံ ကွန်ကရစ်ကျောက်ပြားများ ခင်းကျင်းပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန လမ်း/တံတားဌာနမှူး ဦးဗိုလ်ဌေးက ရန်ကုန်မြို့ပြည်လမ်းမကြီးဘေး အင်းလျားကန်ပေါင် အမြင်တင့်တယ်စေရေးအတွက် အဆင့်မြှင့်တင် ပြုပြင်မွမ်းမံနေမှုများကို ရှင်းလင်းပြသသည်။

စနစ်တကျပြုပြင်

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က အင်းလျားကန်ပေါင် အမြင်တင့်တယ်စေရေးအတွက် ပန်းအလှပင်များစိုက်ပျိုးပြီး မြေယာရှုခင်းအလှများနှင့် လူသွားစင်္ကြံများ အစဉ်ကောင်းမွန်စေရေး စနစ်တကျဖြင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့်အဖွဲ့သည် ကမာရွတ်မြို့နယ် ဦးဝိစာရလမ်းနှင့် ဓမ္မစေတီလမ်းဆုံ၌ လူသွားစင်္ကြံများ ကွန်ကရစ်ကျောက်ပြားများ ခင်းနေမှုများကို လည်းကောင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် ဗညားဒလလမ်းနှင့် စက်ရုံလမ်းဆုံ၌ လူသွားစင်္ကြံ ကွန်ကရစ်ကျောက်ပြားနှင့် Inter Lock အလှဆင်ကျောက်ပြားများခင်းနေမှု၊ ရေနုတ်မြောင်းများ အုတ်စီပြီးစီးမှု၊ အများသုံးတယ်လီဖုန်းရုံ ထားရှိမှုများကိုလည်းကောင်း၊ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းဆုံ လူသွားစင်္ကြံ ကွန်ကရစ်ကျောက်ပြားများခင်းနေမှု အခြေအနေများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို လိုက်လံ ရှင်းလင်းပြသကြသည်။

စံချိန်စံညွှန်းမီ

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က ရန်ကုန်မြို့တော်ကြီး သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအနက် လမ်းမကြီးများ ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ လူသွားစင်္ကြံများ အဆင့်မြှင့်တင်ပြုပြင်ခြင်း၊ အုတ်ရေနုတ်မြောင်းများ ပြုပြင်ခြင်း၊ ပန်းမန်အလှများ စိုက်ပျိုးခြင်း၊ အမှိုက်ကန်များ တည်ဆောက်ခြင်းလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်ခံ့စေရန် အရည်အသွေး စံချိန်စံညွှန်းမီဖြင့် ဆောင်ရွက်ကြရေး မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတကာအဆင့်မီ အမျိုးသားစာကြည့်တိုက်ကြီးဖြစ်၍ သတ်မှတ်စံချိန်စံညွှန်း အရည်အသွေးပြည့်မီစွာတည်ဆောက်

ရန်ကုန် မေ ၅

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်သည် ယမန်နေ့နံနက် ၉ နာရီက တာမွေမြို့နယ် အရှေ့မြင်းပြိုင်ကွင်းလမ်းနှင့် လေးထောင့်ကန်လမ်းထောင့်ရှိ ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန အမျိုးသားစာကြည့်တိုက် အသစ်တည်ဆောက်ရေးလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဝန်ကြီးအား ဒဂုန်အင်တာနေရှင်နယ်လီမိတက် ဥက္ကဋ္ဌ ဦးဝင်းအောင်က အမျိုးသားစာကြည့်တိုက်အသစ် ဆောက်လုပ်ပြီးစီးမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းဆွေက ဘဏ္ဍာရန်ပုံငွေရရှိမှုနှင့် လုပ်ငန်းတိုးတက်မှုအခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားစာကြည့်တိုက် ညွှန်ကြားရေးမှူး ဦးကျော်ဦးက အထပ်အလိုက် နေရာချထားမှုနှင့် ဝန်ထမ်းဖွဲ့စည်းမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များကို ညှိနှိုင်းဆက်စပ်ပေးပြီး ၂၀၀၅ ခုနှစ်အတွင်း သတ်မှတ်လျာထားလုပ်ငန်းများ အချိန်မီပြီးစီးရေး၊ နိုင်ငံတကာအဆင့်မီ အမျိုးသားစာကြည့်တိုက်ကြီးဖြစ်၍ သတ်မှတ်စံချိန်စံညွှန်း အရည်အသွေးပြည့်မီစွာ တည်ဆောက်ရေး၊ လက်ရာသေသပ်ကောင်းမွန်ရေး၊ ဆိုင်ရာအင်ဂျင်နီယာများက အနီးကပ်ကြီးကြပ်ပေးရေးနှင့် မီးသတ်စနစ်ပါရှိရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် အထပ်အလိုက် ဆောင်ရွက်ထားရှိမှုများ၊ e-Government လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ပြင်ဆင်ထားရှိမှုအခြေအနေများနှင့် တည်ဆောက်ရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

ဝန်ကြီး ဦးဝင်းအောင် ထိုင်းကုန်စည်ပြပွဲ(၂၀၀၄)ဖွင့်ပွဲတက်ရောက် ကုမ္ပဏီ၁၄၀မှ ပြခန်း၁၇၅ခန်း ခင်းကျင်းပြသ

ရန်ကုန် မေ ၅

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ မြန်မာနိုင်ငံစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် နဝမအကြိမ် ထိုင်းကုန်စည်ပြပွဲ(၂၀၀၄) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အထက်ပုဇွန်တောင်လမ်းရှိ ရန်ကုန်ကုန်သွယ်မှုဗဟိုဌာန၌ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်ချုပ် သိန်းဆွေ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ ထိုင်းနိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Dr. Parnpree Ban Hiddha Nukara၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Suphat Dhirakasoh၊ ထိုင်းနိုင်ငံ သံရုံးကုန်သွယ်ရေးဌာန သံမှူး H.E. Mr. Suphot Dhirakaosal၊ ထိုင်းနိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပို့ကုန်မြှင့်တင်ရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် H.E. Ms. Pimpaphan Chansilp ၊ မြန်မာ–ထိုင်းယှဉ်ကျေးမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအသင်းဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ကျော်သန်း(အငြိမ်းစား)နှင့် တာဝန်ရှိသူများ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများ၊ မြန်မာတိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များ၊ ထိုင်းနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ၊ စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များနှင့် အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန် ကုန်သွယ်မှုဗဟိုဌာန မြေညီထပ်၌ ဖွင့်ပွဲအခမ်းအနားကိုကျင်းပရာ ထိုင်းနိုင်ငံကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး H.E. Dr.Parnpree Ban Hiddha Nukara က နဝမအကြိမ် ထိုင်းကုန်စည်ပြပွဲ(၂၀၀၄) ခင်းကျင်းပြသခြင်းနှင့်ပတ်သက်၍ နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက နဝမအကြိမ် ထိုင်းကုန်စည်ပြပွဲ (၂၀၀၄)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

(အပေါ်ဝဲပုံ)

ထို့နောက် အခမ်းအနားသို့ ကြွရောက်လာကြသူများက နဝမအကြိမ် ထိုင်းကုန်စည်ပြပွဲ(၂၀၀၄)တွင် ကုမ္ပဏီပေါင်း၁၄၀တို့က ပြခန်းပေါင်း ၁၇၅ခန်းတို့တွင် ခင်းကျင်းပြသထားသည့် ကားပစ္စည်းများ၊ အပိုပစ္စည်းများ၊ ဓာတုဗေဒပစ္စည်းများ၊ ကလေးကစားစရာ ပစ္စည်းနှင့် အိမ်ဆောက်ပစ္စည်းများ၊ ဆံကေသာအလှကုန်ပစ္စည်းများ၊ အီလက်ထရွန်နစ်ပစ္စည်းများ၊ စားသောက်ကုန်များ၊ ဖျော်ရည်ယမကာများ၊ ပရိဘောဂပစ္စည်းများ၊ ဖက်ရှင်သုံးအလှကုန်ပစ္စည်းများ၊ အဝတ်အထည်များ၊ အိမ်သုံးပစ္စည်းများ၊ မီးဖိုဆောင်သုံးပစ္စည်းများ၊ သားရေထည်ပစ္စည်းများ၊ ဖိနပ်များ၊ တွင်ခုံနှင့်ပတ်သက်သော စက်ကိရိယာပစ္စည်းများ၊ ဆေးဝါးပစ္စည်းများ၊ သန့်ရှင်းရေးဝန်ဆောင်မှုပစ္စည်းများ ခင်းကျင်းပြသထားသည်ကို လိုက်လံကြည့်ရှုကြသည်။ **(သတင်းစဉ်)**

နဝမအကြိမ် ထိုင်းကုန်စည်ပြပွဲ (၂၀၀၄)ကို မင်္ဂလာတောင်ညွန့်မြို့နယ် အထက်ပုဇွန်တောင်လမ်းရှိ ရန်ကုန်ကုန်သွယ်မှုဗဟိုဌာန၌ ကျင်းပစဉ်။ (မြန်မာ့အလင်း)

တတိယအကြိမ် စာပေညီလာခံဗဟိုဦးစီးအဖွဲ့ ကျင်းပရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် မေ ၅

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ၂၀၀၄ခုနှစ် တတိယအကြိမ် စာပေညီလာခံ ဗဟိုဦးစီးအဖွဲ့အစည်းအဝေး ကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန် အဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးတင်ခ(တက္ကသိုလ်တင်ခ)၊ ဦးမြင့်သိန်း(မြင့်သိန်းအောင်)၊ ဦးသန်းမောင်(သန်းမောင်)နှင့် အတွင်းရေးမှူး ဦးလှထွန်း(လှထွန်း–တွံတေး)၊ တွဲဖက် အတွင်းရေးမှူးများနှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)ကဆောင်ရွက်၍ အခမ်းအနားမှူးအဖြစ် အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးခင်ဆွေ(ရွှေစွန်ညို)က ဆောင်ရွက်သည်။

ရှေးဦးစွာ သဘာပတိက အဖွင့်အမှာစကားပြောကြားသည်။

(ယာပုံ)

တင်ပြဆွေးနွေး

ဆက်လက်၍ ပြန်ကြားရေးနှင့် သတင်းထုတ်ပြန်ရေး၊ ဘဏ္ဍာငွေရှာဖွေရေး၊ ကြိုဆိုနေရာချထားရေး၊ သယ်ယူပို့ဆောင်ရေး၊ စီမံခန့်ခွဲရေး၊ အခမ်းအနားပြင်ဆင်ရေး၊ ဆုံးဖြတ်မှတ်တမ်း၊ ကျန်းမာရေးနှင့်သက်သာရေး၊ ဟောပြောဆွေးနွေးရေး၊ ဧည့်ခံရေးနှင့် ကြိုဆိုနေရာချထားရေး၊ လုံခြုံရေး၊ ဖိတ်ကြားရေးလုပ်ငန်းကော်မတီများမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများက လုပ်ငန်းကော်မတီအလိုက် ဆောင်ရွက်ထားရှိမှုများကို တင်ပြဆွေးနွေးကြသည်။

ကြိုတင်ပြင်ဆင်မှု

ထို့နောက် သဘာပတိက ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးအတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ပြုလုပ်ကြရန် နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

စာပေညီလာခံဗဟိုဦးစီးအဖွဲ့အစည်းအဝေးအတွက် ငွေနှင့်ပစ္စည်းလှူဒါန်း

ရန်ကုန် မေ ၅

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ၂၀၀၄ ခုနှစ် မေလတွင်ကျင်းပမည့် တတိယအကြိမ် စာပေညီလာခံ ဗဟိုဦးစီးအဖွဲ့အစည်းအဝေးကို ဂုဏ်ပြုသောအားဖြင့် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အလှူငွေပေးအပ်ပွဲသို့ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးတင်ခ(တက္ကသိုလ်တင်ခ)၊ ဦးသန်းမောင်(သန်းမောင်)၊ ဦးမြင့်သိန်း(မြင့်သိန်းအောင်)၊ အတွင်းရေးမှူးဦးလှထွန်း(လှထွန်း–တွံတေး)၊ တွဲဖက်အတွင်းရေးမှူးများ၊ ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးစိုးရှိန်(မောင်စိုးထိုက်–သုံးဆယ်)နှင့် အလှူရှင်များ တက်ရောက်ကြသည်။

ဂုဏ်ပြုလွှာ

အလှူငွေပေးအပ်ပွဲတွင် နိုင်ငံ့ဂုဏ်ရည်စာပေတိုက် စာတည်းမှူးချုပ် ဒုတိယဗိုလ်မှူးကြီးအုန်းမောင်(ငြိမ်း)(မြင်းမူမောင်နိုင်မိုး)က ငွေကျပ်တစ်သိန်း **(အောက်ပုံ)**၊ တိုက်ကြီးမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့က ငွေကျပ်တစ်သောင်း၊ မရမ်းကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ငွေကျပ်တစ်သောင်း၊ ကြည့်မြင်တိုင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ငွေကျပ်တစ်သောင်း၊ ရေတာရှည်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့က ငွေကျပ်ငါးထောင်၊ ဦးထွန်းရည်(မွန်စာပေ) မိုးပန်းမွန်(ရာမည)မိသားစုက ငွေကျပ်ငါးထောင်၊ ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ မြတ်ဝေတိုး (ပညာရေးတက္ကသိုလ်)က ငွေကျပ်ငါးထောင်၊ မောင်မောင်ကြီးမြင့်(ဥက္ကလာ)နှင့် ပန်းမျိုးခင်တို့က တန်ဖိုးငွေကျပ် သုံးသောင်းတန်ဖိုးရှိ ဂျာနယ်စုံ ၂၈၀ကို ပေးအပ်လှူဒါန်းရာ အဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က လက်ခံရယူပြီး ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက အမှတ် ၅၂၉/၅၃၁၊ ကုန်သည်လမ်းနှင့် ၃၇လမ်းထောင့်ရှိ စာပေဗိမာန်(ဒုတိယထပ်) ဖုန်း–၂၅၄၁၇၃၊ ၂၅၂၄၁၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝိုင်အမ်ဘီအေအသင်း နှစ်လည်စည်းဝေးမည်

ရန်ကုန် မေ ၅

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း၏ နှစ်ပတ်လည် ရွေးချယ်တင်မြှောက်ပွဲ အစည်းအဝေးကို ဇွန် ၂၇ ရက်တွင်ပြုလုပ်မည်ဖြစ်ရာ အကြံပြုဆွေးနွေးချက်များကို အစည်းအဝေးမကျင်းပမီ ဇွန် ၁၉ ရက် နောက်ဆုံးထား၍ ဝိုင်အမ်ဘီအေ အသင်းတိုက်သို့ ပို့ဆောင်ပေးရန် နှိုးဆော်ထားကြောင်း သိရသည်။

(က–ပ)

မြန်မာ့အလင်း

နိုင်ငံတကာ သတင်းများ

နာဂျက်ဖ်မြို့၌ တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေဆဲ

တစ်မြို့လုံး ပေါက်ကွဲသံများနှင့် စက်သေနတ်ပစ်ခတ်သံများလွှမ်းမိုးနေ

နာဂျက်ဖ် (အီရတ်) မေ ၄

အီရတ်နိုင်ငံ နာဂျက်ဖ်မြို့ရှိ အမေရိကန်စစ်အခြေစိုက်စခန်းကို တနင်္လာနေ့က ပြောက်ကျားများက စိန်ပြောင်းဖြင့်ပစ်ခတ်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်များက စက်သေနတ်များဖြင့် ပြန်လည်ပစ်ခတ်ခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ယင်းကဲ့သို့ အမေရိကန်တပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ခဲ့သဖြင့် အီရတ်ရဲတစ်ဦးအပါအဝင် အီရတ်နှစ်ဦးသေဆုံးပြီး ၁၅ဦးဒဏ်ရာရရှိသွားကြောင်း ဆေးရုံရှိ သတင်းရပ်ကွက်က ပြောကြားသည်။ မွတ်တာဒါအယ်လ်ဆာဒါ၏ တပ်များနှင့် အမေရိကန်တပ်ဖွဲ့ဝင်များသည် မကြာသေးသော ရက်များအတွင်းက နာဂျက်ဖ်မြို့တွင်းနှင့် မြို့ပြင်များတွင် တိုက်ပွဲများဖြစ်ပွားခဲ့သည်။

လွန်ခဲ့သောသီတင်းပတ်က လေကြောင်းတိုက်ခိုက်မှုကြောင့် ပြောက်ကျား ၆၄ ဦးသေဆုံးသွားကြောင်း အမေရိကန်တပ်ဖွဲ့ဝင်များက ပြောကြားသည်။

တနင်္လာနေ့က စပိန်တပ်ဖွဲ့ဝင်များအသုံးပြုခဲ့သည့် စစ်အခြေစိုက်စခန်း၌လည်း တိုက်ပွဲများဖြစ်ခဲ့သည်ဟုဆိုသည်။

နာဂျက်ဖ်မြို့တစ်မြို့လုံး ပေါက်ကွဲမှုပဲ့တင်ထပ်သံများ၊ စက်သေနတ်များနှင့် လက်နက်ငယ်များ ပစ်ခတ်သံများ ဖုံးလွှမ်းလျက်ရှိသည်ဟု သိရသည်။ **အမ်အင်အေ၊ရိုက်တာ**

ဘဂ္ဂဒက်အနောက်ပိုင်း၌ ပေါက်ကွဲမှုများဖြစ်ပွား ကန်စစ်အခြေစိုက်စခန်းမှ ဖြစ်ဟုဆို

ဘဂ္ဂဒက် မေ ၄

ဘဂ္ဂဒက်အနောက်ပိုင်း၌ တနင်္လာနေ့က ပေါက်ကွဲမှုများ ဖြစ်ပွားခဲ့သည်ဟု ရိုက်တာသတင်းထောက်များက ပြောကြားသည်။ အမေရိကန်စစ်ဘက်မှ ပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးက ပြောကြားရာတွင် ပေါက်ကွဲမှုများဖြစ်သည်ကို မိမိသတိထားမိကြောင်း၊ သို့ရာတွင် ပေါက်ကွဲရသည့်အကြောင်းအရင်းကို မသိသေးကြောင်း ပြောကြားသည်။

ပေါက်ကွဲမှုများသည် တစ်နာရီနီးပါးမျှကြာကြောင်း၊ သေနတ်သံများနှင့် အတူရှိနေသော ဒေသခံအချို့က ပြောကြားသည်။ ထိခိုက်အနာတရဖြစ်မှုသတင်းများ မသိရသေးဟုဆိုသည်။

ပေါက်ကွဲ

ဘဂ္ဂဒက်လေဆိပ်အနီး အမေရိကန်စစ်အခြေစိုက်စခန်းမှ ပေါက်ကွဲမှုများ ပေါ်ထွက်လာသည်ဟု ဒေသခံတစ်ဦးက ပြောသည်။

ကင်းလှည့်နေသော အမေရိကန်တပ်ဖွဲ့ဝင်များအား လက်နက်ကိုင်ပြောက်ကျားများက လက်လုပ်မိုင်းများ၊ ဒုံးပစ်လောင်ချာများနှင့် စက်သေနတ်များဖြင့် မကြာခဏ တိုက်ခိုက်လေ့ရှိသည်။ **အမ်အင်အေ၊ရိုက်တာ**

ပစ်ခတ်

မေ ၃ ရက်က နာဂျက်ဖ်မြို့ပြင်ရှိ အမေရိကန်စစ်စခန်းကို အီရတ်ပြောက်ကျားတို့က လက်နက်မျိုးစုံဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ပြန်လည်ပစ်ခတ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်၌သေဆုံးသော ကန်တပ်ဖွဲ့ဝင် ၇၅၆ ဦးရှိပြီ

ဝါရှင်တန် မေ ၅

အီရတ်နိုင်ငံကို ၂၀၀၃ခုနှစ် မတ် ၂၀ ရက်၌ အမေရိကန်နှင့်အပေါင်းပါတပ်များ စတင်ဝင်ရောက်တိုက်ခိုက်ခဲ့ချိန်မှစပြီး ၂၀၀၄ခုနှစ် မေ ၄ ရက် အင်္ဂါနေ့ရောက်ချိန်တွင် အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေသည် ၇၅၆ ဦး ရှိသွားပြီဖြစ်သည်။

ယင်းသေဆုံးသူများအနက် ၅၄၉ဦးမှာ တိုက်ပွဲ၌ သေဆုံးပြီး ၂၀၇ဦးမှာ တိုက်ပွဲ၌မဟုတ်ဘဲ အခြားအကြောင်းများကြောင့် သေဆုံးသည်ဟု ကာကွယ်ရေးဌာနက ပြောကြားသည်။

သေဆုံး

၂၀၀၃ခုနှစ် မေ ၁ ရက်၌ တိုက်ပွဲကြီးများပြီးကြောင်း ကြေညာခဲ့ချိန်မှစပြီး အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၆၁၈ဦးဖြစ်ပြီး ယင်းအနက် ၄၄၀မှာ တိုက်ပွဲ၌ သေဆုံးပြီး ၁၇၈ဦးမှာ တိုက်ပွဲ၌မဟုတ်ဘဲ အခြားအကြောင်းကြောင့် သေဆုံးခြင်းဖြစ်သည်ဟု ဆိုသည်။

ထို့ပြင် အီရတ်၌ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ သေဆုံးမှုမှာ ဗြိတိသျှ ၅၈ဦး၊ အီတလီ ၁၇ ဦး၊ စပိန်ရှစ်ဦး၊ ဘူဂေးရီးယားခြောက်ဦး၊ ယူကရိန်းလေးဦး၊ အခြားတပ်ဖွဲ့ဝင်နှစ်ဦး၊ ဒိန်းမတ်၊ အယ်လ်ဆာဗေဒို၊ အက်စ်တိုးနီးယားနှင့် ပိုလန်တစ်ဦးစီ သေဆုံးခဲ့ကြောင်း သိရသည်။

(အင်တာနက်)

အီရတ်နိုင်ငံတစ်ဝန်း တိုက်ခိုက်မှုများတိုးပွားလျက်ရှိ

ဘဂ္ဂဒက် မေ ၃

အီရတ်နိုင်ငံတစ်ဝန်းတွင် အမေရိကန်တို့အပေါ် တိုက်ခိုက်မှုများ ယခုသီတင်းပတ်အတွင်း တိုးပွားလျက်ရှိရာ နိုင်ငံမြောက်ပိုင်း ကယ်ကွတ်မြို့ရှိ အမေရိကန်စစ်စခန်း တိုက်ခိုက်ခံရပြီး အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးကာ နှစ်ဦးဒဏ်ရာရရှိသွားသည်။

အဆိုပါတိုက်ခိုက်မှုတွင် အမေရိကန်တို့သည် လက်နက်ငယ်များ ဗုံးများနှင့် ပစ်ခတ်ခံခဲ့ရခြင်းဖြစ်သည်။

တိုက်ခိုက်ခံရ

ယမန်နေ့ကလည်း ဘဂ္ဂဒက်မြို့ မြောက်ပိုင်းတွင် ချုံခိုတိုက်ခိုက်ခံရမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင် နှစ်ဦးသေဆုံးပြီး နိုင်ငံတောင်ပိုင်း အမာရာမြို့တွင် နောက်ထပ် ချုံခိုတိုက်ခိုက်ခံရမှုတစ်ခုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးသွားသည်။

ပစ်ခတ်

အဆိုပါ တိုက်ခိုက်ခံရမှုတွင် အမေရိကန်ယာဉ်တန်းအား တိုက်ခိုက်ရေးသမားများက လက်နက်ငယ်များ အာပီဂျီများနှင့် ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။ ထိုအတောအတွင်း ပြန်ပေးဆွဲခံထားရသည့် အမေရိကန် ကန်ထရိုက်တာ သောမတ်ဟမေးလ်ပြန်လည်လွတ်မြောက်လာပြီဆိုသော်လည်း အယ်ဂျာဇီရာရုပ်သံမှ ပြသသွားသည့် အမေရိကန်တပ်ဖွဲ့ဝင် ကီဗီမုတ်ပင်း၏ သတင်းအစအန မရရှိဘဲဖြစ်နေသည်။

ထို့အပြင် အမေရိကန်တို့ကလည်း ၎င်းတို့ထံမှ ဓားစာခံလုံးဝ မရရှိဘဲ ငါးဦးပျောက်ဆုံးနေပြီး ကိုးဦးမှာ ဖမ်းဆီးထိန်းသိမ်းသူများက သတ်ဖြတ်လိုက်ပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

(စီအင်န်အင်န်)

နေ့အခိမ်ပျက်စီး

မေ ၃ ရက်က ဖော်လူဂျာမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ပြောက်ကျားတို့ တိုက်ပွဲဖြစ်ပွားစဉ် ဒုံးကျည်ထိမှန်မှုကြောင့် ပျက်စီးသွားသောအိမ်ကို အီရတ်အမျိုးသမီးကြီး တစ်ဦးကြည့်ရှုနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်ပြည်သူများအား လူသားချင်းစာနာ ကူဝိတ်လခြမ်းနီအသင်းက ကူညီရန်အသင့်ရှိ

ကူဝိတ်စီးတီး မေ ၄

ကူဝိတ်လခြမ်းနီအသင်း(ကေအာစီအက်စ်)သည် အီရတ်နိုင်ငံ လုံခြုံစိတ်ချရပြီး တည်ငြိမ်လာသည့်အခါ အီရတ်ပြည်သူများအား လူသားချင်းစာနာသော အကူအညီများပေးရန်အသင့်ရှိကြောင်း ကူဝိတ်လခြမ်းနီအသင်းဥက္ကဋ္ဌ ဘာဂျပ်စ်ဟိုမိုအယ်လ်ဘာဂျပ်စ်က တနင်္ဂနွေနေ့တွင် ပြောကြားသည်။

လုံခြုံရေးအခြေအနေ နဂိုအတိုင်းပြန်ရောက်ပြီးနောက် လှုပ်လှုပ်ရှားရှားဖြစ်နေသော ဖော်လူဂျာမြို့အား လူသားချင်းစာနာသောအကူအညီများပေးရန် အသင်းကဆန္ဒရှိသည်ဟု အယ်လ်ဘာဂျပ်စ်က အခိုင်အမာပြောဆိုကြောင်း ကူဝိတ်သတင်းဌာနက ဖော်ပြသည်။ ကူဝိတ်လူထုသည် အီရတ်၏ အနေအထားနှင့် နက်ရှိုင်းစွာပတ်သက်လျက်ရှိပြီး အီရတ်သည်လူသားချင်းစာနာသော အကူအညီကို လိုအပ်လျက်ရှိကြောင်း သို့သော် လက်ရှိအနေအထားက ယင်းကူညီမှုကိစ္စကို ရပ်တန့်စေခဲ့ကြောင်း ၎င်းကပြောသည်။ အီရတ်လခြမ်းနီအသင်းကလည်း ဖော်လူဂျာနှင့် အခြားအီရတ်မြို့များအား အကူအညီပေးရန် ကြိုးပမ်းလျက်ရှိကြောင်း အယ်လ်ဘာဂျပ်စ်က ထောက်ပြပြောဆိုသည်။ **အမ်အင်အေ၊ ဆင်ဟွာ**

အီရတ် အကျဉ်းသားများကို ကန်တို့ နှိပ်စက်မှု စစ်ရာဇဝတ်မှုဖြစ်ဟု ဂျော်ဒန်ပြောကြား

အမ္မန် မေ ၅

အီရတ်နိုင်ငံ၌ အမေရိကန်တို့က အီရတ်အကျဉ်းသားအချို့ကို နှိပ်စက်ညှဉ်းပန်းမှုနှင့်ပတ်သက်ပြီး ဂျော်ဒန်နိုင်ငံ တာဝန်ရှိသူများက စစ်ရာဇဝတ်မှုအဖြစ် ပြောကြားလိုက်သည်။

အီရတ်အကျဉ်းသားများအား နှိပ်စက်မှုသတင်းအား အာရပ်သတင်းလောကမှာ တုံ့ပြန်ဆောင်ရွက်မှုအမျိုးမျိုး ထွက်ပေါ်ခဲ့ရာ အယ်လ်ဟာရာရုပ်သံကမူ အရုပ်မဖော်ပြသည့်ကျူးလွန်သူ အမေရိကန်တပ်ဖွဲ့ဝင်ခြောက်ဦးအား ပြင်းထန်စွာပြစ်တင်ဝေဖန်မှုသတင်းကို ဖော်ပြခဲ့သည်။ အယ်လ်ဂျာဇီရာ ရုပ်သံက အဘူဂါရိုပ်အကျဉ်းထောင်မှ လွတ်မြောက်လာခဲ့သူများအား တွေ့ဆုံမေးမြန်းခဲ့ရာ ၎င်းအကျဉ်းသားက ထောင်အတွင်း အမေရိကန်တို့၏ နှိပ်စက်ညှဉ်းပန်းမှု အမှန်တကယ်ရှိခဲ့ကြောင်း ပြောကြားခဲ့သည်။

အယ်လ်အာရေဗျရုပ်သံကလည်း အဆိုပါသတင်းကို အထူးသတင်းအဖြစ်တစ်နာရီတစ်ခါ ထုတ်လွှင့်ခဲ့သည့်နည်းတူ အကျဉ်းထောင်တာဝန်ခံနှင့် ယမန်နှစ်ကတွေ့ဆုံမေးမြန်းသော အစီအစဉ်ကိုလည်း ထည့်သွင်းဖော်ပြခဲ့သည်။ **(စီအင်န်အင်န်)**

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

ကန်တို့ ဖော်လူဂျာကိုဝိုင်းထားမှု မြို့လူထုထိခိုက်နစ်နာမှုများ အသေအချာစုံစမ်းစစ်ဆေးရန် ကုလစုံစမ်းစစ်ဆေးသူက တိုက်တွန်း

ကုလသမဂ္ဂ မေ ၄

ဖော်လူဂျာမြို့ကို အမေရိကန်တပ်များ တစ်လကြာမျှ ဝိုင်းရံပိတ်ဆို့ထားမှုကြောင့် အရပ်သားများအပေါ် ထိခိုက်နစ်နာမှုများကို အသေအချာစုံစမ်းစစ်ဆေးမှုတစ်ရပ်ပြုလုပ်ရန် ကုလသမဂ္ဂ စုံစမ်းစစ်ဆေးသူတစ်ဦးက တနင်္လာနေ့၌ တိုက်တွန်းလိုက်သည်။

ရရှိသောသတင်းအချို့အရ ဖော်လူဂျာမြို့ကို ဝိုင်းရံပိတ်ဆို့ထားစဉ် မြို့လူဦးရေ သုံးသိန်းတွင် ခန့်မှန်းခြေ သေဆုံးသူ ၇၅၀ ၏ ၉၀ ရာခိုင်နှုန်းမှာ တိုက်ပွဲကြောင့် သေဆုံးခြင်းမဟုတ်ကြောင်း သိရသည်ဟု ကုလသမဂ္ဂ အထူးကိုယ်စားလှယ် ပေါလ်ဟန့်က ပြောကြားသည်။

မေ ၃ ရက်က ဖော်လူဂျာမြို့အပြင်ဘက် အမေရိကန်တို့၏ စစ်ဆေးရေးစခန်းအပြင်ဘက်တွင် လုံခြုံရေးအတွက် သွပ်ဆူးကြိုးများကာရံနေသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဖော်လူဂျာမြို့ရှိ အမေရိကန်လုံခြုံရေးအစောင့် လေးဦး အသတ်ခံခဲ့ရသည်ကို အမေရိကန်တပ်ဖွဲ့ဝင်များက လက်တုံ့ပြန်ကာ ဧပြီလအစောပိုင်း၌ ဖော်လူဂျာမြို့ကို စတင်နှိမ်နင်းခဲ့သည်။

ခေါ်ယူ

သီတင်းပတ်များစွာကြာအောင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ပြောက်ကျားတို့ တိုက်ပွဲဖြစ်ခဲ့ပြီးနောက် အမေရိကန်တပ်ဖွဲ့ဝင်များသည် ဖော်လူဂျာမှ ပြန်ရုပ်သိမ်းသွားခဲ့ပြီး အီရတ်တပ်ဖွဲ့ကို မြို့အား ထိန်းချုပ်ရန်ခေါ်ယူခဲ့သည်။

အရေးကြီး

ဖော်လူဂျာမြို့ကို အမေရိကန်မရိန်းတပ်များက ဝိုင်းထားခဲ့သည်ဖြစ်ရာ နိုင်ငံတကာအနေဖြင့် ဖော်လူဂျာမြို့သို့ ဝင်ရောက်ရန်မလွယ်ခြင်းကြောင့် စုံစမ်းစစ်ဆေးမှုပြုလုပ်ရေးမှာ အရေးကြီးသည်ဟု မစ္စတာဟန့်က ပြောကြားသည်။

ချိုးဖောက်

အကယ်၍ စွပ်စွဲချက်များမှန်ကန်လျှင် ယင်းသို့ နိုင်ငံတကာဥပဒေချိုးဖောက်မှု ထပ်မံမဖြစ်အောင် အသေအချာ ဆောင်ရွက်ရမည်ဟု ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

အီရတ်အကျဉ်းသားများအပေါ် အမေရိကန်တို့ပြုမူပုံများ အီရတ်ပြည်သူအများ ဒေါသတကြီးရှုတ်ချပြောကြား

ဘဂ္ဂဒက် မေ ၄

အီရတ်နိုင်ငံ၌ အမေရိကန်ဦးဆောင်သောတပ်ဖွဲ့ဝင်များက ၎င်းတို့ဖမ်းဆီးထားသော အီရတ်အကျဉ်းသားများအား နှိပ်စက်ညှဉ်းပန်းသတ်ဖြတ်သည့် သတင်းများထွက်ပေါ်လာခြင်းသည် အာရပ်ကမ္ဘာအတွင်း အမေရိကန်တို့အပေါ် စိတ်ဆိုးဒေါသထွက်မှုများ ပိုမိုကြီးထွားလာလျက်ရှိသည်။ ရုပ်မြင်သံကြားဌာနများမှ ကျယ်ပြန့်စွာ ထုတ်လွှင့်ပြသခဲ့သည့် အီရတ်အကျဉ်းသားများ ပြင်းထန်စွာ နှိပ်ကွပ်ခံရမှုသည် အမေရိကန်တို့အပေါ် ယုံကြည်မှုကို ဆိုးရွားစွာ ထိခိုက်ပျက်စီးမှုဖြစ်စေခဲ့ကြောင်း သုတေသီများက ပြောကြားသည်။

၎င်းသတင်းဓာတ်ပုံများကို အာရပ်နိုင်ငံများ၏ သတင်းဌာနတိုင်းက ထုတ်လွှင့်ပြသခဲ့ရာ ယခု အမေရိကန်တို့၏လုပ်ရပ်သည် ပြောဖို့မကောင်းလောက်အောင် ရွံ့ရှာစက်ဆုပ်ဖွယ်ကောင်းကြောင်း၊ မယုံနိုင်စရာဖြစ်ကြောင်း၊ အမေရိကန်များသည် မည်မျှဆိုးရွားသည် ဆိုသည်ကို ပြသလိုက်ခြင်းပင်ဖြစ်ကြောင်း၊ အဝတ်အစားကင်းမဲ့စွာ သတ်ဖြတ်ထားသော အမေရိကန်တို့၏လုပ်ရပ်သည် အရှက်တရားကြီးမားသော အာရပ်ကမ္ဘာကို စော်ကားလိုက်ခြင်းပင်ဖြစ်ပြီး မိမိတို့မှာ အလွန်ဒေါသ ထွက်ခဲ့ကြရကြောင်း၊ အမေရိကန်တို့၏ လူမဆန်စွာ ပြုမူဆက်ဆံမှုသည် ပေါ်လွင်နေကြောင်း အာရပ်ပြည်သူများက ဒေါသတကြီး ရှုတ်ချ ပြောကြားလျက်ရှိသည်။

လူမဆန်စွာပြုမူ

ဒေသတွင်း ဒီမိုကရေစီရရှိအောင် ကြိုးပမ်းနေသည်ဆိုသော အမေရိကန်တို့၏ လူမဆန်စွာ ပြုမူဆက်ဆံမှုကို အာရပ်ပြည်သူအများက ဒေါသတကြီးရှုတ်ချ ပြောကြားလျက်ရှိသည်။ ဒေသတွင်း၌ ဒီမိုကရေစီရရှိကြောင်း၊ ဒေသတွင်းဒီမိုကရေစီရရှိအောင် ကြိုးပမ်းနေကြောင်း၊ အမေရိကန်တို့၏ အဆိုသည်လည်း ဤရုပ်ပုံများဖြင့် လုံးဝဆိုးရွားစွာ ပျက်စီးသွားခဲ့ပြီဖြစ်ကြောင်း လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့မှ သုတေသီတစ်ဦးက ပြောကြားသည်။

ထိုးနှက်ချက်တစ်ရပ်

အာရပ်သတင်းစာခေါင်းစီးများ၌ သိမ်းပိုက်ထားသော အမေရိကန်တို့၏ အီရတ်အကျဉ်းသားများအပေါ် ကျူးလွန်နေသည့်ပြစ်မှုများကို ထုတ်ဖော်ရေးသားထားပြီး ဓာတ်ပုံများနှင့် ယှဉ်တွဲဖော်ပြထားခြင်းသည် အမေရိကန်နှင့် ၎င်းတို့၏ အီရတ်နိုင်ငံသိမ်းပိုက်မှုအပေါ် ဆန့်ကျင်နေသူများအတွက် အမေရိကန်တို့အပေါ် ထိုးနှက်ချက် အသစ်တစ်ရပ် ဖြစ်ပေါ်လာပြီဖြစ်သည်ဟု ဆိုသည်။

(စီအင်န်အင်န်)

တရုတ်နှင့်ဂျာမနီနှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံရေးဆွေးနွေး

ဘာလင် မေ ၅

တရုတ်နိုင်ငံဝန်ကြီးချုပ် ဝမ်ကျားပေါင်သည် ၎င်း၏ ဥရောပခရီးစဉ် တစ်စိတ်တစ်ပိုင်းအနေဖြင့် ဂျာမနီနိုင်ငံသို့ ရောက်ရှိ လည်ပတ်ခဲ့သည်။ ၎င်းသည် ဂျာမနီ ခေါင်းဆောင် ဂါးဟတ်ရှရိုးဒါးနှင့် တွေ့ဆုံကာ နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးမြှင့်ရေးကို ရည်ရွယ်သော သဘာတူညီချက်ကို ရရှိခဲ့သည်။

လာမည့် ၂၀၁၀ ပြည့်နှစ် ဂျာမနီနိုင်ငံ၏ ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ဘီလီယံ ၄၀ အထိ ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း သိရသည်။ နှစ်နိုင်ငံခေါင်းဆောင်များ တွေ့ဆုံခဲ့ကြရာတွင် ဖွံ့ဖြိုးတိုးတက်သော စီးပွားရေးဆက်သွယ်မှုများ တိုးမြှင့်လုပ်ကိုင်ရေးအပြင် နိုင်ငံတကာနှင့် ဒေသရေးရာများနှင့် သက်ဆိုင်သော နည်းလမ်းများကို ဆွေးနွေးခဲ့ကြသည်။

(စီစီတီဗွီ)

တတိယမြောက် ကနေဒါနိုင်ငံသား အီရတ်နိုင်ငံ၌ ပြန်ပေးဆွဲခံရ

အော့တဝါ မေ ၄

တတိယမြောက် ကနေဒါနိုင်ငံသားတစ်ဦး အီရတ်၌ ပြန်ပေးဆွဲခံရကြောင်း ကနေဒါနိုင်ငံက တနင်္လာနေ့၌ ပြောကြားလိုက်ပြီး ထိုကနေဒါနိုင်ငံသားအား လွှတ်ပေးရန် တောင်းဆိုလိုက်သည်။

အီရတ်နှင့် ကနေဒါနိုင်ငံသားအဖြစ်ခံထားသော နာကျီအယ်လ်ကူဝေတီသည် အီရတ်၌ သွင်းကုန်ထုတ်ကုန်လုပ်ငန်း လုပ်ကိုင်နေသူတစ်ဦးဖြစ်ကြောင်း၊ ၎င်းသည် လွန်ခဲ့သည့် ဗုဒ္ဓဟူးနေ့၌ ဘဂ္ဂဒက်တွင် ပြန်ပေးဆွဲခံခဲ့ရကြောင်း ကနေဒါနိုင်ငံခြားရေးဝန်ကြီးဌာန အရာရှိတစ်ဦးက ပြောကြားသည်။

ယုံကြည်

နာကျီဘယ်လ်ကူဝေတီသည် ကျန်းမာ အသက်ရှင်လျက်ရှိသည်ဟု မိမိတို့ယုံကြည်ကြောင်း၊ စေ့စပ်ဆွေးနွေးမှုမှ မိမိတို့အနေဖြင့် ဆုံးဖြတ်ချက်တစ်ရပ်ရမည်ဟု မျှော်လင့်ထားကြောင်း ပြည်ပ၌ ဒုက္ခကြုံရသော ကနေဒါနိုင်ငံသားများအရေးကိစ္စကို ဆောင်ရွက်ရသော ဒန်မက်တစ်ဂ်က ပြောကြားသည်။

အဆိုပါ ကနေဒါနိုင်ငံသား လွှတ်မြောက်ရေးကို မိမိတို့ တောင်းဆိုကြောင်း၊ အကျိုးအကြောင်းတစ်စုံတစ်ရာ ရှင်းလင်းပြောဆိုခြင်းမရှိဘဲ မည်သည့်နိုင်ငံသားများ ပြန်ပေးဆွဲခံရမှုသည် လက်ခံနိုင်စရာမဟုတ်ကြောင်း မက်တစ်ဂ်က သတင်းထောက်များကို ပြောကြားသည်။

ပျောက်ဆုံး

ကနေဒါအရာရှိများသည် ဧပြီ ၈ ရက်၌ အဘူဂါရိပ်နှင့် ဘဂ္ဂဒက်ကြားတွင် ပျောက်ဆုံးခဲ့သော အသက် ၄၁ နှစ်ရှိ မိုဟာမက်ရီဖက် လွတ်မြောက်ရေး ကြိုးပမ်းလျက်ရှိသည်။

ကနေဒါ လူသားအကျိုးပြုလုပ်ငန်း ဆောင်ရွက်သူ ဖာဒီဖေဒယ်သည်လည်း လွန်ခဲ့သည့်လ၌ ပြန်ပေးဆွဲခံခဲ့ရပြီး တစ်ပတ်အကြာ၌ ပြန်လွတ်လာခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

အီရတ်အကျဉ်းသားများကို ညှဉ်းပန်းနှိပ်စက်မှု စစ်ဘက်အကြီးအကဲများကို ထိရောက်စွာအရေးယူသင့်

ဝါရှင်တန် မေ ၄

အမေရိကန်တို့ ဖမ်းဆီးထိန်းသိမ်းထားသော အီရတ်အကျဉ်းသားများအား အမေရိကန်တပ်ဖွဲ့ဝင်များက နှိပ်စက်ညှဉ်းပန်းသတ်ဖြတ်မှု သတင်းများနှင့် ပတ်သက်ပြီး အမေရိကန် အထက်လွှတ်တော်အတွင်း ဝေဖန်ပြစ်တင်ပြောကြားမှုများ ပေါ်ပေါက်လာပြီး နောက်တစ်ခါ ထပ်မံမဖြစ်ပွားရအောင် ယင်းကိစ္စ၌ ပါဝင်ပတ်သက်သည်ဟု သံသယရှိသော စစ်ဘက်ဆိုင်ရာ တာဝန်ရှိသူများကိုသာ အပြစ်ပေးရန် အမိန့်ချမှတ်ခြင်းမဟုတ်ဘဲ သက်ဆိုင်ရာ အထက်အရာရှိကြီးများက ကိုယ်တိုင် ပါဝင်ကိုင်တွယ်ဖြေရှင်းသင့်ကြောင်း ပြစ်တင်ပြောကြားလျက်ရှိသည်။

အမေရိကန်အထက်လွှတ်တော် အမတ်တစ်ဦးဖြစ်သူ ဂျိန်းဟာမင်းက သမ္မတကိုယ်တိုင် အမှုကို ကိုင်တွယ်ကာ သက်ဆိုင်နေသော စစ်ဘက်အကြီးအကဲများကို စုံစမ်းစစ်ဆေးမှုများ ထိရောက်စွာ ဆောင်ရွက်သင့်ကြောင်း ပြောကြားခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

မေ ၃ ရက်က ဘာဆာရာမြို့တွင် လုံခြုံရေးစောင့်ကြပ်နေသော ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

စပိန်တပ်ဖွဲ့ဝင်များ အီရတ်သို့ ပြန်လည်စေလွှတ်တော့မည်မဟုတ်ကြောင်း

စပိန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မိုရာတီနို့စ်ပြောကြား

မက်ဒရစ် မေ ၄

ဇွန် ၃၀ ရက်တွင် အီရတ်တို့အား အုပ်ချုပ်ရေးလွှဲပြောင်းပေးမည့် အမေရိကန်တို့၏ အစီအစဉ်ဆောင်ရွက်ပြီးနောက်ပိုင်းကုလသမဂ္ဂ၏ အမိန့်အာဏာဖြင့် နိုင်ငံပေါင်းစုံတပ်ဖွဲ့ ဖွဲ့စည်းခဲ့လျှင်လည်း စပိန်တပ်ဖွဲ့ဝင်များ အီရတ်သို့နောက်ထပ်ပြန်လည်စေလွှတ်တော့မည်မဟုတ်ကြောင်း စပိန်နိုင်ငံခြားရေးဝန်ကြီးမီဂယ်အင်ဂယ်မိုရာတီနို့စ်က တနင်္လာနေ့တွင် ပြောကြားလိုက်သည်။

အီရတ်နိုင်ငံရှိ အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့မှ စပိန်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းရန် စပိန်ဝန်ကြီးချုပ်သစ်ဂျို့စ်လူ့စ်ရိုဒရီဂေါ့ဇာပါတီရိုက အမိန့်ပေးခဲ့သဖြင့် စပိန်တပ်ဖွဲ့ဝင်များအီရတ်မှ ယခုအခါပြန်လည်ရုပ်သိမ်းခဲ့ပြီ ဖြစ်သည်။ ထိန်းမနိုင်သိမ်းမရဖြစ်နေသော အီရတ်နိုင်ငံတွင် လုံခြုံရေးနှင့်တည်ငြိမ်ရေး ပိုမိုတိုးတက်ကောင်းမွန်စေရန် နိုင်ငံပေါင်းစုံပါဝင်သော တပ်ဖွဲ့ဖွဲ့စည်းရေးကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက ခွင့်ပြုလိမ့်မည်ဟုမျှော်လင့်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်က တနင်္ဂနွေနေ့တွင် ပြောကြားလိုက်သည်။

သို့သော်လည်း စပိန်နိုင်ငံခြားရေးဝန်ကြီး မိုရာတီနို့စ်က အီရတ်တွင် ကုလသမဂ္ဂကအပြည့်အဝတာဝန်ယူခဲ့လျှင်သော်လည်းကောင်း၊ အီရတ်တို့အား အချုပ်အခြာအပြည့်အဝပြန်လည်ပေးအပ်ခဲ့လျှင်သော်လည်းကောင်း စပိန်နိုင်ငံအနေဖြင့် အီရတ်ကိစ္စတွင် ပါဝင်ဆောင်ရွက်မှုပြုလုပ်တော့မည် မဟုတ်ကြောင်း ပြောကြားလိုက်သည်။

အမ်အင်အေ၊ ရိုက်တာ

မေ ၄ရက်က ဘဂ္ဂဒက်မြို့ရှိ အဘူဂါရိုပ် အကျဉ်းစခန်းအပြင်ဘက်တွင် လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်အနောက်ဘက်၌ ပြောက်ကျားတို့တိုက်ခိုက်မှု အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံး

ဘဂ္ဂဒက် မေ ၄

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့အနောက်ဘက်ရှိ အယ်အင်ဘာပြည်နယ်တွင် သီးခြားတိုက်ခိုက်ခံရမှုနှစ်ရပ်ကြောင့် အမေရိကန်မရိန်းတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးသွားကြောင်း အမေရိကန်စစ်ဘက်က တနင်္လာနေ့တွင် ပြောကြားသည်။

ဖော်လူဂျာမြို့တွင် ဖြစ်ပွားနေသော တိုက်ခိုက်မှုများနှင့် ဆက်စပ်နေသည့် နေရာဒေသများတွင် အပါအဝင်ဖြစ်သည့် အယ်အင်ဘာတွင် တိုက်ခိုက်ခံရမှုကြောင့် အဆိုပါ အမေရိကန်မရိန်းတပ်ဖွဲ့ဝင်များ သေဆုံးခဲ့ရခြင်းဖြစ်သည်။

သေဆုံး

ထို့ပြင် ဘဂ္ဂဒက်မြို့တောင်ဘက်တွင်လည်း အီရတ်ပြောက်ကျားတို့က လက်နက်ငယ်များနှင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့သည်။

အဆိုပါ သေဆုံးသွားသည့် အမေရိကန်တပ်ဖွဲ့ဝင်သည် အယ်အင်ဘာတွင် ညဘက်နေအိမ်များကို စီးနင်းရှာဖွေစဉ်အတွင်း ပစ်ခတ်ခံရခြင်းကြောင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

အီရတ်စစ်ပွဲစတင်ခဲ့သည့် ၂၀၀၃ခုနှစ် မတ်လမှစ၍ တိုက်ခိုက်ခံရမှုကြောင့် ယခုအချိန်ထိ အမေရိကန်တပ်ဖွဲ့ဝင် ၇၅၆ ဦးသေဆုံးခဲ့ပြီဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ

အုပ်ချုပ်ရေးလွှဲပြောင်းပြီးနောက် ပဋိပက္ခများဖြစ်လာမည်ကို

အီရတ်ပြည်သူများအားလုံး စိုးရိမ်ပူပန်လျက်ရှိ

ဘဂ္ဂဒက် မေ ၄

အီရတ်နိုင်ငံ၌ အမေရိကန်ဦးဆောင်သောတပ်ဖွဲ့များက အီရတ်အိမ်စောင့်အစိုးရထံ အုပ်ချုပ်ရေး လွှဲပြောင်းပေးရန် ရက်ပေါင်းခြောက်ဆယ်သာလိုတော့ပြီး အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံဖြစ်လာတော့မည် ဖြစ်သော်လည်း အစိုးရသစ်တစ်ရပ်အနေဖြင့် အချုပ်အခြာအာဏာကို အကန့်အသတ်ဖြင့် ပိုင်ဆိုင်ရမည်ဖြစ်ကြောင်း သိရသည်။

အီရတ်ပြည်သူများ အနေဖြင့်လည်း အုပ်ချုပ်ရေး လွှဲပြောင်းခြင်းအပေါ် မျှော်လင့်ချက်ကို လွန်စွာထားရှိခြင်းမရှိကြောင်း သိရသည်။

ဇွန် ၃၀ရက်နောက်ပိုင်း၌ အီရတ်အစိုးရသစ်နှင့် ဘာတွေဖြစ်လာပြီး ဘယ်လိုအခြေခံဥပဒေ ပေါ်ပေါက်လာမည်ဆိုသည်ကို လူတိုင်းစိတ်မဝင်စားကြသော်လည်း အုပ်ချုပ်ရေးလွှဲပြောင်းပြီးနောက် ပဋိပက္ခများဖြစ်ပွားလာမည်ကိုမူ အားလုံးက စိုးရိမ်လျက်ရှိကြကြောင်း သိရသည်။

စိတ်ဝင်စား

ယခုအချိန်၌ အီရတ်ပြည်သူများသည် မိမိတို့အရေးကိုသာ စိတ်ဝင်စားလျက်ရှိကြသည်။ ဈေးဆိုင်ပိုင်ရှင်တစ်ဦးက ပြောကြားရာ၌ ၎င်း၏ရောင်းကုန် ပစ္စည်းများကို တူရကီမှတင်သွင်းရခြင်း ဖြစ်သည့်အတွက် ယခုရက်များအတွင်း အီရတ်နိုင်ငံ၌ အန္တရာယ်များကြားမှ ၎င်း၏ စီးပွားရေးအတွက် သွားလာလှုပ်ရှားနေရကြောင်း ပြောကြားခဲ့သည်။

စိုးရိမ်

ဘဂ္ဂဒက်မြို့တွင်းရှိ ဈေးဆိုင်တန်းများရှိရာ နေရာတစ်နေရာ၌လည်း အားလုံးသည် ပုံမှန်အနေအထားအတိုင်း သွားလာလှုပ်ရှားတည်ရှိနေကြသော်လည်း ဇွန် ၃၀ရက်နောက်ပိုင်း ဘာတွေထပ်ဖြစ်လာမည်ဆိုသည်ကို အားလုံးနီးပါး စိုးရိမ်လျက်ရှိနေကြကြောင်း သိရသည်။

ပြောကြား

အီရတ် ကလေးငယ်များကပင်လျှင် ဖော်လူဂျာနှင့် ပတ်သက်ပြီး စိုးရိမ်ထိတ်လန့်စွာ ပြောကြားလျက်ရှိနေသည်။ သို့သော်လည်း ယခုဘဂ္ဂဒက်ရပ်ကွက်များထဲရှိ ဒေသခံပြည်သူများသည် လာမည့်နှစ်လတာအချိန်အတွက် ကြိုတင်တွေးထင်ခြင်းထက် ယခုလက်ရှိအခြေအနေ၌ ရပ်တည်သွားနိုင်ဖို့ အတွက်သာ ပိုမိုစိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။

(စီအင်န်အင်န်)

အောင်ပွဲခံ

မေ ၄ရက်က ဖော်လူဂျာမြို့ကို ထိန်းချုပ်နိုင်ခဲ့သည်အတွက် အီရတ်အလံများလွှင့်ထူ၍ အောင်ပွဲခံပျော်ရွှင်နေသော အီရတ်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်၌ပဋိပက္ခများ ဆက်ဖြစ်ပွားနေမှု ကုလကြားဝင်ရန် အခြေအနေဖြစ်လာ

ကုလသမဂ္ဂ မေ ၃

အီရတ်နိုင်ငံ၌ ပဋိပက္ခများ ဆက်လက်ဖြစ်ပွားနေမှုသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်အနေဖြင့် ဝင်ရောက်ပြောကြားရန် အခြေအနေဖြစ်လာနေပြီး အထူးသဖြင့် သတ်မှတ်ထားသော ဇွန် ၃၀ ရက်၌ အီရတ်ကြားဖြတ် အစိုးရထံ အမေရိကန်တို့က အာဏာလွှဲပြောင်းပေးရန်ကိစ္စဖြစ်သည်။

အီရတ် အရေးကိစ္စ၌ ကုလသမဂ္ဂအနေဖြင့် မည်မျှထိ ကျယ်ပြန့်သော အခန်းကဏ္ဍမှ ပါဝင်မည်ဆိုသည်ကို ကွဲကွဲပြားပြား မသိရှိရသေးဘဲ ဖြစ်နေသည်။

တိုက်တွန်း

အမေရိကန်နှင့် ဗြိတိန်တို့အချုပ်အခြာအာဏာကို အပြီးသတ်ပြန်လည် လွှဲအပ်ရန် အာနန်ကိုယ်တိုင်က တိုက်တွန်းပြောကြားလိုက်ပြီး မည်သည့် ကြားဖြတ်အစိုးရမဆို ဩဇာအာဏာအကန့်အသတ်ဖြင့်ထားရှိရန်ပြောကြားခဲ့သည်။

ထို့အပြင် ၎င်းကြားဖြတ်အစိုးရသည် ၂၀၀၅ခုနှစ် ဇန်နဝါရီလ ရွေးကောက်ပြီးနောက် ရွေးချယ်တင်မြှောက်ခြင်းခံရသော အစိုးရတက်လာမည့် အချိန်အထိ တာဝန်ယူထားရမည်ဖြစ်ကြောင်း အာနန်က ပြောကြားခဲ့သည်။

(စီအင်န်အင်န်)

သိပ္ပံပညာနှင့်တီထွင်မှု နယ်ပယ်တွင် ကန်တို့ အခန်းကဏ္ဍလျော့ကျ

ဝါရှင်တန် မေ ၅

သိပ္ပံပညာနှင့် တီထွင်မှုနယ်ပယ်တွင် အမေရိကန်နိုင်ငံသည် ဦးဆောင်မှု အခန်းကဏ္ဍမှ လျော့ကျသွားခဲ့သည်ကို အမေရိကန် ပညာရှင်များက စိုးရိမ်နေကြသည်ဟု သိရသည်။

မရရှိ

အမေရိကန်နိုင်ငံသည် သိပ္ပံကဏ္ဍတွင် ဒေါ်လာတစ်ဘီလီယံခန့် ရင်းနှီးမြှုပ်နှံမှုပြုထားသော်လည်း အောင်မြင်မှုရလဒ်များ မရရှိသေးကြောင်း ပညာရှင်များက ပြောကြားနေကြသည်။

နောက်ကျနေ

သုတေသနစာတမ်းများ တင်ပြရာတွင်လည်း ယခင်ကထက် တစ်ဝက်ခန့် လျော့ကျသွားကာ ၄က်ဖျားရောဂါသုတေသနကဲ့သို့ လုပ်ငန်းများမှာလည်း နောက်ကျနေကြောင်း ထောက်ပြသည်။ နိုင်ငံတကာဆုများ ရရှိမှုတွင်လည်း အာရှဒေသမှ သိပ္ပံပညာရှင်များက ဦးဆောင်နေကြောင်း သိရသည်။

(စီအင်န်အင်န်)

ကြည့်ရှုစစ်ဆေး

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ ပုဂံညောင်ဦးလေဆိပ် လေယာဉ်ပြေးလမ်း တိုးချဲ့ တည်ဆောက်ရေးလုပ်ငန်းခွင်တွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

ပုဂံညောင်ဦးလေဆိပ်လေယာဉ်ပြေးလမ်း တိုးချဲ့တည်ဆောက်ရေး ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၅

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေသည် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမောင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ပုဂံညောင်ဦးလေဆိပ်သို့ ရောက်ရှိသည်။

ဝန်ကြီးအား ပုဂံညောင်ဦးလေဆိပ် လေယာဉ်ပြေးလမ်းတိုးချဲ့တည်ဆောက်ရေး လုပ်ငန်းခွင် ရှင်းလင်းဆောင်၌ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန အင်ဂျင်နီယာမှူး ဦးကျော်စိုးနှင့်ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမောင်တို့က ဖြည့်စွက် ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် လေယာဉ်ပြေးလမ်း တောင်ဘက်တွင် စက်ယန္တရားများဖြင့် အပြီးသတ်နိုင်လွှန်ကတ္တရာ ခင်းနေမှုကိုလည်းကောင်း၊ လေယာဉ်ပြေးလမ်း ထပ်ပိုးလွှာ ခင်းပြီးမှုအား လည်းကောင်း၊ လေယာဉ်ပြေးလမ်း မြောက်ဘက် ပေ ၂၅၀ X ၂၅၀ လေယာဉ်ရပ်နား နေရာ တည်ဆောက်ပြီးစီးမှုကိုလည်းကောင်း မော်တော်ယာဉ်ဖြင့်သွားရောက်ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ဝန်ကြီးသည် လေဆိပ်အဆောက်အအုံ တိုးချဲ့တည်ဆောက် ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် မကွေးတိုင်း စလင်းမြို့နယ် တညောင်မြစ်ရေတင်စီမံကိန်းသို့ရောက်ရှိပြီး မြစ်ရေတင်စက်များ ရေရရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် ပုဂံလောကနန္ဒာ လျှပ်စစ်မြစ်ရေတင် စီမံကိန်းသို့ ရောက်ရှိပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးသည်။

ထို့နောက် မြစ်ရေတင်စက်များ၏ ဝန်းကျင်မြစ်ကြောင်း အခြေအနေကို သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကာကွယ်ရေးဦးစီးချုပ်(လေ)တံခွန်စိုက်ဒိုင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် မေ ၅

၂၀၀၄ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ)တံခွန်စိုက်ဒိုင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲဖွင့်ပွဲကို ယမန်နေ့ နံနက် ၈ နာရီက မိတ္ထီလာမြို့ ရှမ်းတဲ လေကြောင်းအတတ်သင် လေတပ် စခန်းရှိ သူရအုန်းခိုင်ခန်းမ၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား လေကြောင်းအတတ်သင် လေတပ်စခန်း လေတပ်စခန်းမှူး ဗိုလ်မှူးချုပ်ခင်မောင်တင် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားပြီး ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ အမှတ်(၉၉) ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးကြီးတင်ဦးလွင်၊ မိတ္ထီလာ တပ်နယ် တပ်နယ်မှူး ဗိုလ်မှူးချုပ်ခင်မောင်အေး၊ မြေပြင်အတတ်သင် လေတပ်စခန်းလေတပ်စခန်းမှူး ဗိုလ်မှူးကြီး သူရခင်မောင်ဝင်း၊ လေကြောင်းအတတ်သင်လေတပ်စခန်းနှင့် မြေပြင်အတတ်သင် လေတပ်စခန်းတို့မှ ဒုတိယလေတပ်စခန်းမှူး၊ အုပ်မှူး၊ တပ်မှူး၊ ဌာနမှူးများ၊ အရာရှိစစ်သည်များနှင့် ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

ပြိုင်ပွဲတွင် လေတပ်စခန်းဌာနချုပ်၊ လေတပ်စခန်း၊ အုပ်၊ တပ်များမှ ပြိုင်ပွဲဝင်အသင်းများ ပါဝင် ယှဉ်ပြိုင်ကြပြီး ဖွင့်ပွဲအဖြစ် မင်္ဂလာဒုံ လေတပ်စခန်းဌာနချုပ်အသင်းနှင့် လေကြောင်းအတတ်သင် လေတပ်စခန်း အသင်းတို့ ယှဉ်ပြိုင်ကစားကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေပြည်ငြိမ်းအေးဓမ္မရိပ်သာ ငွေရတနာပန်းကျောင်းတိုက်လှူဒါန်းရေစက်ချ

ရန်ကုန် မေ ၅

ပဲခူးတိုင်း(အနောက်ပိုင်း) ရွှေတောင်မြို့နယ် နွားမယံစံပြကျေးရွာအုပ်စု ဆင်မကြပ်ကျေးရွာ ရေးဟောင်းသမိုင်းဝင်ရှင်လိုဏ်ဂူဘုရား၊ ရွှေပြည်ငြိမ်းအေးဓမ္မရိပ်သာအတွင်းရှိ ငွေရတနာပန်းကျောင်းတိုက်အား သာသနိကအဆောက်အအုံအဖြစ် လှူဒါန်း ရေစက်ချမင်္ဂလာအခမ်းအနားကို မေ ၁ ရက်နံနက် ၇နာရီက အဆိုပါကျောင်းတိုက်၌ ကျင်းပရာ ပြည်မြို့ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယကဆရာတော် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလဇောတိ အမှူးပြုသော ဆရာတော် သံဃာတော်များကြွရောက်တော်မူကြပြီး ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(အနောက်ပိုင်း/တိုင်းခွဲ) ဥက္ကဋ္ဌဗိုလ်မှူးကြီးလှမင်းနှင့်ကောင်စီဝင်များ၊ တိုင်း၊ ခရိုင်၊ မြို့ နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းဒါယကာ ဦးအောင်ကြည်၊ ကျောင်းဒါယိကာမ သုဓမ္မသီဂီဒေါ်ရင်ကြွေ(ငွေရတနာပန်း)မိသားစုနှင့်ဖိတ်ကြားထားသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ယင်းနောက် ဗိုလ်မှူးကြီးလှမင်းက သာသနာရေးဆိုင်ရာများလျှောက်ထားပြီး တာဝန်ရှိသူများ၊ အလှူရှင်များနှင့်အတူဆရာတော်သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တကုဏ္ဍလဇောတိထံမှ အနုမောဒနာ တရားတော်နာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေပြီး အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ် ဆိုဆုတောင်းရုပ်သိမ်းလိုက်သည်။ အဆိုပါ ကျောင်းဆောင်သစ်အား ကျောင်းဒါယကာ ဦးအောင်ကြည်၊ ကျောင်းဒါယိကာမ သုဓမ္မသီဂီဒေါ်ရင်ကြွေ (ငွေရတနာပန်း) မိသားစုက ငွေကျပ်သိန်း ၃၀၀ အကုန်ကျခံ ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မေ ၅ ရက်က နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင် နိုင်ငံခြားရေးဝန်ကြီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အခြေခံ သံတမန်ရေးရာ ကျွမ်းကျင် သင်တန်း အမှတ်စဉ်(၁၀/၂၀၀၄) ဆင်းပွဲအခမ်းအနားတွင် သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်ပေးအပ်စဉ်။ (သတင်းစဉ်)

မြန်မာဘရူဝါရီလီမိတက် မဟာကံထူးရှင်ရွေးချယ်ပွဲကျင်းပ

ရန်ကုန် မေ ၅

မြန်မာဘရူဝါရီလီမိတက် (၅) ကုဋေပြည့် ကံစမ်းမဲအထူး အစီအစဉ်၏ မဟာကံထူးရှင် ရွေးချယ်ပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Grand Plaza Parkroyal Hotel ၌ ကျင်းပရာ မြန်မာဘရူဝါရီလီမိတက် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ အရောင်း ကိုယ်စားလှယ်များ၊ စာနယ်ဇင်းများမှ ပုဂ္ဂိုလ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာဘရူဝါရီလီမိတက် ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး မောင်မောင်အေး(**အောက်ပုံ**)က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး အရောင်း မန်နေဂျာ ဦးမြင့်ဇော်က မဟာကံထူးရှင်ရွေးချယ်ပေးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသော စာနယ်ဇင်းများမှ ပုဂ္ဂိုလ်များက (၅)ကုဋေပြည့် ကံစမ်းမဲ အထူးအစီအစဉ်၏ မဟာကံထူးရှင်များအား မဲနှိုက်ရွေးချယ်ပေးကြပြီး မြန်မာဘရူဝါရီ လီမိတက်မှ General Manager, Mr. David Tang က ကျေးဇူးတင်စကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယခုကျင်းပသည့် နောက်ဆုံးအကြိမ် မဟာကံထူးရှင်ရွေးချယ်ပွဲတွင် တစ်နိုင်ငံလုံးမှ သုံးစွဲသူများအတွက် ပထမဆုငွေကျပ်သိန်း ၅၀ ဆု၊ ဒုတိယဆုငွေကျပ် ၂၅ သိန်းဆု၊ တတိယဆု ငွေကျပ် ၁၅ သိန်းဆုနှင့် ငွေကျပ် ၁၀ သိန်းဆု၊ ငွေကျပ်ငါးသိန်းဆုနှင့် ငွေကျပ်တစ် သိန်းဆုများ အပါအဝင် ဆုမဲပေါင်း ၁၈ ဆု အတွက် ဆုငွေစုစုပေါင်းချီးမြှင့်ငွေမှာ ငွေကျပ် ၂၄၅ သိန်းဖြစ်သည်။ **(သတင်းစဉ်)**

အိုင်အယ်လ်ဘီစီဖလား အလွတ်တန်းပိုက်ကျော်ခြင်း Regu ပြိုင်ပွဲ ရန်ကုန်တွင်ကျင်းပမည်

ရန်ကုန် မေ ၅

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ၏ လမ်းညွှန်ချက်အရ ၂၀၀၄ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်ကကြီးမှူး၍ ILBC ဖလား အလွတ်တန်းပိုက်ကျော်ခြင်း Regu ပြိုင်ပွဲကို ရန်ကုန်မြို့ ILBC အားကစားရုံ အမှတ် ၉၉၉၊ သုမင်္ဂလာအိမ်ရာ(သုဝဏ္ဏ)တွင် ဇွန် ၂၇ ရက်မှ ၃၀ ရက်အထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲသို့ စခန်းသွင်း လေ့ကျင့်နေသော မြန်မာ့လက်ရွေးစင် ပိုက်ကျော်ခြင်းအားကစားသမားများ ပါဝင်ယှဉ်ပြိုင်ခွင့်မရှိကြောင်းနှင့် အသင်းဝင်ကြေး ကျပ်တစ်ထောင် သတ်မှတ်ထားသည်။

ဆုကြေးအဖြစ် ပထမဆု ကျပ်နှစ်သိန်း၊ ဒုတိယဆု ကျပ်တစ်သိန်းငါး သောင်း၊ တတိယဆု ကျပ်တစ်သိန်း၊ စတုတ္ထဆုကျပ် ငါးသောင်း ချီးမြှင့်မည်။ ပါဝင်ယှဉ်ပြိုင်လိုသည့် အသင်းများသည် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်ရုံးနှင့် ILBC ရုံး သုဝဏ္ဏသို့ ဇွန်၂၅ရက်နောက်ဆုံးထား၍ စာရင်းပေးသွင်းရန်နှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၅၇၇၄၆၁၊ ၅၇၈၁၇၁ တို့သို့ စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)



ကလေးသူငယ်နား

မီးမထားရ

ဒေသခံတိုင်းရင်းသားပြည်သူများ လူနေမှုဘဝမြင့်မားရေး စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်

■ **ရှေ့ဖုံးမှ**

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်းနှင့် စစ်ဘက်နယ်ဘက်မှ အရာရှိများက ကြိုဆိုကြသည်။

ထိုမှတစ်ဆင့်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်မြို့သို့ရောက်ရှိရာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ကျောက်မဲခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မိုးမိတ်မြို့ ခန်းမ၌ မိုးမိတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မဘိမ်းမြို့နယ်အတွက် ထောက်ပံ့ရေးပစ္စည်းများကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌအား ပေးအပ်စဉ်။

(သတင်းစဉ်)

ရှင်းလင်းတင်ပြ

အစီအစဉ်အရ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် မိုးမိတ်နှင့် မဘိမ်းမြို့နယ်များ၏ တည်နေရာနှင့် အကျယ်အဝန်း၊ လူဦးရေ၊ မိုးမိတ်မြို့နယ်နှင့် မဘိမ်းမြို့နယ်များ၏ စိုက်ပျိုးရေးနှင့် ဒေသဝမ်းစာဖူလုံမှုအခြေအနေ၊ သစ်ထုတ်လုပ်ငန်းအခြေအနေ၊ သဘာဝသယံဇာတများ ရှာဖွေနိုင်မှု၊ ပညာရေး၊ ကျန်းမာရေး၊ လမ်း၊ တံတားလုပ်ငန်း၊ တာတမံလုပ်ငန်းများအပါအဝင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မိုးမိတ်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်က မြို့နယ်၏ စိုက်ပျိုးရေးလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေး လုပ်ငန်းများနှင့် လမ်းပန်းဆက်သွယ်ရေး ဆောင်ရွက်မှု အခြေအနေနှင့် လုပ်ငန်းလိုအပ်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် စိုက်ပျိုးရေး၊ ဆည်မြောင်း၊သစ်တော၊ ပညာရေး၊ ကျန်းမာရေး၊ ဆောက်လုပ်ရေးလုပ်ငန်းများနှင့် သက်ဆိုင်သည့် ခရိုင်နှင့်မြို့နယ်အဆင့် တာဝန်ရှိသူများက မိမိတို့သက်ဆိုင်ရာ ကဏ္ဍအလိုက် လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေနှင့် လုပ်ငန်းလိုအပ်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ ကျောက်မဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိုးဝင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းတံတားလုပ်ငန်း၊ ဆည်မြောင်းလုပ်ငန်းများ အပါအဝင် ကဏ္ဍအလိုက် မြို့နယ်တာဝန်ခံများ၏ ဆောင်ရွက်နေမှုနှင့် ပတ်သက်ပြီး သိလိုသော အချက်များကိုမေးမြန်း၍ ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကား ပြောကြားရာတွင် ယနေ့မိမိနှင့်အတူ ဒေသတာဝန်ခံ၊ တိုင်းမှူး၊ အစိုးရအဖွဲ့အဖွဲ့ဝင် ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ လိုက်ပါလျက် ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်မြို့သို့ လာရောက်ပြီး မိုးမိတ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသနေ ပြည်သူများ၏ လူနေမှုအဆင့် တိုးတက်မြင့်မားရေးတို့အတွက် နိုင်ငံတော်အပိုင်းက ပံ့ပိုးဆောင်ရွက်ပေးဖွယ်ရာများကို ပံ့ပိုးပေးရန် လာရောက်ကြခြင်း ဖြစ်ကြောင်း။

ယခုမြို့နယ်မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံဆွေးနွေးပြီး မြို့နယ်၏ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးအပါအဝင် ဒေသဖွံ့ဖြိုးရေးတိုးတက်ဖြစ်ထွန်းစေရန် ပံ့ပိုးပေးဖွယ်ရာများကို ဖြည့်ဆည်းပေးခဲ့ပြီးဖြစ်ကြောင်း။

မိမိတို့ နိုင်ငံတော်တာဝန်စတင်ယူစဉ်ကပင် နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းမှု ရရှိအောင် ဆောင်ရွက်ခဲ့ပြီး တည်ငြိမ်အေးချမ်းမှု ရရှိလာသည်နှင့်အမျှ ဖွံ့ဖြိုးမှု နောက်ကျနေခဲ့သည့် နယ်စပ်အစွန်အဖျား ဒေသများ အမြန်ဆုံး ဖွံ့ဖြိုးတိုးတက်လာစေရန် အင်နှင့်အားနှင့် ကြိုးပမ်းဆောင်ရွက်ပေးခဲ့ပြီး တစ်ချိန်တည်းမှာပင် မူးယစ်ဆေးဝါး ပပျောက်ရေး စီမံကိန်းများကို ချမှတ်ဆောင်ရွက်ခဲ့ကြောင်း။

ရပ်မိရပ်ဖများအားတွေ့ဆုံ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မိုးမိတ်မြို့ခန်းမတွင် မိုးမိတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ဤကဲ့သို့ ဆောင်ရွက်မှုကြောင့် နယ်စပ်ဒေသများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုး တိုးတက်လာသည့် နည်းတူ ကျန်ဒေသများတွင်လည်း ဖွံ့ဖြိုးမှု နောက်ကျပြီး ကွက်လပ်အဖြစ် ကျန်မနေရအောင် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခု သတ်မှတ်ပြီး ဆောင်ရွက်ပေးလျက်ရှိကြောင်း။

လုပ်ငန်းစဉ်ငါးရပ်

ထိုကဲ့သို့ နယ်စပ်ဒေသဖွံ့ဖြိုးရေး စီမံကိန်းများနှင့် ဖွံ့ဖြိုးရေးဒေသ၂၄ခု စီမံကိန်းများချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရင်း တစ်ဆက်တည်းမှာပင် ကျေးလက်ဒေသအားလုံး ဖွံ့ဖြိုးတိုးတက်လာစေရန် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ် ငါးရပ်ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း။

ကျေးလက်ဒေသများ အလျင်အမြန် ဖွံ့ဖြိုးလာစေရန် အဓိက အကောင်အထည်ဖော် ဆောင်ရွက်ကြရမည့်သူများမှာ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ခံများပင် ဖြစ်ကြောင်း။

ကျင့်ကြံအားထုတ်

နိုင်ငံတော်က ချမှတ်ပေးထားသည့် စီမံကိန်းများ၊ ရည်မှန်းချက်များ အောင်မြင်အောင် အကောင်အထည်ဖော်ရမည့်သူများမှာ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ခံများပင် ဖြစ်ကြောင်း၊ မိမိတို့မြို့နယ်အတွင်း ကျေးလက်ဒေသများသို့ အရောက်သွားပြီး ကျေးလက်ဒေသနေ ပြည်သူများ၏ သဘောထားနှင့် လိုလားချက်များကို ကိုယ်တိုင် သိရှိအောင် လေ့လာပြီး ဆောင်ရွက်သင့် ဆောင်ရွက်ပေးဖွယ်ရာများကို ဖြည့်ဆည်းဆောင်ရွက်ရင်း ပြည်သူများ၏ လေးစားအားကိုးမှု ရရှိ

မြန်မာ–ထိုင်းပူးပေါင်းဆောင်ရွက်မှု MICT Park ၌ ကျင်းပမည်

ရန်ကုန် မေ ၅

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် (MCF)နှင့် ထိုင်းနိုင်ငံ National Electronics and Computer Technology Center(NECTEC) တို့၏ ပူးပေါင်းဆောင်ရွက်မှု အစီ အစဉ်အရ Myanmar-Thai Co-Workshop on Myanmar Language Implementation ကို ရန်ကုန်မြို့ လှိုင်တက္ကသိုလ်နယ်မြေ MICT Park ၌ မေ ၇ ရက်တွင် ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူတိုင်း မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် ရုံးခန်း၌ ရုံးချိန်အတွင်း မေ ၆ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်း နိုင်ကြောင်းနှင့်အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်ရုံး ဖုန်း–၆၅၂၃၀၇၊ ၇၀၇၅၀၃တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အောင် စေတနာအား၊ ဝီရိယအားတို့ဖြင့် ပေါင်းစပ်ပြီး ပြည်သူများနှင့် တသားတည်း ကျင့်ကြံအားထုတ်ဆောင်ရွက်သွားကြရန်လိုကြောင်း။

ထို့ပြင် မြို့နယ်အတွင်းဖွဲ့စည်းထားသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ အရန်မီးသတ်တပ်ဖွဲ့၊ စစ်မှုထမ်းဟောင်းအဖွဲ့၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းစသည့် စေတနာ့ဝန်ထမ်း၊ လူမှုရေးအသင်းအဖွဲ့များ၏အားကိုရယူလျက် မိမိတို့မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို မှန်ကန်သောဦးဆောင်မှု၊ စီမံခန့်ခွဲမှုတို့ဖြင့် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း၊ ဤလူမှုရေး အသင်းအဖွဲ့များမှာ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်မည်ဆိုသည့် ခံယူချက်ဖြင့် ဖွဲ့စည်းထားသည့် စေတနာ့ဝန်ထမ်း လူမှုရေး အသင်းအဖွဲ့များဖြစ်သည်ကို သိရှိသဘောပေါက်ရန် လိုကြောင်း။

ကြိုးပမ်းဆောင်ရွက်

ထို့ပြင် မြန်မာနိုင်ငံသည် တိုင်းရင်းသားမျိုးနွယ်စု ၁၀၀ ကျော် စုပေါင်းနေထိုင်လျက်ရှိကြသည့် ပြည်ထောင်စုနိုင်ငံတော်ကြီး ဖြစ်သည်နှင့် အညီ ပြည်ထောင်စု တိုင်းရင်းသားများ စည်းလုံးညီညွတ်မှုရှိရန် အထူးအရေးကြီးကြောင်း၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုရှိမှသာ ပြည်ထောင်စု စိတ်ဓာတ်ထွန်းကားပြန့်ပွားပြီး ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲမှာ ဖြစ်ကြောင်း။

ထို့ကြောင့် ပြည်နယ်/တိုင်း၊ ခရိုင်နှင့်မြို့နယ်အဆင့် တာဝန်ရှိသူ ဌာနဆိုင်ရာများအနေဖြင့် ဤသဘောတရားကို သိရှိပြီး မိမိတို့ဒေသနေ တိုင်းရင်းသား ပြည်သူများလူနေမှုဘဝ တိုးတက်မြင့်မားရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စု စိတ်ဓာတ်ခိုင်မြဲရေးတို့အတွက် တာဝန်သိသိစေတနာရှိရှိ ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

၎င်းပြင် မိုးမိတ်လွင်ပြင်သည် အလွန်ကျယ်ပြန့်ပြီး ရေမြေသဘာဝ ပေါကြွယ်ဝသဖြင့် ဝမ်းစာဖူလုံ ပြည့်စုံမှုရှိခြင်းကြောင့် လယ်ယာမြေလွတ်များတွင် အရည်အသွေးကောင်းများ၊ စပါးမျိုးများတိုးမြှင့်စိုက်ပျိုးရေး၊ မြို့နယ်အတွင်းရှိကြိုးဝိုင်းသစ်တောများ ထိန်းသိမ်းရေး၊ သဘာဝပတ်ဝန်းကျင် မပျက်ယွင်းအောင် ကာကွယ်ရေးတို့ကိုပါ ဆောင်ရွက်ကြရန်၊ တစ်ဆက်တည်းမှာပင် လမ်းပန်းဆက်သွယ်ရေး ပိုမိုတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ကြရေးကိုပါ မှာကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံပညာရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မိုးမိတ်မြို့ အခြေခံပညာအထက်တန်းကျောင်းနှင့် ညောင်ပင်စောက်အခြေခံပညာအထက်တန်းကျောင်းများအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာ တစ်စုံစီတို့ကို သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများသို့ ပေးအပ်သည်။

ထို့နောက် အမျိုးသားကျန်းမာရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မိုးမိတ်မြို့ ပြည်သူ့ဆေးရုံအတွက် ဆေးပဒေသာပင် အလှူငွေများနှင့် ဆေးပစ္စည်း ၂၈ မျိုးတို့ကို မြို့နယ်ဆရာဝန်အား ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မြို့နယ်အတွက် ထောက်ပံ့ရေး ပစ္စည်းများကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌအား ပေးအပ်သည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ဒေသခံ ရှမ်းတိုင်းရင်းသား ဦးချစ်ဖွယ်က ဂါရဝပြု

လက်ဆောင်ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့မှတစ်ဆင့်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မိုးမိတ်မြို့ ပုဗ္ဗာရုံကျောင်းတိုက်သို့ သွားရောက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ တေဇဝန္တ အမှူးပြုသော မြို့ပေါ်ကျောင်းတိုက်များမှ ဆရာတော်များအား ပူဇော်ကန်တော့ကြပြီးလှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် မိုးမိတ်မြို့ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ကြည့်ရှုသည်။

ထို့မှတစ်ဆင့်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်နှင့် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေတို့ လိုက်ပါလျက် ရွှေလီရတနာ သယံဇာတရှာဖွေထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်၏ မိုးမိတ်မြို့နယ်ရှိ မြို့လယ်တောင်ဒေသ ရွှေထွက်ရှိမှု ပဏာမလေ့လာစူးစမ်းရေး စခန်းသို့ ရောက်ရှိကြသည်။

ရှေးဦးစွာ လုပ်ငန်းခွင်ရှင်းလင်းဆောင်၌ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်က ရွှေပဏာမလေ့လာစူးစမ်းမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် မဘိမ်းမြို့သို့ ရောက်ရှိကြရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မဘိမ်းမြို့ အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

လှူဖွယ်ပစ္စည်းများဆက်ကပ်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မိုးမိတ်မြို့ ပုဗ္ဗာရုံကျောင်းတိုက်တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ တေဇဝန္တ အမှူးပြုသော မြို့ပေါ် ကျောင်းတိုက်များမှ ဆရာတော်များအား ပူဇော်ကန်တော့ပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်က မြို့နယ်၏ တည်နေရာနှင့် အကျယ်အဝန်း၊ လူဦးရေ၊ စပါးစိုက်ပျိုးနိုင်မှု၊ ဒေသဝမ်းစာ ဖူလုံမှု၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းတံတားလုပ်ငန်းများအပါအဝင် ဒေသဖွံ့ဖြိုးရေးများ ဆောင်ရွက်နေမှု၊ လုပ်ငန်းလိုအပ်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့နယ်အဆင့်တာဝန်ရှိသူများက မြို့နယ်၏ စိုက်ပျိုးရေး၊ သစ်တောလုပ်ငန်း၊ လမ်းတံတားလုပ်ငန်း၊ ပညာရေး၊ ကျန်းမာရေးများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ နိုင်ငံတော် ဝန်ကြီးချုပ်က မြို့နယ်ဌာန ဆိုင်ရာ တာဝန်ခံများ၏ လုပ်ငန်းတာဝန် အခြေအနေဆောင်ရွက်နေမှုနှင့် စပ်လျဉ်းပြီး သိသည်များကို မေးမြန်းပြီး ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ အပါအဝင် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဖြည့်ဆည်းဆောင်ရွက်ပေး၍ အမှာစကားပြောကြားရာတွင် ယနေ့ မိမိနှင့်အဖွဲ့ ရှမ်းပြည်နယ် (မြောက်ပိုင်း) မဘိမ်းမြို့ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသနေ တိုင်းရင်းသား ပြည်သူများ၏ စီးပွားရေး တိုးတက်ဖြစ်ထွန်းလာစေရန် ပံ့ပိုးဆောင်ရွက်ပေးဖွယ်ရာများကို ဖြည့်ဆည်းပေးရန်လာရောက်ကြခြင်း ဖြစ်ကြောင်း။

စိုက်ပျိုးဖြစ်ထွန်းမြို့နယ်

မဘိမ်းမြို့နယ် အနေဖြင့် ရေမြေသဘာဝ ကောင်းမွန်သည့်အတွက် ဒေသဝမ်းစာ ဖူလုံသည့်အပြင် ပိုလျှံမှုရှိသည်ကို တင်ပြချက်များအရ သိရှိ ကို ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရေးအတွက် စိုက်ပျိုးရေး ထွက်ကုန်များ တိုးတက်ဖြစ်ထွန်းအောင် ကြိုးပမ်းဆောင်ရွက်ကြရန်မှာကြားလိုကြောင်း။

မဘိမ်းမြို့နယ်သည် အဖိုးတန်ကျွန်းသစ်တောများရှိသည့် မြို့နယ်တစ်ခု ဖြစ်ကြောင်း၊ အဖိုးတန် သယံ

ရှင်းလင်း

ရှမ်းပြည်နယ် (မြောက် ပိုင်း) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ဇာတ သစ်တောများကို စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ကြရန်မှာ ကြားလိုကြောင်း၊ စနစ်တကျ သစ်ထုတ်လုပ်ခြင်း၊ ပြန်လည်အစားထိုး စိုက်ပျိုးခြင်းတို့ကို ဟန်ချက်ညီအောင် ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း၊ မိမိတို့ဘိုးဘွားများ လက်ထက်က ပြုစုပျိုးထောင်ခဲ့သည့် အဖိုးတန် သစ်တောသယံဇာတများကို နောင် သားစဉ်မြေးဆက်တိုင်အောင် အကျိုးရှိရှိ အသုံးပြုနိုင်အောင် မိမိတို့က စနစ်တကျ ဆက်လက် စီမံဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

နိုင်ငံတော်က နိုင်ငံခြားငွေအပါအဝင် ငွေကြေး အမြောက်အမြား ရကြောင်း၊ ဆန်စပါးအပြင် အခြားသီးနှံများလည်း စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသည့် မြို့နယ်တစ်ခုဖြစ်ကြောင်း။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံဖြစ်သည်နှင့် အညီ စိုက်ပျိုးကုန်ထုတ်လုပ်ငန်းများ တိုးချဲ့ထုတ်လုပ်စိုက်ပျိုးနိုင်ခြင်းဖြင့် မိမိတို့အကျိုးစီးပွားဖြစ်ထွန်းစေပြီး နိုင်ငံတော်အတွက်ပါ အကျိုးဖြစ်ထွန်းစေမှာ ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးကုန်ထုတ်ပစ္စည်းများ ပြည်တွင်း စားသုံးမှု ဖူလုံရုံသာမက ပိုလျှံသည်များ

အကုန်ကျခံပြီး ငအိုတံတားကြီးကို တည်ဆောက် ဖွင့်လှစ်ပေးခဲ့သည့်အတွက် မဘိမ်းမြို့နယ်၏ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာသည်နှင့်အညီ ဒေသခံပြည်သူများကလည်း နိုင်ငံတော်၏ စေတနာကို သိရှိသဘောပေါက်ပြီး မိမိတို့ဒေသပိုမိုဖွံ့ဖြိုးတိုးတက်အောင် တက်ညီလက်ညီ ပါဝင်ပူးပေါင်း ကြိုးပမ်းဆောင်ဆောင်ရွက်သွားကြရန်မှာကြားလိုကြောင်း။

ဌာနဆိုင်ရာများအပိုင်းကလည်း နိုင်ငံတော်က ဗဟိုနှင့်ဒေသ ဆိုင်ရာ ပြည်နယ်၊တိုင်း၊ခရိုင်နှင့်မြို့နယ်အဆင့် အုပ်ချုပ်ရေးယန္တရားများကို စနစ်တကျ ဖွဲ့စည်း တာဝန်ပေးထားပြီးဖြစ်သည်နှင့်အညီ အဆင့်ဆင့်သော အုပ်ချုပ် ရေးယန္တရားများ သွက်သွက်လက်လက်နှင့် မှန်မှန်ကန်ကန် လည်ပတ်အောင်စနစ်တကျ စီမံဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

နိုင်ငံတော်၏ ရည်မှန်းချက်များ ချမှတ်ထားသည့် စီမံကိန်းများအောင်မြင်စွာ အကောင်အထည်ပေါ်လာရေးမှာ မြို့နယ်အဆင့် ဌာနဆိုင်ရာများသည်အဓိကကျကြောင်း၊ မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ပြီး ဒေသနေတိုင်းရင်းသား ပြည်သူများ လူနေမှုဘဝ တိုးတက်မြင့်မားအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့၏ ပင်မလုပ်ငန်းတာဝန်များကို စေတနာအား၊ ဝီရိယအား ပေါင်းစပ်ပြီး ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

လူနေမှုဘဝမြင့်မားရေး

မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအလိုက်ကော်မတီများ ဖွဲ့စည်းပြီး ဆောင်ရွက်သွားကြရန် ညွှန်ကြားထားပြီးဖြစ်၍ သူ့တာကိုယ့်တာ မခွဲဘဲ စုစုစည်းစည်း စီမံခန့်ခွဲ ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။ ထို့အပြင် မြို့နယ်အတွင်း ဖွဲ့စည်းထား

ပေးအပ်လှူဒါန်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ မိုးကုတ်မြို့တွင် ချမ်းသာကြီးမြတ်စွာဘုရားအား ဖူးမြော်ကြည်ညိုကြပြီး အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

သည့် စေတနာ့ဝန်ထမ်း၊ လူမှုရေး အသင်းအဖွဲ့များ၏ အားကိုပါ ရယူလျက် ဒေသဖွံ့ဖြိုးရေးနှင့် ဒေသနေ ပြည်သူများ လူနေမှုဘဝမြင့်မားရေး ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

ထို့ပြင် မိမိတို့ မြန်မာနိုင်ငံတော်ကြီးတွင် တိုင်းရင်းသားမျိုးနွယ်ပေါင်း ၁၀၀ကျော်အတူတကွ စုပေါင်းနေထိုင်ကြသည့် ပြည်ထောင်စု နိုင်ငံတော်ကြီးဖြစ်သည်နှင့်အညီ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကိုပါ အလေးထား ဆောင်ရွက်ကြဖို့ လိုကြောင်း၊ သို့မှသာ ပြည်ထောင်စု စိတ်ဓာတ်ရင့်သန်ပြီး ပြည်ထောင်စုကြီး အဓွန့်ရှည် ခိုင်မြဲမည်ဆိုသည့် ခံယူချက်ဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ထို့အပြင် ပညာရေး၊ ကျန်းမာရေး တာဝန်ရှိသူများ၊ လမ်းပန်းဆက်သွယ်ရေးတာဝန်ရှိသူများ၊ စိုက်ပျိုးရေးနှင့် သစ်တောရေးရာ တာဝန်ရှိသူအသီးသီးကလည်း မိမိတို့၏ တာဝန်ပိုင်းဆိုင်ရာများကို ဆောင်ရွက်ရမှာဖြစ်သကဲ့သို့ ဗဟိုက ချမှတ်ပေးသည့် စီမံချက်၊ စီမံကိန်းများ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးကိုပါ ကြိုးပမ်းကြရန်မှာကြားသည်။

ထို့နောက် မြန်မာနိုင်ငံပညာရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မဘိမ်းမြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံတို့ကို ကျောင်းအုပ်ဆရာမကြီးအား ပေးအပ်သည်။

ဆေးပစ္စည်းပေးအပ်

ဆက်လက်၍အမျိုးသားကျန်းမာရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မဘိမ်းမြို့ ပြည်သူ့ဆေးရုံအတွက် ဆေးပဒေသာပင် အလှူငွေနှင့် ဆေးပစ္စည်း၂၈ မျိုးကို မြို့နယ်ဆရာဝန်အား ပေးအပ်သည်။

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မြို့နယ်အတွက် ထောက်ပံ့ရေး ပစ္စည်းများကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီဥက္ကဋ္ဌအား ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ရပ်မိရပ်ဖ ဦးမြင့်လှိုင်က ဂါရဝပြု လက်ဆောင်ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မိုးကုတ်မြို့

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မန္တလေးတိုင်း မိုးကုတ်မြို့သို့ ရောက်ရှိကြရာမန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ စစ်ဘက်နယ်ဘက်မှအရာရှိကြီးများနှင့် လူမှုရေးအသင်းအဖွဲ့များက ကြိုဆိုကြသည်။

ညပိုင်းတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မိုးကုတ်မြို့ မင်းဘုရားတောင်သို့ရောက်ရှိကြပြီး ရှေးဦးစွာ ချမ်းသာကြီး မြတ်စွာဘုရားအား ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဗုဒ္ဓရုပ်ပွားတော်မြတ်အား ရွှေသင်္ကန်းကပ်လှူ ပူဇော်ပြီး ချမ်းသာကြီးမြတ်စွာဘုရားအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ချမ်းသာကြီး စေတီတော်အား လက်ယာရစ်လှည့်လည် ပူဇော်ကြည်ညိုကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မိုးကုတ်မြို့ ဖောင်တော်ဦးမြတ်စွာဘုရားအား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ကပ်လှူပူဇော်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဖောင်တော်ဦးမြတ်စွာဘုရားအား ရွှေသင်္ကန်းကပ်လှူပူဇော်ပြီး အလှူငွေများကို ပေးအပ်လှူဒါန်းသည်။ **(သတင်းစဉ်)**

သာသနာ့ဒီပံ ကျောင်းဆောက်ရန် ငွေလှူဒါန်း

ရန်ကုန် မေ ၅

မိုးကောင်းမြို့နယ် မြတောင်ကျေးရွာအုပ်စုဘုန်းတော်ကြီးကျောင်းတိုက် ဝင်းအတွင်း သာသနာ့ဒီပံ ကျောင်းတော်ကြီးဆောက်လုပ်ရန် အလှူငွေပေးအပ်လှူဒါန်းပွဲကို ဧပြီ ၉ရက်က အဆိုပါ ကျောင်းတိုက်၌ ကျင်းပရာ မိုးကောင်းမြို့ အိုးတန်းရပ်ကွက်နေ ဒေါ်စောရီလေးနှင့် ဒေါ်တင်တင်ဝင်း မိသားစုက ပထမအကြိမ်အဖြစ်အလှူငွေကျပ် သိန်း ၃၀ကို ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးဘရှိန်ထံပေးအပ်လှူဒါန်းကြောင်းသိရသည်။ (၄၁၆)

သားငါးပွံ့ဖြိုး မြည်အကျိုး

ငှက်ဖျားရောဂါ

ဒေါက်တာစောလွင် (ငှက်ဖျား)

ငှက်ဖျားရောဂါ ဘယ်လိုကူးစက်ပါသလဲ။ ဒီကနေ့ထိတိုင်အောင် လွဲမှားအယူအဆတွေ လွှမ်းမိုးနေဆဲဖြစ်သည်။

"ဆရာ၊ ကျွန်တော် တောင်ကြီးကနေ တာချီလိတ်ကားလိုင်း လိုက်တာပါ။ ငှက်ဖျားဖြစ်မှာစိုးလို့ ရေသန့်ဘူးပဲသောက်တယ်။ လမ်းခရီးမှာ တွေ့ရာရေမချိုးဘူး၊ အခုငှက်ဖျားဖြစ်နေလို့ပါဟု" ကားယာဉ်နောက်လိုက်တစ်ဦးက စာရေးသူ တောင်ကြီးမှာ တာဝန်ကျစဉ် ပြောဖူးသည်။

"ဆရာ၊ ငှက်ဖျားရောဂါဆိုတာ စိမ့်စမ်းရေသောက်လို့၊ ချိုးလို့၊ ငှက်ပျောသီး၊ သဘော်သီးစားလို့ ဖြစ်တယ်ဆိုတာ ဟုတ်သလား"စစ်ကိုင်းတွင် တာဝန်ကျစဉ် တမူး–ကဘော်ချိုင့်ဝှမ်းခရီးစဉ်၌ ဌာနဆိုင်ရာ အရာရှိတစ်ဦးက မေးခဲ့ဖူးသည်။

စာရေးသူ ငယ်စဉ်က ကြည့်ခဲ့သော ရုပ်ရှင်ကားတစ်ကားကို မှတ်မိနေသည်။ ဇာတ်ကားအမည် ပိုး(ဦးဇော်လွင်) စိမ့်စမ်းရေသောက်ပြီး ငှက်ဖျားချမ်းတုန်ဖျားနေပုံပြသည်။ ဂျာနယ်တစ်စောင်တွင်လည်း ရောက်ရာအရပ်က ရေစိမ်းကို မသောက်ရဲလို့ပါ။ ကြုံဖူးတယ်လေ။ ရောက်ရာအရပ်က ရေစိမ်းကို သောက်မိလို့ ဝမ်းပျက်တာ မအီမလည်ဖြစ်ရတာ၊ ခရီးသွားဖော်ထဲက ငှက်ဖျားဒဏ်ခံကြရတာတွေ ကြုံဖူးတာပေါ့ဆိုပြီး ပါလာပြန်သည်။

သက်ကြီးစကား သက်ငယ်ကြား၊ မိဘဘိုးဘွားများက နယ်သွားတဲ့သူ၊ တောသွားတဲ့သူတွေကို မှာကြတယ် တောထဲမှာ စိမ့်စမ်းရေ မသောက်နဲ့၊ မချိုးနဲ့၊ ငှက်စာတွေ (ငှက်ပျောသီး၊ သဘော်သီး)မစားကြနဲ့၊ ငှက်ဖျားဖြစ်လိမ့်မယ်။

တွေ့ကြုံခဲ့ရ၊ ကြားခဲ့ရသမျှမှ တချို့တစ်ဝက်သာဖြစ်သည်။ ကားနောက်လိုက်ကအစ အရာရှိ၊ ရုပ်ရှင်စာပေတွေမှာရော ငှက်ဖျားရောဂါဟာ စိမ့်ရေ၊ စမ်းရေ သောက်လို့၊ ချိုးလို့၊ ငှက်ပျောသီး၊ သဘော်သီးစားလို့ ထင်ခဲ့တာတွေ၊ ရိုက်ကူးပြသခဲ့တာတွေ၊ ရေးသားခဲ့တာတွေ့ရသည်။

လူကြီး၊ သူကြီးတွေကလည်း ထပ်ဆင့်စကားနဲ့ မှာကြားခဲ့သည်။ ကိုယ်တိုင်လည်း ထန်းသီးကြွေခိုက် ကျီးနင်းခိုက်ဆိုသလို စိမ့်စမ်းရေ သောက်ပြီးတာနဲ့၊ ငှက်ဖျားဖြစ်တာနဲ့ ကြုံကြိုက်ခဲ့တာတွေ ရှိခဲ့တော့ လူထုကြားမှာ ငှက်ဖျားရောဂါဟာ စိမ့်စမ်းရေးသောက်လို့၊ ချိုးလို့ဖြစ်တာ၊ ငှက်ပျောသီး၊ သဘော်သီးစားလို့ ဖြစ်တာဆိုပြီး လွဲမှားတဲ့ အယူအဆတွေဟာ အမြစ်တွယ်နေကြပါတယ်။

တကယ်တော့ ငှက်ဖျားရောဂါကူးစက်ရခြင်းရဲ့ အဓိကအကြောင်းရင်းဟာ ငှက်ဖျားပိုးပါတဲ့ ခြင်ကိုက်မိလို့ပါပဲ။ သွေးလှူရှင်က ငှက်ဖျားပိုးရှိနေခဲ့ရင် သူလှူတဲ့သွေး သွင်းမိတဲ့လူကိုလည်း ငှက်ဖျားပိုးကူးစက်နိုင်ပါတယ်။ ကိုယ်ဝန်ဆောင်အမျိုးသမီးမှာ ငှက်ဖျားပိုးရှိခဲ့ရင် သန္ဓေသားကို ကူးစက်နိုင်ပါတယ်။ ဒါကလည်း အချင်းမှာရောဂါရှိနေမှ သန္ဓေသားထံ ပိုးရောက်နိုင်တာပါ။ ဒီနည်းနဲ့ ကူးစက်ဖို့ အလွန်ခဲယဉ်းပါတယ်။ သွေးသွင်းတဲ့နည်းနဲ့ ကူးစက်ဖို့ ဆိုတာကလဲ လူအများစုမှာ သွေးသွင်းနေတာ မဟုတ်ပါဘူး။ ဒါကြောင့် ငှက်ဖျား ကူးစက်ရခြင်းရဲ့ အဓိကအကြောင်းရင်းမှာ ငှက်ဖျားပိုးပါတဲ့ ခြင်ကိုက်မိလို့ ဆိုရခြင်း ဖြစ်ပါတယ်။

'ခြင်'က ငှက်ဖျားပိုးသယ်တာကို တွေ့ခဲ့သည်မှာ အနှစ် ၁၀၀ကျော်ရှိပြီး တချို့လူအတော်များများကတော့ ယခုထိ အယူအဆမှားကို ယုံကြည်လက်ခံနေဆဲပင်ဖြစ်သည်။ ဒါကြောင့်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်များကို အကောင်အထည်ဖော်ရန် နည်းနာသုံးရပ်တွင် ကျေးလက်အောက်ခြေအထိ ကျန်းမာရေးအသိပညာပေးရန် ချမှတ်ခဲ့ပြီး မှန်ကန်တဲ့ အသိရှိမှလည်း ဒုတိယနည်းနာ ဖြစ်သည့် ရောဂါကာကွယ်တားဆီးခြင်းတွင် မှန်ကန်စွာခံယူလိုက်နာ၍ ငှက်ဖျားမဖြစ်အောင် ကာကွယ်နိုင်ကြမည်၊ သို့မဟုတ်ပါက အထက်ပါအတိုင်း ရေကိုကျိုသောက်နေကြမည်၊ ရေသန့်သောက်နေကြမည်။ ခြင်ကိုက်ခြင်းကိုတော့ မကာကွယ်၊ ဂရုမစိုက်ဘဲ နေကြမည်ဆိုလျှင်တော့ ငှက်ဖျားကို မကာကွယ်နိုင်ပါ။

သမိုင်းကြောင်းပြန်ကြည့်လျှင်လည်း ဆေးပညာရှင်၏ဖခင်ကြီး ဟစ်ပိုကရေးတီးက ငှက်ဖျားရောဂါသည် ရွှံ့နွံများရှိသော ရေအိုင်များမှ မကောင်းသောလေကို ရှူ၍ ငှက်ဖျားဖြစ်ရသည်ဟု အယူအဆလွဲမှားခဲ့သည်။ (Mal=bad; aria=air, Malaria= bad-air) ဒါကြောင့် ရောဂါရှိနေတဲ့ နေရာဝန်းကျင်ရှိ ရွှံ့နွံအိုင်များကို ဖို့ခဲ့သည်။ ရေစီးရေလာကောင်းအောင် ဆောင်ရွက်ခဲ့သည်။ ဒီတော့ ခြင်ပေါက်ပွားမှုလျော့သွားသည်။ ငှက်ဖျားအဖြစ်နည်းသွားသည်။ ဖြစ်ပွားကူးစက်ရပုံကို အယူအဆလွဲမှားခဲ့သော်လည်း လုပ်ဆောင်ချက်ကမှန်တော့ ငှက်ဖျားလျော့နည်းခဲ့သည်။

ငှက်ဖျားခြင် ပေါက်တဲ့နေရာတွေထဲမှာ ဖြည်းညင်းစွာ စီးဆင်းနေတဲ့စိမ့်၊ စမ်းချောင်းတွေ ပါဝင်သည်။ ပိုးလောက်လမ်းမှ ခြင်ပေါက်ပြီး အနားရှိခြံတွေ၊ သစ်ခေါင်းတွေမှာ ခိုအောင်းနေသည်။ စိမ့်စမ်းရေ သွားသောက်တဲ့အချိန်၊ ရေချိုးတဲ့အချိန် ခြင်ထွက်ကိုက်လိုက်မည်။ ခြင်ကိုက်ခံရသည်ကို သိချင်မှသိမည်။ သိလိုက်သည်ထားဦး အမှတ်တမဲ့ ရိုက်ပုတ်လိုက်မည်၊ ခြင်ကငှက်ဖျားပိုးရှိတဲ့လူကို ကိုက်မိရာက သူ့ကိုယ်ထဲ ငှက်ဖျားပိုးကို သယ်ထားပြီး သူ့သက်တမ်းတစ်လျှောက်လုံး ကိုက်ခံရသူတွေ ငှက်ဖျားရောဂါရစေနိုင်သည်။

'ခြင်'သည် ကနေ့ကိုက် သည်ကနေ့ငှက်ဖျားမဖြစ်၊ ခြင်ကိုက်ပြီးတစ်ပတ်ကျော်မှ ငှက်ဖျားရောဂါလက္ခဏာစပြသည်။ ခြင်ကိုက်လို့ လူကိုယ်ထဲရောက်သွားတဲ့ ငှက်ဖျားပိုးတွေက လူကိုဒုက္ခပေးနိုင်တဲ့ အရေအတွက်ရောက်အောင် ပွားနေသဖြင့် တစ်ပတ်ကျော်မှ ဖျားခြင်းဖြစ်သည်။ ဒီအခါမှာ တစ်ပတ်ကျော်က ကိုက်ခဲ့သောခြင်ကို သတိမရနိုင်၊ တစ်ပတ်ကျော်က စိမ့်စမ်းရေသောက်တာ၊ ချိုးတာက ဘယ်လိုမှမေ့မရသေး။ လူကြီးတွေကလဲ မှာထားဖူးသည်လေ။ စိမ့်စမ်းရေ မသောက်နဲ့၊ မချိုးနဲ့၊ ငှက်ဖျားဖြစ်မည်။ ဒါနဲ့ပဲ ငှက်ဖျားရောဂါ ကူးစက်စေသော တရားခံအစစ် 'ခြင်'သည် ပျောက်ခဲ့ရပြီး စိမ့်စမ်းရေသောက်ခြင်း၊ ချိုးခြင်းက တရားခံဖြစ်ခဲ့ရသည်။

တောရွာတွေမှာ အနီးရှိစိမ့်စမ်းချောင်းတွေကို တစ်နှစ်ပတ်လုံး သောက်ချိုးနေတာပဲ။ ငှက်ဖျားရောဂါဟာ ခြင်ပေါတဲ့မိုးဦးကျရာသီ၊ မိုးအကုန်ဆောင်းအကူးကျမှ များလာတာကို သတိထားမိမှာပါ။

နောက်လွဲမှားနေတဲ့ အယူအဆတစ်ခုကတော့ ငှက်ဖျားရောဂါဟာ ငှက်ပျောသီး၊ သဘော်သီး၊ မျှစ်စားလို့ဖြစ်သည်တဲ့။ လူထုကလည်း သူတို့အတွေ့အကြုံ အခြေခံပြီးပြောတာ မှန်သလိုလိုတော့ရှိသည်။ သို့သော်မှားနေသည်။ ဤအယူအဆမှန်ပါက ဘယ်နေရာမှာမဆို မှန်ရမည်ပေါ့။ ဘာကြောင့် မဟာရန်ကုန်၊ မန္တလေးစတဲ့မြို့ကြီးတွေကလူတွေ ငှက်ပျောသီး၊ သဘော်သီး၊ မျှစ်စားနေကြတာ ငှက်ဖျားမဖြစ်ကြသလဲဆိုတာ ဆန်းစစ်ကြည့်လျှင် ဤအယူအဆ မမှန်ကြောင်း သိနိုင်သည်။ ငှက်ဖျားဒေသတွေမှာအနေကြာတော့ ငှက်ဖျားပိုးကို လူက ခံနိုင်ရည်ရှိလာသည်။ ဒါမှမဟုတ် ငှက်ဖျားလူနာက ဆေးကိုစနစ်တကျ မသောက်၊ အဖျားတော့ကျသွားသည်၊ ဒါပေမယ့် ငှက်ဖျားပိုးကမပျောက်၊ ငုပ်နေခြင်းသာ ဖြစ်သည်။ သည်အချိန်မှာ ငှက်ပျောသီး၊ သဘော်သီး၊ မျှစ်စားမိရင် ဒီအစားအစာတွေထဲမှာပါတဲ့ PABA (Para-amino-benzoic-acid) ဓာတ်က ငှက်ဖျားပိုးရဲ့အာဟာရဖြစ်နေပြီး ငှက်ဖျားပိုး ပွားဖို့ PABA လိုသည်။ သည်တော့ PABA ဓာတ်ရပြီး ငှက်ဖျားပိုးတွေ များလာသည်။ ခေါင်းထောင်လာသည်။ အဖျားပြန်တက်သည်။ ငှက်ပျောသီး၊ သဘော်သီး စား၍ ငှက်ဖျားဖြစ်မည်ဟု လွဲမှားစွာယူဆကြသည်။ အမှန်က စနစ်တကျ မကုသဖြင့် ငုပ်နေသော ငှက်ဖျားပိုးများ ပြန်ကြွလာခြင်းသာဖြစ်သည်။ ငှက်ဖျားပိုးကို စနစ်တကျပျောက်အောင် ကုထားသူသည် ငှက်ပျောသီး၊ သဘော်သီး၊ မျှစ်မှမဟုတ်၊ စားချင်တာစား ငှက်ဖျားပြန်မပေါ်နိုင်ပါ။

တချို့သူတွေမှာ အတွေးတွေရောနေသည်။ ဇဝေဇဝါဖြစ်နေသည်။ တစ်ဆင့်စကား တစ်ဆင့်နားဖြင့် လည်းကောင်း၊ စာပေ၊ ရုပ်ရှင်များမှ လွှမ်းမိုးခဲ့၍ လည်းကောင်း၊ ငှက်ဖျားကို စိမ့်စမ်းရေသောက်လို့၊ ငှက်ပျောသီး၊ သဘော်သီး စားလို့ဟု ယူဆနေသည်။ ဒါပေမယ့် ရွာမှာငှက်ဖျားအဖြစ်များလာရင် ငှက်ဖျားဌာနကို ခြင်ဆေးဖျန်းပေးရန် တောင်းဆိုကြသည်။ တချို့သူတွေ ငှက်ဖျားခြင်ကြောင့် ဖြစ်တယ်ဆိုတာ ထပ်တလဲလဲကြားပါများ၍ နားယဉ်ပါးသည်။ ဒါကြောင့် ငှက်ဖျားဘာကြောင့်ဖြစ်သလဲမေးတော့ ခြင်ကိုက်လို့ဖြေမည်။ ဘယ်လိုကာကွယ်မလဲ မေးတဲ့အပိုင်းရောက်တော့ ရေကို ကျိုချက်သောက်မည်ဟု ဖြေသည်။ အစားအသောက် ဆင်ခြင်မည်ဟု ဖြေသည်။ ဒုံရင်းဒုံရင်း ပြန်ရောက် သွားသည်။

ရွာများရောက်တိုင်း လက်ဖက်ရည်ကြမ်းဝိုင်းမှာရော၊ ကျောင်းဆရာ ဆရာမများရော၊ ရွာလူထုစုတော့ရော အထက်ပါအတိုင်း ရှင်းပြရသည်။ လွယ်လွယ်နှင့်တော့မရ၊ ထပ်တလဲလဲ ပညာပေးရသည်။ ငှက်ဖျားရောဂါ မည်သို့မည်ပုံ ကူးစက်သည်ကို သိရှိ လက်ခံမှသာ ကာကွယ်ရေးအပိုင်း ပညာပေး၍ လွယ်ကူမည်ဖြစ်သည်။

ငှက်ဖျားရောဂါကူးစက်ရခြင်းသည် စိမ့်စမ်းရေ သောက်၊ ချိုး၍မဟုတ်၊ ငှက်ပျောသီး၊ သဘော်သီးစား၍မဟုတ်၊ ငှက်ဖျားပိုးပါသော ခြင်ကိုက်၍ ဖြစ်ကြောင်း ပြည်သူလူထုများက သိရှိသဘောပေါက်ကြပြီး ခြင်မကိုက်အောင် နေထိုင်ခြင်း၊ ခြင်ကိုနှိမ်နင်းကြခြင်းဖြင့် ငှက်ဖျားရောဂါကင်းဝေးအောင် နေထိုင်ကြရန် ဤဆောင်းပါးဖြင့် တိုက်တွန်းအပ်ပါသည်။ ။

အောင်တော်မူစေတီတော် ရွှေထီးတော်တင်လှူ တိုင်းမှူးဗိုလ်မှူးချုပ်အုန်းမြင့် တက်ရောက်ကြည်ညို

ရန်ကုန် မေ ၅

တနင်္သာရီတိုင်း ကျွန်းစုမြို့နယ် မောင်းလော့ကျေးရွာ အောင်တော်မူစေတီတော် ရွှေထီးတော်တင်လှူပူဇော်ပွဲကို ဧပြီ ၂၉ရက် နံနက် ၈နာရီက အဆိုပါစေတီတော်၌ ကျင်းပရာ အခမ်းအနားသို့ မြိတ်မြို့ တောရကျောင်း ဆရာတော် ဘဒ္ဒန္တတေဇောဘာသ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်အုန်းမြင့်နှင့်ဇနီး၊ တပ်မတော်အရာရှိကြီးများ၊ တနင်္သာရီတိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစီးမှူးဦးမောင်မောင်ဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များနှင့် မိသားစုများ၊ ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာအခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို၍ ဖွင့်လှစ်ပြီး တိုင်းမှူးနှင့်ဧည့်ပရိသတ်များက မြိတ်မြို့ တောရကျောင်း ဆရာတော် ဘဒ္ဒန္တတေဇောဘာသထံမှ ကိုးပါးသီလခံယူ ဆောက်တည်ကြသည်။

ဆက်လက်၍ ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲ၊ ပရိတ်ချည်များကို ဆရာတော်ကြီးများထံ ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ယင်းနောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲနှင့် ပရိတ်ချည်များကို စေတီတော်ရင်ပြင်၌ ဖျန်းပက်ချည်နှောင်ကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် ဇနီး၊ ဘုရားဒါယကာ ဦးဝင်းဗိုလ်နှင့် ဇနီး၊ အလှူရှင်များ၊ ဥပါသကာများက စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော် ဘုံအဆင့်ဆင့်နှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော် သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြပြီးနောက် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့်အလှူရှင်များက စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော် ဘုံအဆင့်ဆင့်တို့ကို ပင့်ဆောင်ကြပြီး စေတီတော်အား လက်ယာရစ် သုံးပတ် လှည့်လည်ပူဇော်ကြသည်။

တင်လှူပူဇော်

ယင်းနောက်တိုင်းမှူးနှင့် တာဝန်ရှိသူများက ဌာပနာတော်များအား စေတီတော်ဌာပနာတိုက် အတွင်းသို့ သွင်းလှူပူဇော်ကြပြီး မင်္ဂလာအချိန်တွင် ရွှေထီးတော်ဘုံအဆင့်ဆင့်နှင့်ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့အား စေတီတော်အထွတ်သို့ တင်လှူပူဇော်ကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးသည် မောင်းလော့ကျေးရွာအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ ကျေးရွာရှိ သောက်ရေတွင်းများ ပြုပြင်တူးဖော် ဆယ်တင်ရန်အတွက် အလှူငွေများကိုလည်းကောင်း၊ ကျေးရွာအခြေခံပညာ မူလတန်းကျောင်း ဆောက်လုပ်ရေး အတွက် ဘိလပ်မြေအိတ်များကို လည်းကောင်း ပေးအပ်လှူဒါန်းခဲ့ ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ် ရဲတပ်ဖွဲ့၏ ရဲကျင့်ဝတ် စာမေးပွဲကို မတ် ၂၅ရက်က လွတ်လပ်ရေးရပ်ကွက် အခြေခံပညာ မူလတန်းကျောင်းခန်းမတွင် ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတင်လှနှင့် တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(ဝ၆၁)

မြဝတီရုပ်မြင်သံကြား

၆–၅–၂၀၀၄ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၂၅ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၄း၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄း၄၅ ၇။ ရှင်ကြည်ပြုံးစရာ တေးကဗျာ
၄း၅၅ ၈။ မျိုးချစ်တပ်မတော်
၅း၀၅ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Myanmar Economic Reforms (1989-1996) (ပြည်သူ့ရေးရာ)
၅း၃၅ ၁၀။ တိုင်းကျိုးပြည်ပြု တို့ရှေးရှု
၅း၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
၆း၂၀ ၁၄။ မိုးလေဝသသတင်း
၆း၂၅ ၁၅။ မြန်မာ့ရှုခင်း
၆း၄၀ ၁၆။ လျှပ်တစ်ပြက်
၇း၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ဉာဏ်ကျယ်လေး"** (အပိုင်း–၁၈)
၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်
၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိုင်းမင်းသားလေးနှင့် ရွှေမင်းသမီး"** (ဒုတိယတွဲ) (အပိုင်း–၁၄)

ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၏ ၂၀၀၃-၂၀၀၄ခုနှစ် လုပ်ငန်းသုံးသပ်ခြင်း အစည်းအဝေးတွင် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင် အမှာစကားပြောကြားစဉ်။ (လယ်/ဆည်)

ဒေသတွင်းရှိမြေယာစီမံခန့်ခွဲမှုနှင့်အသုံးချမှုအထူးဂရုပြု မြေယာမှုခင်းများမှန်ကန်မြန်ဆန်စစ်ဆေးရန်ဝန်ကြီးဗိုလ်ချုပ်ညွန့်တင်မှာကြား

ရန်ကုန် မေ ၅

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်သည် ယမန်နေ့နံနက် ၁၀နာရီတွင် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန(ရုံးချုပ်)အစည်းအဝေးခန်းမ၌ကျင်းပသော အဆိုပါဦးစီးဌာန၏ ၂၀၀၃-၂၀၀၄ခုနှစ် လုပ်ငန်းသုံးသပ်ခြင်းနှင့် ၂၀၀၄-၂၀၀၅ခုနှစ် လုပ်ငန်းညှိနှိုင်းခြင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ယင်းအစည်းအဝေးသို့ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည်နှင့် ရုံးချုပ်မှ တာဝန်ရှိသူများ၊ စိုက်ပျိုးရေး စီမံကိန်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ထွဋ်ဦး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရုံးအဖွဲ့မှူးနှင့် အကြံပေးပုဂ္ဂိုလ်များ၊ ပြည်နယ်၊တိုင်း များမှဦးစီးမှူးများတက်ရောက်ကြသည်။

အစည်းအဝေးတွင် ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်က ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနက ယခု ဆောင်ရွက်နေသော လယ်ယာသန်းခေါင်စာရင်းလုပ်ငန်းသည် နိုင်ငံတော်အတွက် အလွန်အရေးကြီးကြောင်း၊ မြေကြီးမြေပုံမှန်ကန်ရေး၊ သီးနှံစိုက်ပျိုးထုတ်လုပ်မှုစာရင်းများ မှန်ကန်ရေး အရေးကြီးကြောင်း၊ သစ်တောမြေမှ အပဖြစ်သော လယ်ယာစိုက်ပျိုးမြေ၊ မြို့ရွာမြေအစရှိသည့် မြေယာတန်ဖိုးများ တိုးတက် မြင့်မားလာသည့်အလျောက် ပြည်နယ်၊တိုင်း ဦးစီးမှူးများက အလေးထားဆောင်ရွက်ကြရန်လိုကြောင်း၊ မြေယာမှုခင်းများကို တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ မှန်ကန်မြန်ဆန်အောင် စစ်ဆေးဆောင်ရွက်ပေးကြရမှာ ဖြစ်ကြောင်း၊ လယ်ယာမြေကို အခြားနည်းအသုံးပြုမှုများအတွက် မြေစာရင်းဝန်ထမ်းများက အခြေအနေမှန်ကို စိစစ်သုံးသပ်တင်ပြကြရန် ဖြစ်ကြောင်း၊ ဒေသအလိုက်စီမံကိန်း လျာထားချက်များအပေါ် အမှန်ဆောင်ရွက်နိုင်မှုအခြေအနေကို မြေပုံစာရင်းဇယားများဖြင့် စိစစ်တင်ပြကြရန်လိုအပ်ကြောင်း၊ မိမိတို့တာဝန်ယူနေသည့် ဒေသအတွင်းရှိ မြေယာစီမံခန့်ခွဲမှု၊ မြေယာအသုံးချမှုနှင့် ပတ်သက်၍ အထူးဂရုပြုဆောင်ရွက်ကြရန် လိုအပ်ကြောင်း စသည်ဖြင့် အကျယ်တဝင့်မှာကြားကာ နံနက် ၁၁ နာရီတွင် အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တရားဟောကြားမည်

ရန်ကုန် မေ ၅

ဘုရားအနေကဇာတင်၊ သိက္ခာထပ်မင်္ဂလာနှင့် ရတနာဒီပသိမ်တော်ကြီး ရေစက်ချမင်္ဂလာပွဲကို ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် ရတနာကျွန်းရိပ်သာ ကျောက်စိမ်းပတ်လမ်း ပရိယတ္တိစာသင်တိုက်၌ ကျင်းပမည်ဖြစ်ရာ မေ ၁၂ရက် ည ၇နာရီတွင် နိုင်ငံကျော် ဓမ္မကထိက ရွှေမန်းဦးသူရိယ (ဓမ္မာစရိယ)ဗဟုဇန ဟိတဓရ ဆရာတော်က တရားတော်များ ချီးမြှင့်မည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

အမျိုးသမီးဆရာဝန်များအဖွဲ့ ရန်ပုံငွေရုပ်ရှင်ပွဲပြသမည်

ရန်ကုန် မေ ၅

မြန်မာနိုင်ငံဆရာဝန်အသင်း(အမျိုးသမီးဆရာဝန်များအဖွဲ့)မှ သက်ကြီးဆရာဝန်များအား ကန်တော့ပွဲ ရန်ပုံငွေအတွက်သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံ၌ မေ ၈ရက်(စနေနေ့)နံနက် ၈ နာရီတွင် "အမေ့နို့ဖိုး" ရုပ်ရှင်ဇာတ်ကားကိုလည်းကောင်း၊ မေ ၉ရက် (တနင်္ဂနွေနေ့)နံနက် ၈နာရီတွင် "စတိုင်"ရုပ်ရှင်ဇာတ်ကားကိုလည်းကောင်း ပြသမည်ဖြစ်ပြီး လက်မှတ်များကို သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံ၌ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာရင်းစစ်မှူးများလုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် မေ ၅

စာရင်းစစ်မှူးများ လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၁၆) သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်း၌ စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်းတွင် ကျင်းပရာ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။ အခမ်းအနားသို့ ဒုတိယစာရင်းစစ်ချုပ် ဒေါ်သင်းသင်း၊ စာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လင်းနှင့် ညွှန်ကြားရေးမှူးများ၊ သင်တန်းကျောင်းမှ တာဝန်ရှိသူများ၊ သင်တန်းကထိကများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

သင်တန်းသို့ စာရင်းစစ်ချုပ်ရုံးနှင့်ဒေသဆိုင်ရာ စာရင်းရုံးများမှ စာရင်းစစ်မှူးများ တက်ရောက်ကြမည်ဖြစ်ရာ သင်တန်းကာလမှာ တစ်လခန့်ကြာမြင့်မည်ဖြစ်သည်။ **(သတင်းစဉ်)**

ရန်ကင်းမြို့နယ် အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်းဆင်းပွဲကို အမက(၅)ကျောင်းတွင် ဧပြီ ၄ရက်ကကျင်းပရာ (၈)ရပ်ကွက် သင်တန်းမှူး ဦးလှကိုက သင်တန်းဆင်းလက်မှတ်ပေးအပ်စဉ်။ (က-ပ)

(၅၃)ကြိမ်မြောက်သွေးလှူဒါန်း

ရန်ကုန် မေ ၅

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်း သတင်းစာတိုက်မှ(လူမှုထူးချွန်တတိယဆင့်)ဦးစိန်ဝင်း(ကက-၄၊စာစီ)**(ဝဲပုံ)** သည် ဧပြီ ၂၃ရက်က အမျိုးသားဗဟိုသွေးလှူဘဏ်၌(၅၃)ကြိမ်မြောက် သွေးလှူဒါန်းကြောင်းသိရသည်။ **(က-ပ)**

1st Canon ကုန်ပစ္စည်းသစ်ရှင်းပွဲကျင်းပ

ရန်ကုန် မေ ၅

Canon Singapore Pte, Ltd. နှင့် Accel International Co., Ltd. တို့က ကြီးမှူးကျင်းပသော 1st Canon Pro Seminar နှင့် New Product Launch အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီခွဲက ရန်ကုန်မြို့ရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် Accel International Co., Ltd. မှ Country Manager Mr. Daniel Lee က အဖွင့် အမှာစကား ပြောကြားပြီး Canon Singapore Pte, Ltd. မှ Seminar Product Manager, Mr. Roland Poon က Canon New Digital SLR Camera EOS ID Mark II နှင့် ပတ်သက်သည့် အချက်အလက်များနှင့် Canon Professional Service နှင့် သက်ဆိုင်သည့် အချက်အလက်များကို ဗီဒီယိုဆလိုက်များဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ဓာတ်ပုံပညာရှင် ဦးဖေမြင့်ဦးက အဆိုပါ ကင်မရာနှင့် ပတ်သက်သည့် သိမှတ်ဖွယ်ရာများကို ရှင်းလင်းတင်ပြပြီး "Canon-Kodak Photo Contest" ပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနားကို ဆက်လက် ကျင်းပရာ ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများကို ပေးအပ်ကြသည်။ **(မြန်မာ့အလင်း)**

(၅၈)နှစ်မြောက်မီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကျင်းပ ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ကျော်မြင့် တက်ရောက်ဆုချီးမြှင့်

ရန်ကုန် မေ ၅

(၅၈)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ စစ်ရေးပြအခမ်းအနားကို ယနေ့နံနက်၇နာရီခွဲတွင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်ရှိ နဝဒေးအားကစားပြိုင်ကွင်း၌ကျင်းပရာ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ကျော်မြင့် တက်ရောက်သည်။

ထို့နောက် ဒုတိယဝန်ကြီးက နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကချီးမြှင့်သည့် ရဲသူရိန်တံဆိပ်ရရှိသူ ခုနစ်ဦး၊ ရဲကျော်စွာတံဆိပ်ရရှိသူ လေးဦးနှင့် ရဲကျော်သူတံဆိပ်ရရှိသူသုံးဦးတို့အား ဆုများချီးမြှင့်သည်။

ဆက်လက်၍ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စီမံထူးချွန်တံဆိပ်(တတိယ)အဆင့်ရရှိသူ လေးဦးနှင့် လူမှုထူးချွန်တံဆိပ်ရရှိသူ သုံးဦးတို့အား ဆုများချီးမြှင့်သည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးက အထောက်အကူပြု ရေယာဉ်ကို ရေစည်တင်နိုင်ရေးအတွက် လှူဒါန်းသည့်အလှူရှင်နှစ်ဦးအားလည်းကောင်း၊ (၅၈)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုသတင်းဆောင်းပါးရေးသားသူ ဆောင်းပါးရှင် တစ်ဦးနှင့် ဓာတ်ပုံမှတ်တမ်းတင်သူ တစ်ဦးတို့အားလည်းကောင်း၊ ဆီသယ်ယာဉ်မီးလောင်မှုနှင့်တိုက်ပွဲမှုတွင် စွမ်းစွမ်းတမံကယ်တင်ဆောင်ရွက်ခဲ့သော မီးသတ်တပ်ဖွဲ့ဝင်များအားလည်းကောင်း၊ ဂုဏ်ပြုဆုနှင့်ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ဗဟိုမီးသတ်သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဗိုလ်မှူးကြီးသောင်ဇင်က မီးလောင်မှုတွင် စွမ်းစွမ်းတမံ အသက်ကယ်ဆယ်ရေးဆောင်ရွက်ခဲ့သော မီးသတ်တပ်ဖွဲ့ဝင် ၁၄ဦးအားလည်းကောင်း၊ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ရရှိသူ မီးသတ်တပ်ဖွဲ့ဝင် ၂၉ဦးအားလည်းကောင်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)ဗလသင်တန်းတွင် စစ်ရေးပြအကောင်းဆုံးဆုရရှိသူ မီးသတ်တပ်ကြပ်ကြီး(ရုံး)အောင်မျိုးထွန်းအားလည်းကောင်း၊ ဗဟိုအဆင့် မီးသတ်ကျင့်ဝတ်ဖြေဆိုရာတွင် ဆုရရှိသော အရာရှိအဆင့် သုံးဦး၊ အကြပ် အဆင့်သုံးဦး၊ တပ်သားအဆင့် သုံးဦးတို့အားလည်းကောင်း ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်သည်။ **(သတင်းစဉ်)**

နယ်လှည့်စာကြည့်တိုက်ဖွင့်

ရန်ကုန် မေ ၅

ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ မတ်လက ဗဟန်းမြို့နယ် ငါးထပ်ကြီး(တောင်)ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးတွင် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲဖွင့်ပွဲကျင်းပခဲ့ရာ ရပ်ကွက်ဥက္ကဋ္ဌ ဦးကျော်ရှင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဌေးက နယ်လှည့်စာကြည့်တိုက်နှင့်စာပေအကြောင်းဟောပြောသည်။**(ဝဲပုံ)** **(မြို့နယ် ပြန်/ဆက်)**

မြန်မာ့ရုပ်မြင်သံကြား

၆-၅-၂၀၀၄ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၆။ အဆိုပြိုင်ပွဲ
- ၈:၀၀ ၇။ အကပဒေသာ
- ၈:၁၀ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈:၂၀ ၉။ ကျောက်ကြီးပေါက်တံတား
- ၈:၃၀ ၁၀။ International News
- ၈:၄၅ ၁၁။ Let's Go
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ English for Everyday Use
- ၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(ဓာတုဗေဒ အထူးပြု) (ဓာတုဗေဒ)
- ၁၇:၁၅ ၆။ ချစ်စရာ အရွယ်ကကြိုးသွယ်
- ၁၇:၃၀ ၇။ **"နင်းကြည့်စမ်းပါ"** (မင်းအုပ်စိုး၊ ညီဘွား၊ ခင်စိုးပိုင်) (ဒါရိုက်တာမင်းအုပ်စိုး)
- ၁၇:၄၀ ၈။ တေးဂီတအစီအစဉ်
- ၁၇:၅၀ ၉။ မြန်မာစာမြန်မာစကား
- ၁၈:၀၅ ၁၀။ မှုဟန်သွယ်သွယ်ဆိုကြမယ်
- ၁၈:၂၀ ၁၁။ နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
- ၁၈:၃၀ ၁၂။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"မိုးနတ်မယ်"** (အပိုင်း-၁၉)
- ၁၉:၄၀ ၁၅။ တေးဂီတအစီအစဉ်
- ၂၀:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ မြန်မာဗီဒီယိုဇာတ်လမ်း **"မေနိုင်း" အပိုင်း(၁)** (ကျော်ဟိန်း၊နန္ဒာလှိုင်) (ဒါရိုက်တာ-ကျော်ဇောလင်း)
- ၂၀။ နောက်တစ်နေ့အစီအစဉ်
- ၂၁။ အစီအစဉ်ပြီး၏။

ထူးခြားသည့်နေ့အပူချိန်များ

၅-၅-၂၀၀၄

မကွေးမြို့ ၄၄ ဒီဂရီစင်တီဂရိတ် (၁၁၁ ဒသမ ၂ ဒီဂရီဖာရင်ဟိုက်)

ချောက်မြို့ ၄၄ ဒီဂရီစင်တီဂရိတ် (၁၁၁ ဒသမ ၂ ဒီဂရီဖာရင်ဟိုက်)

သာယာဝတီမြို့ ၄၃ ဒီဂရီစင်တီဂရိတ် (၁၀၉ ဒသမ ၄

စိုက်ပျိုးနိုင်သည့် မြေလွတ်မြေရိုင်းများ ရှာဖွေဖော်ထုတ် တစ်သီးစားမှ နှစ်ပေါ်၊ မိုးစပါး၊ သီးထပ်သီးညှပ်များစိုက်ပျိုး ထွန်ယက်ရိတ်သိမ်းနိုင်သော ခေတ်မီစက်ကိရိယာများအသုံးပြု

ရန်ကုန် မေ ၅

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် မြို့သစ်တပ်နယ်တွင် ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မောင်မောင်ဆွေ၊ ဗန်းမော်တပ်နယ်မှ ဗိုလ်မှူးချုပ်စိုးနွယ်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဧပြီ၂၇ရက် နံနက် ၈နာရီခွဲက မိုးမောက်မြို့နယ် မြို့သစ်တိုက်နယ်ဆေးရုံကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် အဖွဲ့ဝင်များနှင့်အတူ မြို့သစ်တိုက်နယ်ဆေးရုံ၏ ခွဲစိတ်ခန်း၊ အမျိုးသမီးဆေးကုသဆောင်၊ အမျိုးသားဆေးကုသဆောင်နှင့် ပြင်ပလူနာဆောင်တို့ကို လိုက်လံကြည့်ရှု စစ်ဆေးရာ တိုက်နယ်ဆရာဝန် ဒေါက်တာဆန်းဝင်းက လိုက်လံရှင်းလင်း ပြသသည်။

ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က မြို့သစ် တိုက်နယ်ဆေးရုံအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မြို့သစ် အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိပြီး တိုးချဲ့နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ရန် မြေနေရာရွေးချယ်ထားခြင်းကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

အလှူငွေပေးအပ်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က မြို့သစ် အခြေခံပညာအထက်တန်းကျောင်း တိုးချဲ့ နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ရေးအတွက် အလှူငွေ ကျပ်ငါးသိန်းကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီး ဦးစိန်ယွန်းတန်ဂွန်းက လက်ခံသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မိုးမောက်မြို့နယ် မန်ပုံကျေးရွာအနီးရှိ မိုးမောက်–နမ့်ဆိုင်လမ်းပေါ်တွင် တည်ဆောက်လျက်ရှိသည့် နန့်ကျရီချောင်းတံတား တည်ဆောက်ရေး လုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

နန့်ကျရီချောင်းတံတား

နန့်ကျရီချောင်းတံတားသည် အလျားပေ ၃၁၀ရှိသည်။ ကမ်းကပ်ခုံနှင့်ရေလယ်တိုင်ဆောက်လုပ်ခြင်း လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးလျက်ရှိပြီး တံတားတစ်စင်းလုံး၏ လုပ်ငန်းပြီးစီးမှုမှာ ၅၀ရာခိုင်နှုန်းဖြစ်ကြောင်း သိရှိရသည်။

သူနာပြုနှင့်သားဖွားသင်တန်းကျောင်း

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာန ဗန်းမော်မြို့ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းသို့ရောက်ရှိကြရာ သူရိယဆောက်လုပ်ရေးကုမ္ပဏီ တာဝန်ခံအင်ဂျင်နီယာ ဦးအောင်မျိုးမင်းက ဗန်းမော်မြို့ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း ဆောက်လုပ်ရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။ ဗန်းမော်မြို့ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း ဆောက်လုပ်မှုလုပ်ငန်းမှာ ၉၂ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရှိရသည်။

ဗန်းမော်ဒီဂရီကောလိပ်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ဗန်းမော် ဒီဂရီကောလိပ် တည်ဆောက်ရေးစီမံကိန်းသို့ သွားရောက်ကြည့်ရှု စစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဗန်းမော်ဒီဂရီ ကောလိပ်အတွင်း တည်ဆောက်ရေးလုပ်ငန်းများ တိုးတက်မှုအခြေအနေကို မော်တော်ယာဉ်ဖြင့် လိုက်လံကြည့်ရှု စစ်ဆေးသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မွန်းလွဲပိုင်းတွင် ဗန်းမော်မြို့ မြို့တော်ခန်းမ၌ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ဗန်းမော်မြို့ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းမှ သင်တန်းသူများနှင့် တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဗန်းမော်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှသောင်းက ဗန်းမော်ခရိုင်၏ စီမံခန့်ခွဲရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာလုပ်ငန်းများ အကောင်အထည် ဖော်ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ခေတ်မီစက်ကိရိယာများအသုံးပြု

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အမှာစကားပြောကြားရာတွင် ဗန်းမော်ခရိုင်အနေဖြင့် ဝမ်းစာဖူလုံမှုရှိသော်လည်း ဗန်းမော်မြို့နယ်၌ ဝမ်းစာဖူလုံမှု မရှိသေးကြောင်း၊ ဝမ်းစာဖူလုံအောင် ခရိုင်နှင့်မြို့နယ်မှ တာဝန်ရှိသူများသည် စိုက်ပျိုးနိုင်သည့် မြေလွတ်မြေရိုင်းများ ရှာဖွေဖော်ထုတ်ခြင်း၊ စိုက်ပျိုးရေရရှိနိုင်မည့် နေရာများ ရှာဖွေခြင်း၊ တစ်သီးစားမှသည် နွေစပါး၊ မိုးစပါး သီးထပ် သီးညှပ်များကို သမားရိုးကျ စိုက်ပျိုးရေး၊ နည်းလမ်းများ အသုံးပြုခြင်းအပြင် ထွန်ယက်ရိတ်သိမ်းနိုင်သော ခေတ်မီစက်ကိရိယာများကိုလည်း အသုံးပြုသွားရန် လိုကြောင်း။

တစ်ဖက်တွင်လည်း စပါးစိုက်ပျိုး၍မရသည့် မြေနေရာများတွင် နှစ်ရှည်သီးနှံပင်များ စိုက်ပျိုးသွားကြရန် လိုကြောင်း၊ ထိုကဲ့သို့ လိုက်နာဆောင်ရွက်ခြင်းဖြင့် ဗန်းမော်မြို့နယ်တွင် ဒေသဝမ်းစာဖူလုံလာမည့်အပြင် ပိုလျှံလာမည်ဖြစ်ကြောင်း၊ ဗန်းမော်မြို့နယ်တွင် တာဝန်ရှိသူများအနေဖြင့် မိမိဒေသအတွင်း ရေအားလျှပ်စစ် ထုတ်လုပ်နိုင်မည့် နေရာများကို ရှာဖွေလုပ်ကိုင်သွားကြရန် လိုကြောင်း။

လက်တွဲလုပ်ဆောင်

ဝန်ထမ်းအနေဖြင့်လည်း မိမိတို့တာဝန်ထမ်းဆောင်ရာ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသခံပြည်သူများနှင့် လက်တွဲ၍ စေတနာအပြည့်အဝထားကာ လုပ်ဆောင်သွားကြရန် တိုက်တွန်းပြောကြားသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တိုင်းမှူးဗိုလ်ချုပ်မောင်မောင်ဆွေနှင့်အတူ ထိုနေ့နံနက် ၆နာရီခွဲတွင် ကချင်ပြည်နယ် မိုးမောက်မြို့နယ် မြို့သစ် တပ်နယ်အတွင်းရှိ တပ်ရင်းများမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား မိုးကြိုးခန်းမ၌ တွေ့ဆုံမှာကြားသည်။

တွေ့ဆုံပွဲတွင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တပ်တွင်း စိုက်ပျိုး မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး၊ နိုင်ငံတော်ကချမှတ်ထားသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ် အောင်မြင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ကြရေး မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ကြည့်ရှုအားပေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့်အတူ မြို့သစ် တပ်နယ်အတွင်းရှိ တပ်ရင်းများ၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို လိုက်လံကြည့်ရှု အားပေးသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့
ဗဟိုဦးစီးအဖွဲ့အစည်းအဝေး ၂၀၀၄ ခုနှစ်
မေလ (၁၁) ရက်မှ (၁၃) ရက်
ပြည်ထောင်စုခန်းမ၊ ကျိုက္ကဆံကွင်း
ရန်ကုန်မြို့

ဗန်းမော်ဒီဂရီကောလိပ်ပြီးစီးမှု

ကချင်ပြည်နယ် ဗန်းမော် ဒီဂရီကောလိပ် တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

လမ်းများအရှည်အသွေးကောင်းမွန်စွာဆောင်ရွက်ရန် နယ်စပ်/ စည်ပင် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေမှာကြား

ရန်ကုန် မေ ၅

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေသည် မေ၁ရက် နံနက်ပိုင်းက ကျောင်းကုန်းမြို့သို့ ရောက်ရှိရာ ရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်အောင်ငွေ တို့က ၂၀၀၄–၂၀၀၅ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် အရှည်သုံးမိုင်ကျော်ရှိ မြို့တွင်းလမ်း လေးလမ်းကို ကတ္တရာ ထပ်ပိုးလွှာခင်းမည့် လုပ်ငန်း အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။ ဒုတိယဝန်ကြီးက အဆိုပါလမ်းများကို အရှည်အသွေးကောင်းမွန်စွာ ဆောင်ရွက်ရန် မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် ရေကြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးသို့ ရောက်ရှိပြီး ဝန်ထမ်းများအား တွေ့ဆုံမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ရေကြည်မြို့၊ ပုသိမ်မြို့၊ ငါးသိုင်းချောင်းမြို့များသို့ သွားသည့်ကြက်လျှာစွန်းလမ်းဆုံတွင် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို ပန်းအလှပင်များဖြင့် လှပစွာဆောင်ရွက်ရေး မှာကြားကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

အခွင့်အလမ်းပွင့်၊ အရည်အသွေးမြင့်၊ ပညာခက်ဖြာ
အမျိုးသားပညာရည်မြင့်မားရေးအထူးလေးနှစ်စီမံကိန်းပြပွဲ
စိန်ရတုခန်းမ၊ ၂၀၀၄ ခုနှစ်၊ မေလ (၄–၇)ရက်

■ ကျောဖုံးမှ

အဆင့်မြင့်ပညာကဏ္ဍကို လည်းကောင်း ပြသထားသည်။

မြေညီထပ်

မြေညီထပ်၌ အခြေခံပညာကဏ္ဍပြခန်းကို ပြသထားရာ ပြပွဲလာကျောင်းသား ကျောင်းသူများဖြင့် အထူးစည်ကားလျက်ရှိသည်။ မြေညီထပ်၌ ပြကွက်များအနေဖြင့် ရသပညာ(ပန်းချီ)ပြခန်း၊ ရသပညာ(ဂီတ)ပြခန်း၊ သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့် စစ်ဆေးတိုင်းတာမှုပြခန်း၊ အခြေခံပညာကဏ္ဍ အထူးလေးနှစ်စီမံကိန်းနှင့်စာရင်းအင်းပြခန်း၊ ကျောင်းနေ လုပ်ငန်းဆောင်ရွက်မှုနှင့် မူလတန်းလွန် ကျောင်းများဖွင့်လှစ်ပြသမှုပြခန်း၊ လူတိုင်းအတွက်ပညာရေး(EFA)ပြခန်း၊ ကျောင်းပြင်ပပညာရေး(NFE)ပြခန်း၊ သင်ထောက်ကူပစ္စည်းပြခန်း၊ သိပ္ပံလက်တွေ့ပြခန်းများ၊ အိမ်တွင်းမှုပြခန်း၊ စိုက်ပျိုးရေးပြခန်း၊ အခြေခံပညာအထက်တန်းအဆင့် ထူးချွန်ကျောင်းသားများပြုစုပျိုးထောင်ရေး အစီအစဉ်၊ ပညာရည်မြင့်မားရေးဆောင်ရွက်မှုပြခန်းနှင့် ဆရာအတတ်ပညာ ဖွံ့ဖြိုးရေးပြခန်းတို့ ပါဝင်သည်။

အိမ်တွင်းမှု ဘာသာရပ်ပြခန်းမှာ ပြပွဲလာကျောင်းသားကျောင်းသူများ စိတ်ဝင်တစားကြည့်ရှုသည့် ပြခန်းတစ်ခုဖြစ်သည်။ တောင်ဥက္ကလာပ အလက(၄)မှ အလယ်တန်းပြဆရာမဒေါ်ခိုင်နန်းမွန်နှင့် မူလတန်းပြဆရာမဒေါ်တင်တင်ဟန်တို့နှင့်အတူ ကျောင်းသားကျောင်းသူလေးများက ကောက်ညှင်းပေါင်းကို ထမင်းပေါင်းအိုးဖြင့် နူးညံ့နေအောင် ပေါင်းပြသည်ကို အထူးသဘောကျကြသည်။ အိမ်တွင်းမှုလုပ်ငန်းများသည် ပညာရေးဘက်စုံ ဖွံ့ဖြိုးတိုးတက်မှုအတွက် တစ်ကဏ္ဍပါဝင်နေသည်ကို ပြသလိုခြင်းဖြစ်ကြောင်း သိရသည်။

လက်မှုပညာပိုင်း အနေဖြင့် လှိုင် အထက(၂)မှ ဆရာမ ဒေါ်နွဲ့နန္ဒာစိုးနှင့် ဒေါ်စန်းစန်းနွယ်တို့က ကျောင်းသူလေးများ ပြုလုပ်ထားသည့် ပန်းစက္ကူကိုအခြေခံသည့် လက်မှုပစ္စည်းများ၊ စွန့်ပစ်ပစ္စည်း အခြေခံလက်မှုပစ္စည်းများကို ပြသထားသည်။ အမှိုက်မှသည် လူသုံးကုန်သို့ဟူသော ဆောင်ပုဒ်ဖြင့်အမှိုက်များကို မည်သို့ပြန်လည်အသုံးပြုနိုင်မည်ဆိုသည်ကို အဓိကရည်ရွယ်ပြသထားသည်။ ပြသထားသော ပစ္စည်းများထဲတွင် ကြက်ဥ၊ ဘဲဥခွံများကို ညှပ်ခံပန်းအိုးလေးများပြုလုပ်ခြင်း၊ ကြက်သွန်ဖြူအခွံမှ ပန်းပြုလုပ်ခြင်း၊ ပြက္ခဒိန် အဟောင်းအစုတ်များမှ ပန်းအိုးများပြုလုပ်ခြင်း၊ ပုတီးကုံးလေးများ ပြုလုပ်ခြင်းနှင့် ကော်ဖီမစ်အခွံများကို ပန်းကလေးများပြုလုပ်ထားခြင်းတို့ကို တွေ့ရသည်။

ပထမထပ်ရှိပြခန်းများကိုစိတ်ဝင်တစား လာရောက်ကြည့်ရှုနေကြသူများအနက်မှ ကြည့်မြင်တိုင်မြို့နယ် အထက(၁)မှ အလယ်တန်းကျောင်းသူလေးများအား မေးမြန်းကြည့်ရာ ကျောင်းသူလေးများက "ပြပွဲကို ကြည့်ရှုရသဖြင့် ဗဟုသုတရသလို ပျော်ရွှင်စရာကောင်းကြောင်း၊ မြန်မာနိုင်ငံ၏ ပညာရေးသမိုင်းကို သိရှိခွင့်ရကြောင်း၊ ကျောင်း၌ ဆွေးနွေးပြောဆိုသည်များကို လက်တွေ့မြင်ခွင့်ရကြောင်း၊ ကျောင်း၌ သင်ကြားမှုထက်စာလျှင် လက်တွေ့လုပ်ဆောင်မှုများကို ပို၍ သဘောကျကြောင်း" မြန်မာ့အလင်းသို့ ဖြေကြားကြသည်။ သိပ္ပံပြခန်း၌ ဓာတ်ငွေ့ထုတ်ဖော်ပုံများကို လက်တွေ့ပြသလျက်ရှိရာ ကလေးများ အထူးသဘောကျနှစ်ခြိုက်ကြသည်။

ဒုတိယထပ်

ဒုတိယထပ်သို့ တက်သွားသောအခါ ICT Development ပြခန်းများကို စိတ်ဝင်စားဖွယ်ရာ ကြည့်ရှုခွင့်ရသည်။ ICT ပြခန်းပြကွက်များ ခင်းကျင်းပြသထားပုံမှာ စနစ်ကျနပြီး မြန်မာ ကျောင်းသားကျောင်းသူလေးများ၏ စွမ်းရည်မြင့်မားမှုကို အထင်အရှား မြင်တွေ့နိုင်သည်။ ပြသထားမှုများအနက် မာလ်တီမီဒီယာသမိုင်းကြောင်းကို ကွန်ပျူတာများအသုံးပြု၍ လည်းကောင်း၊ ကားချပ်များချိတ်ဆွဲ၍ လည်းကောင်း၊ မှတ်တမ်းစာအုပ်စာရွက်များဖြင့်လည်းကောင်း၊ ကျောင်းများမှ ထုတ်ဝေထားသည့် CD များ၊ Video Tapes များဖြင့်လည်းကောင်း ပြသထားသည်။

Electronic Media (Audio System) ပြခန်းတွင် Language Proficiency သရုပ်ပြသခြင်းအဖြစ် ကျောင်းသူအချင်းချင်း အင်္ဂလိပ်ဘာသာဖြင့် ဆွေးနွေးပြောခြင်းများကို သရုပ်ပြသလျက်ရှိရာ ပိုင်နိုင်စွာ ဖတ်နိုင်သည့် စွမ်းရည်ကို ပြပွဲလာများအထူးချီးကျူးကြရသည်။ အလယ်တန်း ကျောင်းသားကျောင်းသူလေးများ၏ စာတမ်းဖတ်ပွဲကို သရုပ်ဖော်ပြသနေသည့် Pressnation Session

အမှတ်(၁) အခြေခံပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးတင်ညိုက အလယ်တန်းကျောင်းသူလေးတစ်ဦး၏ အင်တာနက် ကိုင်တွယ်အသုံးပြုမှုနှင့် ပတ်သက်၍ မြန်မာ့အလင်းသို့ လက်တွေ့ရှင်းလင်းပြောကြားစဉ်။ ဓာတ်ပုံမှတ်တမ်း–တင်စိုး(မြန်မာ့အလင်း)

၌ ရောဝတီတိုင်း အင်္ဂပူမြို့နယ် ညောင်ကျိုး အထကမှကျောင်းသူလေး မကေခိုင်ဝင်းက ရောဝတီ မြစ်ဝကျွန်းပေါ်ဒေသ၏အစနှင့် ငဝန်မြစ်ကြောင်း ဖွံ့ဖြိုးတိုးတက်ရေးစာတမ်းကို ပရိုဂျက်တာများဖြင့် ရှင်းလင်းပြသရာ ပြပွဲလာများ တအံ့တသြဖြစ်နေကြသည်။

ရှင်းလင်းပြောကြား

အခြေခံပညာကဏ္ဍ ICT Development ပြခန်း၏ တာဝန်ခံ အမှတ်(၁)အခြေခံ ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးတင်ညိုအား မြန်မာ့အလင်းက တွေ့ဆုံမေးမြန်းခဲ့သည်။

ညွှန်ကြားရေးမှူးချုပ် ဦးတင်ညိုက မာလ်တီမီဒီယာစာသင်ခန်းများ ဖြစ်ပေါ်လာပုံနှင့်ပတ်သက်၍ "၁၉၉၈ ခုနှစ်၌ ပညာရေးမြှင့်တင်မှုအစီအစဉ်ကို စတင်ခဲ့ကြောင်း၊ အဆိုပါ အစီအစဉ်၌ ခေတ်မီဆက်သွယ်ရေး ကိရိယာများကို အသုံးပြု၍သင်ကြားရန် စာတမ်းတစ် စောင်တင်သွင်းခဲ့ကြောင်း၊ စာတမ်း၌ လုပ်ငန်းစဉ် ၁၀ ခု ချမှတ်ပြီး ခေတ်မီနည်းပညာ အသုံးပြုသင်ကြားရေးနှင့် ပတ်သက်၍ တင်ပြခဲ့ကြောင်း၊ ထိုနှစ်၌ပင် မာလ်တီမီဒီယာစာသင်ခန်းများ စတင်ဖွဲ့စည်းခဲ့ကြောင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များက လိုအပ်သည့်ပစ္စည်းများ ပံ့ပိုးပေးကြ၍ မာလ်တီမီဒီယာ စာသင်ခန်းများပေါ်ထွက်လာခဲ့ကြောင်း၊ ယခုပြခန်း၌ မာလ်တီမီဒီယာ Class Room ပေါ်ပေါက်လာပုံ ကိုပြသထားကြောင်း၊ ၂၀၀၁ ခုနှစ် စက်တင်ဘာ ၆ရက်မှ ၁၀ ရက်အထိ တပ်မတော်ခန်းမ၌ မြန်မာ့သွင်ပြင် အိုင်တီလူငယ် အမြင်ပြပွဲကို ပြသနိုင်ခဲ့ကြောင်း၊ ပညာရေးဆွေးနွေးပွဲများ၌ အတတ်ပညာပိုင်းဆိုင်ရာ သင်တန်းများ လိုအပ်မှုရှိပုံကို တင်ပြခဲ့ကြောင်း၊ ယခုပြကွက်များ၌ ကျောင်းသားကျောင်းသူလေးများ၏ စွမ်းဆောင်ရည်မှာ အထူးမြင့်မားသည်ကို ပြပွဲလာများက လက်ခံသွားကြကြောင်း၊ အချို့ဆိုလျှင် ကလေးများအား အင်တာနက်ကို လက်တွေ့အသုံးပြုနိုင်ခြင်းရှိ မရှိ စမ်းသပ်မေးမြန်းရာ ကလေးများက လက်တွေ့အသုံးပြု ပြသနိုင်၍ ချီးကျူးစကားပြောကြား ကြကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသည်။

တတိယထပ်

အဆင့်မြင့်ပညာကဏ္ဍ ပြခန်းများရှိသည့် တတိယထပ်သို့ တက်ရောက်သွားလျှင် ရှေးဦးစွာမြင်တွေ့ရမည့် ပြကွက်မှာ စာအုပ်စင်များပေါ်၌ အစီအရီတင်ထားသော စာအုပ်များပင် ဖြစ်သည်။ အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်းအရ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ရှိ စာကြည့်တိုက်များသို့ ဖြန့်ဝေရန်အတွက် လေးနှစ်တာအတွင်း ဝယ်ယူစုဆောင်းခဲ့သော စာအုပ်များမှာ အုပ်ရေ ၃၈၁၄၈ အုပ်ဖြစ်သည်။

အဆင့်မြင့်ပညာကဏ္ဍ ပြခန်း၌ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဆိုင်ရာကဏ္ဍ၊ သုတေသနလုပ်ငန်းများ ဆိုင်ရာကဏ္ဍ၊ စဉ်ဆက်မပြတ် သင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းဆိုင်ရာကဏ္ဍ၊ နည်းပညာအသုံးပြုမှုကဏ္ဍ၊ ပညာရည်အဆင့်မြှင့်တင်မှုဆိုင်ရာကဏ္ဍ၊ အမျိုးသားရေးစံနှုန်းနှင့် အမျိုးသားရေးတန်ဖိုး ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာကဏ္ဍတို့ကို ပြသထားသည်။

တတိယထပ်ရှိပြကွက်များအနက် သတ္တဗေဒဌာနမှ ပြသလျက်ရှိသော ပြကွက်များမှာ ပြပွဲလာများ စိတ်ဝင်တစားကြည့်ရှုခြင်းခံရသည်။ သတ္တဗေဒဌာနက ပြကွက်သုံးမျိုး ပြသထားရာ ပါရဂူသင်တန်းသား သင်တန်းသူများ လုပ်ဆောင်သည့် ကိုယ်ပိုင်သုတေသနလုပ်ငန်းများ၊ အဆိုပါ လုပ်ငန်းများအနက် လတ်ဆတ်သည့်အသားနှင့် ရေခဲစိမ်အသား များမှ ထုတ်ယူသည့် ဘက်တီးရီးယား ပိုးမွှားများအကြောင်းနှင့် လိပ်ပြာများကို လက်တွေ့ခန်းအတွင်း၌ မွေးမြူနည်းအဆင့်ဆင့် ပါဝင်သည်။ တတိယပြကွက်မှာ နိုင်ငံခြားအဖွဲ့အစည်းတစ်ခုဖြစ်သည့် Harrison Institute, UK နှင့် သတ္တဗေဒဌာနတို့ ပူးပေါင်းလုပ်ဆောင်သည့် သုတေသနလုပ်ငန်းများမှ ရရှိသည့် ရလဒ်များဖြစ်သည်။ အဓိကအနေဖြင့် လင်းနို့များကို သုတေသနပြုထားခြင်းဖြစ်သည်။

သတ္တဗေဒပြကွက်တာဝန်ခံ သတ္တဗေဒဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာဒေါ်စီစီဘူးက "အထူးသဖြင့် အခြေခံပညာကျောင်းတွေက ကလေးတွေဟာ လိပ်ပြာ၊ လင်းနို့ မွေးမြူပုံတွေကို စိတ်ဝင်စားကြပါတယ်။ လင်းနို့အသံကို ဘယ်လိုဖမ်းလဲ၊ လင်းနို့ချေးကိုဘယ်လိုသုံးသလဲ၊ ပဲ့တင်သံကို ဘယ်လိုဖမ်းသလဲဆိုတာတွေကို သိချင်ကြတယ်။ နောက်ပြီး အသားမှာတွေ့ရတဲ့ဘက်တီးရီးယားပိုးကို မိုက်ခရိုစကုတ်ကကြည့်ရတာကိုလည်း အထူးသဘောကျကြတယ်" ဟု မြန်မာ့အလင်းသို့ ပြောပြသည်။

ရှားပါးသစ်ခွ

ရုက္ခဗေဒဌာန ပြကွက်၌လည်း မြန်မာနိုင်ငံ၌ တွေ့မြင်ရခဲသည့် ရှားပါးသစ်ခွများ၊ ဘိန်းအစားထိုးသီးနှံအဖြစ် စိုက်ပျိုးနေသည့် ဆေးသကြားပင်အား သုတေသနပြုနေမှု၊ Tissue Culture နည်းဖြင့် သစ်ခွများကို မျိုးပွားနေမှုများအား ပြသထားသည်။

ရှားပါးသစ်ခွပြကွက်တွင် သစ်ခွနက်၊ ခွန်မြစန်းသစ်ခွ၊ မြွေနဂါးသစ်ခွ၊ မြွေမင်းသမီးသစ်ခွတို့ကိုပြသထားသည်။ ထို့အပြင် ရုက္ခဗေဒဌာနမှ ပါရဂူဘွဲ့ယူကျမ်းများကိုလည်း ပြသထားရာ ဒေါက်တာမြင့်အောင်၏ ဂျပန်နိုင်ငံတက္ကသိုလ်မှ ရယူခဲ့သော ပတ်ဝန်းကျင်ဆိုင်ရာ သုတေသနကျမ်းနှင့် ဒေါ်နုနုဆွေ၏ ခူသန်အပင်နှင့် ပတ်သက်သော စာတမ်းတို့ကို ထူးခြားစွာတွေ့ရသည်။

ရုက္ခဗေဒဌာနမှ တွဲဖက်ပါမောက္ခ ဦးမျိုးဟန်က "အခုပြသထားတဲ့ ရှားပါးသစ်ခွတွေဟာ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ ရောင်းဝယ်ခြင်းမပြုဖို့ ဥပဒေချမှတ်ထားခြင်းခံရတဲ့ သစ်ခွမျိုးတွေပါ။ မျိုးပွားပြီးမှသာ ရောင်းခွင့်ရှိပါတယ်။ သစ်ခွနက်ဆိုရင် မြန်မာပြည်မှာပဲ ပေါက်ပါတယ်။ မြန်မာပြည်မှာတောင်မှ ကချင်ပြည်နယ် မြောက်ဖျားပိုင်းမှာပဲ ပေါက်ပါတယ်" ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။

ခိုက်တိုဆန်ပေါ်လီမာ

တက္ကသိုလ်များ သိပ္ပံသုတေသနဌာနမှ ပြသထားသည့် စွန့်ပစ်ပစ္စည်း ပုစွန်ခွံမှ ခိုက်တိုဆန်ပေါ်လီမာထုတ်လုပ်ခြင်းပြကွက်မှာ ဆန်းသစ်ထူးခြားလှသည်။ "စွန့်ပစ်ပစ္စည်းဖြစ်တဲ့ ပုစွန်ခွံများတွင် ခိုက်တင် ပေါ်လီမာ၊ ပရိုတင်းနဲ့ကယ်လစီယမ် ကာဗွန်နိတ်တို့ အဓိကပစ္စည်းအဖြစ် ပါဝင်လျက်ရှိကြောင်း၊ ထို့ကြောင့် ပုစွန်ခွံမှ ပရိုတင်းနှင့် ကယ်လီစီယမ်ကာဗွန်နိတ်တို့ကို ဖယ်ထုတ်ခြင်းဖြင့် ခိုက်တင်ပေါ်လီမာ ရရှိပြီး ထိုမှတစ်ဆင့် ခိုက်တိုဆန်ပေါ်လီမာကို ထုတ်ယူနိုင်ကြောင်း၊ ခိုက်တိုဆန်ပေါ်လီမာ၏ အသုံးဝင်မှုမှာ လျှပ်ကူးဖလင်ပြားများပြုလုပ်နိုင်ခြင်း၊ ရေဆိုးများသန့်စင်ရာတွင် အသုံးပြုနိုင်ခြင်းနှင့် ဖလင်ပြားများစမ်းသပ်ထုတ်လုပ်နိုင်ကြောင်း၊ စီးပွားဖြစ်လုပ်မည်ဆိုလျှင် လုပ်နိုင်သည့်အနေထားရှိကြောင်း" ရန်ကုန်တက္ကသိုလ် တက္ကသိုလ်များ သိပ္ပံသုတေသနဌာနမှ ဓာတုဗေဒဌာန ကထိက ဒေါ်လှိုင်လှိုင်ကလည်း မြန်မာ့အလင်းသို့ ရှင်းလင်းပြောကြားသည်။

အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်း အကောင်အထည်ဖော်မှုပြပွဲသည် မြန်မာ့ပညာရေးလောက၏ စွမ်းဆောင်အောင်မြင်နေမှုနှင့် မြန်မာကျောင်းသူကျောင်းသားများ၏ IT နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုများကို ထင်ဟပ်ပေါ်ညွှန်းလျက်ရှိကြောင်း သတင်းစကားပါးလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

စိန်ရတုခန်းမ တတိယထပ် အဆင့်မြင့်ပညာကဏ္ဍပြခန်း၌ ပြသထားသော အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်းကာလအတွင်း ဝယ်ယူဖြည့်တင်းပေးခဲ့သော စာအုပ်များကို ဤသို့ တွေ့ရသည်။ ဓာတ်ပုံမှတ်တမ်း–တင်စိုး(မြန်မာ့အလင်း)

လှိုင်သာယာ အောင်မြေသာယာရွှေစေတီတော် ထီးနန်းစိန်ဖူးတော်နှင့် ငှက်မြတ်နားတော် တင်လှူပူဇော်

ရန်ကုန် မေ ၅

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် ဆုတောင်းပြည့် အောင်မြေသာယာ ရွှေစေတီတော်မြတ်ကြီး ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော် ဆက်ကပ်တင်လှူပူဇော်ပွဲမင်္ဂလာအခမ်းအနားကို မေ ၃ ရက်က အဆိုပါစေတီတော် ပရဝဏ်အတွင်းရှိ ဗဟိုမဏ္ဍပ်၌ ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တ စန္ဒသီရိနှင့် ဆရာတော်ကြီးများ၊ မြို့နယ်သံဃနာယက အဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးနှင့် အဖွဲ့ဝင်ဆရာတော်များ၊ ပင့်သံဃာတော်များ ကြွရောက် ချီးမြှင့်တော်မူကြပြီး ရန်ကုန်မြောက်ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြတ်မင်း၊ မြို့နယ်ဥက္ကဋ္ဌဦးခင်သိန်းမောင်နှင့် မြို့နယ် ကောင်စီဝင်များ၊ မြို့နယ် သာသနာရေးဦးစီးမှူး ဦးပေါ်ချိန်၊အောင်မြေသာယာရွှေစေတီဂေါပက အဖွဲ့ဥက္ကဋ္ဌ ဦးသန်းမြင့်နှင့် ဂေါပက အဖွဲ့ဝင်များ၊အလှူရှင်များ တက်ရောက် ကြည်ညိုကြသည်။**(အပေါ်ပုံ)**

အခမ်းအနားတွင်ခရိုင်ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီး မြတ်မင်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးခင်သိန်းမောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး ဉာဏ်ဝင်းနှင့်အောင်မြေသာယာ ရွှေစေတီဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးသန်းမြင့်တို့ကစေတီတော်အထွတ်တွင် စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့အား မင်္ဂလာအချိန်၉နာရီ၄၅မိနစ်တွင်တင်လှူပူဇော်ကြကာ ရွှေမိုး ငွေမိုး ရွာသွန်းဖြိုးကြကြောင်းသိရသည်။ **(၁၈၀)**

မေ ၅ရက်က ဗဟန်းမြို့နယ် ရေတာရှည်လမ်းဟောင်း အမှတ် ၁၁၈ နေ သမ္မတသက်န်းတိုက်ပိုင်ရှင် သီဟသုဓမ္မမဏိဇောတဓရ သီရိသုဓမ္မမဏိဇောတဓရ ဦးသန်းနိုင်နှင့်ဇနီး သီဟသုဓမ္မသီဂီ ဒေါ်ကြည်ကြည်ဆွေမိသားစုကမြန်မာ့အလင်းသတင်းစာတိုက် သာသနဝိပဿနာရိပ်သာဘာသာအသင်းကကြီးမှူးကျင်းပမည့် (၂၆)ကြိမ်မြောက် ဒုလ္လဘရဟန်းခံ၊ သီလရှင်ဝတ်အလှူတော်မင်္ဂလာအတွက် သပိတ်ပရိက္ခရာ ၁၁ စုံ၊ခေါင်းအုံး ၁၁ လုံး၊ သီလရှင်ဝတ်စုံသုံးစုံကိုပေးအပ်လှူဒါန်းရာ စာတည်းမှူးချုပ်ကိုယ်စား အသင်းအတွင်းရေးမှူး စာတည်း ဦးညွန့်အောင်ကလက်ခံယူစဉ်။ (မြန်မာ့အလင်း)

အမျိုးသမီးတံခွန်စိုက်နှင့်သက်တမ်းအလိုက်စစ်တုရင်ပြိုင်ပွဲ ကျော်ရန်နိုင် ရှုံးပွဲမရှိ ငါးပွဲနိုင်ဖြင့်ဦးဆောင်

ရန်ကုန် မေ ၅

မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသည့် (၆)ကြိမ်မြောက် အမျိုးသမီး တံခွန်စိုက်နှင့် သက်တမ်းအလိုက် အမျိုးသား အမျိုးသမီး စစ်တုရင်ပြိုင်ပွဲများကို ဧပြီ ၃၀ ရက်မှစတင်၍ အောင်ဆန်းအားကစားပြိုင်ဝင်း၌ မိုးလုံလေလုံခန်းမတွင်ကျင်းပရာ ယနေ့အထိ ငါးပွဲစီကစားပြီးဖြစ်သည်။ အမျိုးသမီးအလွတ်တန်း တံခွန်စိုက် စစ်တုရင်ပြိုင်ပွဲ၌ အရှေ့တောင်အာရှစစ်တုရင်ပြိုင်ပွဲများတွင် ကြေးတံဆိပ်ရရှိထားသည့် လက်ရွေးစင်ဟောင်း မဇင်မာသန်း၊ မနန်းကေခိုင်လျှမ်းနှင့် ယခုနှစ်မှ နာမည်ကြီး လက်စွမ်းထက်လာသည့် ပဲခူးဒီဂရီကောလိပ်မှ မေစုလွင်တို့သုံးဦး ငါးပွဲကစားပြီး တစ်ပွဲရှုံး လေးမှတ်စီဖြင့် ထိပ်မှဦးဆောင်နေပြီး လက်ရွေးစင်ဟောင်း မသန္တာအေးဝင်း (မြို့တော်စည်ပင်)က သုံးမှတ်ခွဲဖြင့် ဒုတိယနေရာမှ ကပ်လိုက်လျက်ရှိသည်။

အဆိုပါ ပြိုင်ပွဲမှ ၂၀၀၅ ခုနှစ် ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပမည့် (၂၃) ကြိမ်မြောက် အရှေ့တောင်အာရှ ပြိုင်ပွဲအတွက် ပဏာမလက်ရွေးစင်ခုနစ်ဦး ရွေးချယ်မည်ဖြစ်သည်။ ပြိုင်ပွဲတွင် အမျိုးသမီး ၁၅ ဦးပါဝင်ယှဉ်ပြိုင်လျက်ရှိပြီး ပဏာမ လက်ရွေးစင်ပါရှိရေးအတွက် အကြိတ်အနယ် ယှဉ်ပြိုင်လျက်ရှိသည်။

အမျိုးသား အသက်(၁၂) နှစ်အောက် ပြိုင်ပွဲတွင် စစ်တုရင် ကစားသမား ၁၅ ဦး ပါဝင်ယှဉ်ပြိုင်လျက်ရှိပြီး ယနေ့အထိ ငါးပွဲစီကစားပြီးချိန်တွင် ဝင်းထွန်းထွေး၊ သန်းထိုက်စံနှင့် သော်ဇင်ထက်တို့သုံးဦး တစ်ပွဲစီရှုံးပြီးလေးပွဲနိုင် လေးမှတ်ဖြင့် ထိပ်မှ ဦးဆောင်၍ သူနိုင်ကိုယ်နိုင်အပြိုင်ကြဲလျက်ရှိသည်။ပြိုင်ပွဲဝင် ၁၅ ဦးစလုံး နှစ်ပွဲကစားရန် ကျန်ရှိနေသည်။

အမျိုးသား အသက်(၁၄)နှစ်အောက်ပြိုင်ပွဲတွင် စစ်တုရင်ကစားသမား ၁၇ ဦး ပါဝင်ပြီးယနေ့အထိ ငါးပွဲမြောက် ကစားပြီးချိန်တွင် စင်ကာပူနိုင်ငံတွင် ကျင်းပသည့် တတိယအကြိမ်မြောက် အာဆီယံ သက်တမ်းအလိုက် အမျိုးသား အမျိုးသမီး တံခွန်စိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သော နိုင်ငံတကာပြိုင်ပွဲ အတွေ့အကြုံရှိသူ ပိုင်မိုးမြင့်သည် ပြိုင်ဘက်များဖြစ်သည့် ရန်နိုင်အေး၊ ဖြိုးဟိန်းကျော်၊ အောင်ဗိုလ်ဗိုလ်တို့နှင့်အတူ ငါးပွဲကစားပြီးချိန်တွင် လေးပွဲနိုင် တစ်ပွဲစီရှုံးထားပြီး လေးမှတ်စီဖြင့် ပြိုင်ပွဲကို ဦးဆောင်ယှဉ်ပြိုင်လျက်ရှိသည်။

တတိယနေရာလိုက်

အမျိုးသား အသက်(၁၆)နှစ်အောက်ပြိုင်ပွဲတွင် စစ်တုရင် ကစားသမား ၁၈ ဦး ပါဝင်ယှဉ်ပြိုင်ပြီး ယနေ့အထိ ငါးပွဲစီကစားပြီးချိန်တွင် ကျော်ရန်နိုင်က ငါးပွဲကစား ငါးပွဲနိုင် ငါးမှတ်ဖြင့် ထိပ်မှ ဦးဆောင်နေပြီး ဟိန်းမြင့်မြတ်ကျော်က ငါးပွဲကစား လေးပွဲနိုင် တစ်ပွဲရှုံး လေးမှတ်ဖြင့် ဒုတိယလိုက်နေပြီး ဝဏ္ဏာနှင့် သီဟဇော်တို့က ငါးပွဲကစား သုံးပွဲနိုင် တစ်ပွဲသရေ တစ်ပွဲရှုံးပြီး သုံးမှတ်ခွဲစီဖြင့် တတိယနေရာမှကပ်လိုက်နေကြသည်။

အမျိုးသား အသက်(၁၈)နှစ်အောက်ပြိုင်ပွဲတွင် ၁၅ ဦး ပါဝင်ယှဉ်ပြိုင်ကြရာ ယနေ့အထိ ငါးပွဲစီကစား ပြီးချိန်တွင် ထက်ပိုင်အောင်က ငါးပွဲကစား လေးပွဲနိုင် တစ်ပွဲသရေ လေးမှတ်ခွဲဖြင့် ထိပ်မှဦးဆောင်ပြီး စိုးလွင်နှင့် နေဝိုင်းတို့သည် တစ်ပွဲရှုံး လေးပွဲနိုင် လေးမှတ်ဖြင့် ဒုတိယနေရာမှ ကပ်လိုက်လျက်ရှိသည်။

ဒုတိယနေရာလိုက်

အမျိုးသား အသက် (၂၀) အောက်ပြိုင်ပွဲတွင် ၁၇ ဦး ပါဝင်ယှဉ်ပြိုင်ကြရာ ငါးပွဲစီ ကစားပြီးချိန်တွင် ရဲလင်းအောင်နှင့် လှမျိုးအောင်တို့သည် တစ်ပွဲစီ သရေကျထားပြီး လေးပွဲနိုင် လေးမှတ်ခွဲစီဖြင့် ထိပ်မှ ဦးဆောင်လျက်ရှိပြီး ရာဇာကိုကိုထက်က တစ်ပွဲသရေ၊ တစ်ပွဲရှုံး၊ သုံးပွဲနိုင် သုံးမှတ်ခွဲဖြင့် ဒုတိယနေရာမှ လိုက်နေသည်။

အဆိုပါသက်တမ်းအလိုက် ပြိုင်ပွဲများမှ ထူးချွန်ထက်မြက်သည့် စစ်တုရင် ကစားသမားကို ၂၀၀၄ ခုနှစ် ဗီယက်နမ်နိုင်ငံတွင် ကျင်းပမည့် (၅)ကြိမ်မြောက် ASEAN Age Group တံခွန်စိုက် စစ်တုရင်ပြိုင်ပွဲသို့ စေလွှတ်ယှဉ်ပြိုင်စေမည် ဖြစ်သည်။ ပြိုင်ပွဲကို မေ ၇ ရက်အထိ ဆက်လက်ကျင်းပလျက်ရှိပြီး ပြိုင်ပွဲဝင် ကစားသမားများ နှစ်ပွဲစီ ကစားရန် ကျန်ရှိ၍ အောင်နိုင်ရေးအတွက်အကြိတ်အနယ် ဆင်နွှဲလျက်ရှိသည်။ **(မြန်မာ့အလင်း)**

ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ကွာလာလမ်ပူသို့ထွက်ခွာ

ရန်ကုန် မေ ၅

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်သည် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် မေ ၆ ရက်မှ ၈ ရက်အထိ ကျင်းပမည့် (၁၄)ကြိမ်မြောက် အာဆီယံဘောလုံးအဖွဲ့ချုပ်ကောင်စီအစည်းအဝေးနှင့် (၂၁)ကြိမ်မြောက် အာရှဘောလုံးအဖွဲ့ချုပ်ကွန်ဂရက်သို့တက်ရောက်ရန် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် မလေးရှားနိုင်ငံသို့ ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆဲဗင်းဒေးနယ်ယူးဂျာနယ် အတွဲ(၃)၊အမှတ်(၇)ဖြန့်ချိ

ရန်ကုန် မေ ၅

မြန်မာနိုင်ငံတောင်ပိုင်း ဒုံးကျွန်းမှ လန်ပိကျွန်းထိ ရေပြင်ဇရိယာကို ငါးမန်းကာကွယ်မှု ဇရိယာသတ်မှတ်မည်၊ ဘိန်းအစားထိုး သီးနှံစိုက်တောင်သူများကို ဂျပန်အစိုးရက ဒေါ်လာ သုံးသိန်းတန် စားနပ်ရိက္ခာများထောက်ပံ့မည်၊ ကားမောင်းသူများ ခါးပတ်ပတ်မောင်းနှင်ရမည့် ပညာပေးကာလစတင်ရန် စီစဉ်၊ အာဖရိကဈေးကွက်မှမြန်မာ့ဆန်ဝယ်ယူလို စသည့် ပြည်တွင်းရေးရာ သတင်းဝေဝေဆာဆာဖြင့် ထွက်ရှိနေသည်။

တရုတ်နိုင်ငံသည် စီးပွားရေးကို အေးအောင်လုပ်ရမည်ဟု ဝမ်ကျားပေါင်ပြောဆို၊ အကြမ်းဖက် လက်နက်မှောင်ခိုမှု တားမြစ်ရေးဆုံးဖြတ်ချက် လုံခြုံရေးကောင်စီ အတည်ပြု၊ သားပိုက်ကောင်မကလေးလူလူ ရဲစွမ်းသတ္တိ ဘွဲ့တံဆိပ်ချီးမြှင့်ခံရ၊ စိတ်ငြိမ်ဆေးပရိဇက် မွေးကင်းစကို ထိပါး၊ ကာမဂုဏ်စွမ်းရည်ကိုလည်း ထိခိုက်၊ ဝက်ခြံကို နှိမ်နင်းမည့် ဗိုင်းရပ်စ်ဖယောင်းချက်တီထွင် စသည့် နိုင်ငံတကာရေးရာ သတင်းဆောင်းပါးများ၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ ဖျော်ဖြေရေးနှင့် အားကစား ကဏ္ဍစုံလင်စွာကို e-Empire Media House ဖုန်း–၇၀၃၈၁၃ က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ကြောင်း သိရသည်။ **(က–ပ)**

ဦးစိုးထွန်း [၁၀/မလမ (နိုင်) ၀၂၅၈၀၁]
သိစေရန်

ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ အနောက်ပုလဲဂေဟာလမ်း၊ အမှတ် ၁၂ နေ ဒေါ်ဝေဝေ HLG–၀၂၆၀၀၁(အဘ–ဦးမြင့်ဆွေ)၏ ညွှန်ကြားချက်အရ အသိပေး ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေနှင့် ဦးစိုးထွန်း(အဘ–ဦးကျင်တိန်)တို့ အရေးကြီးကိစ္စအတွက် ညှိနှိုင်း ဆောင်ရွက်လိုပါသဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း အမြန်လာရောက် ဆက်သွယ်ရန် အသိပေးအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဒေါ်ဝေဝေ(HLG–၀၂၆၀၀၁)
(၃)ရပ်ကွက်၊

လွှဲအပ်ညွှန်ကြားချက်အရ
ဦးစိန်လှိုင် အထက်တန်းရှေ့နေ(၉၆၁၅)
အမှတ် ၄၄၊ ပေ၅၀လမ်း၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

ချစ်စဖွယ် ကလေးငယ် နာမည်ပေးကြမယ်

ဖုန်းသာဆက်လိုက်ပါ။ သင့်ရင်သွေးအတွက် ရှေးမှုမပျက် ခေတ်မီလှပသော နာမည် (၁၅)မျိုးကို အမြန်ရွေးပို့လိုက်မယ်။ ကင်ပွန်းတပ်ရန် ရက်လည်း အခမဲ့ရွေးပေးမယ်။ ကုမ္ပဏီများ နာမည်အထူးရွေးပေးသည်။

ဆရာကြီး ရာဇာဇော်ဝင်း (LL.B)

တိုက်အမှတ် ၂၃၀၊ ပထမထပ်၊ လမ်း ၃၀၊ အထက်ဘလောက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၁–၃၇၅၈၂၂

ရန်ကုန်စီးပွားရေးတက္ကသိုလ် ပတ္တမြားရတုအထိမ်းအမှတ်ကျင်းပရေးစည်းဝေး

ရန်ကုန် မေ ၅

ရန်ကုန် စီးပွားရေးတက္ကသိုလ်ကို ၁၉၆၄ခုနှစ် အောက်တိုဘာလ၌ စတင်တည်ထောင်ခဲ့ရာ ၂၀၀၄ခုနှစ် အောက်တိုဘာလတွင် နှစ်ပေါင်း(၄၀) ပြည့်မြောက်မည်ဖြစ်သည်။ ရန်ကုန်စီးပွားရေးတက္ကသိုလ် တည်ထောင်သော ပတ္တမြားရတု အထိမ်းအမှတ် အခမ်းအနားကို ဓာတ်ပုံပြပွဲ၊ စာတမ်းဖတ်ပွဲ၊ အာစရိယပူဇော်ပွဲ၊ ညစာစားပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် မြန်မာနိုင်ငံ စီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်းက ကြီးမှူး၍ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန အခန်း ၁၁၁ ၌ မေ ၁ ရက်က ညှိနှိုင်းအစည်းအဝေး ကျင်းပရာ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်၊ စီးပွားရေးတက္ကသိုလ်မှ အငြိမ်းစားပါမောက္ခချုပ်များဖြစ်ကြသော ဒေါက်တာခင်မောင်ညွန့်၊ ဦးမြတ်သိန်း၊ လက်ရှိပါမောက္ခချုပ် ဦးကံဇော်၊ စီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်းဥက္ကဋ္ဌ ဦးစိုးတင့်အောင်နှင့် ကျောင်းသားဟောင်းများ တက်ရောက်ကြသည်။

စီးပွားရေးတက္ကသိုလ် ရန်ကုန်၏ နှစ်(၄၀)ပြည့် ပတ္တမြားရတုအထိမ်းအမှတ် အခမ်းအနားကို စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေးအတွက် ပါမောက္ခချုပ် အဖြစ် ထမ်းဆောင်ခဲ့ကြသော ဒေါက်တာသန်းညွန့်၊ ဒေါက်တာခင်မောင်ညွန့်၊ ဦးမြတ်သိန်းတို့က သြဝါဒစကားမြွက်ကြား၍ အခမ်းအနားကျင်းပရေးဆိုင်ရာ လုပ်အား၊ ငွေကြေး၊ ပစ္စည်းနှင့် ပံ့ပိုးပေးရန်လိုအပ်ချက်များကို ယခုလက်ရှိ ပါမောက္ခချုပ်ဦးကံဇော်နှင့် အသင်းဥက္ကဋ္ဌ ဦးစိုးတင့်အောင်တို့က ဆွေးနွေးကြသည်။ ထို့နောက်တက်ရောက်လာကြသော ကျောင်းသားဟောင်းများကိုယ်စား ဦးသန်းရီ၊ ဦးကျော်ဝင်း၊ မြင်းမူမောင်နိုင်မိုး၊ အကယ်ဒမီဒေါ်ဆွေဇင်ထိုက်၊ ဒေါ်ချိုချိုသင်တို့က ပါဝင်ညှိနှိုင်းဆွေးနွေးကြကြောင်း သိရသည်။

(မြန်မာ့အလင်း)

ပခုက္ကူမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ပညာသင်ထောက်ပံ့ကြေးပေးအပ်

ပခုက္ကူ ဧပြီ ၁၅

ပခုက္ကူမြို့နယ်စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီက ပညာရည်ချွန်ဆုနှင့် ပညာသင် ထောက်ပံ့ကြေး ပေးအပ်ပွဲကို ဧပြီ ၄ရက် နံနက်က ပခုက္ကူမြို့ မြို့မလမ်းရှိ အဖွဲ့ရုံးခန်းမ၌ ကျင်းပရာ မြို့နယ်စစ်မှုထမ်းဟောင်း အဖွဲ့ စည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ ဗိုလ်မှူးမောင်မောင်ညွန့်(ငြိမ်း)က ၂၀၀၂-၂၀၀၃ ခုနှစ်တွင် အခြေခံပညာအထက်တန်း၌ ဘောဂဗေဒဘာသာ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သူ တပ်သား ရာလွယ်(ငြိမ်း)၏ သားမောင်ရာဇာထိုက်အား ဗဟိုဌာနချုပ်က ချီးမြှင့်ငွေကျပ်၅၀၀၀နှင့် အဖွဲ့က ထပ်ဆင့် ချီးမြှင့်ငွေကျပ် ၂၀၀၀ကို **(အပေါ်ပုံ)** လည်းကောင်း၊ စစ်မှုထမ်းဟောင်း သားသမီး ၂၂၆ဦးအတွက် ထောက်ပံ့ငွေကျပ် ၂၈၀၄၀၀ကို လည်းကောင်း အသီးသီး ပေးအပ်ကြောင်း သိရသည်။ **(၄၁၃)**

ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များသို့စာအုပ်များလှူ

မြိုင် ဧပြီ ၂၄

ပခုက္ကူခရိုင် မြိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးကြပ်၍ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ စာအုပ်လှူဒါန်းပွဲများ ကျင်းပရာ မြိုင်မြို့နယ် မင်းသားကျွန်ဇာတိ မုံရွာမြို့နေ ဦးသန့်ဇင်က စာအုပ်၊ မဂ္ဂဇင်း ၂၅၀၀ လှူဒါန်းပွဲကို ဧပြီ ၁၄ ရက်က မြိုင် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံး ဦးစီးဌာနခန်းမတွင် ကျင်းပသည်။

စာအုပ် လှူဒါန်းပွဲ အခမ်းအနားတွင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဒုတိယ ရဲမှူး ကျော်စိုးထွန်းက အဖွင့်အမှာစကားပြောကြားပြီး ဦးသန့်ဇင်ကစာအုပ်များ လှူဒါန်းရာ မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး စာကြည့်တိုက်၊ မြိုင်မြို့နယ်အထကစာကြည့်တိုက်နှင့် မြို့နယ်မြန်မာနိုင်ငံ ရဲတပ်ဖွဲ့စာကြည့်တိုက်များသို့ စာအုပ်၅၀စီ လှူဒါန်းသည်။**(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

ဆေးပဒေသာပင်လှူ

အမှတ် ၅၄၆ မဲ့မွှာရုံလမ်း ခြောက်မိုင် လှိုင်မြို့နယ်နေ ကိုဌေးအောင်-မတင်တင်အောင်တို့က မင်္ဂလာဦးအထိမ်းအမှတ်အဖြစ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင်အတွက် အလှူတော်ငွေကျပ် ၁၀ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်ဦးဝင်းထိန် လက်ခံယူစဉ်။

(က-ပ)

ကျေးရွာစက်ရေတွင်း၊ ကျောင်းဆောင်သစ်နှင့်မြေသားလမ်းသစ်ဖွင့်

ငါန်းဇွန် ဧပြီ ၂၈

ငါန်းဇွန်မြို့နယ် ဂျိုကျေးရွာ၊ ညောင်ချင်းကျေးရွာနှင့် ကျောက်တစ်လုံးကျေးရွာတို့၌ စက်ရေတွင်းသစ်၊ ကျောင်းဆောင်သစ်နှင့် မြေသားလမ်းသစ် ဖွင့်ပွဲများကို မတ် ၂၅ ရက်က အဆိုပါ ကျေးရွာများတွင် ကျင်းပရာ မြင်းခြံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းမြင့်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးလက်ပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဂျိုကျေးရွာ စက်ရေတွင်းသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ကိုသန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးသောင်းထိုက်တို့က ဖဲကြိုးဖြတ်၍လည်းကောင်း၊ ညောင်ချင်းကျေးရွာ မူလတန်း ကျောင်းဆောင်သစ်ကို မြို့နယ် ဥက္ကဋ္ဌ၊ မြို့နယ်ပညာရေးမှူးနှင့် ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်၍လည်းကောင်း၊ ကျောက်တစ်လုံး လက်ပံဇင်မြေသားလမ်းသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိတို့က ဖဲကြိုးဖြတ်၍ လည်းကောင်း ဖွင့်လှစ်ပေးကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကျိုက်မရောမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ကျေးလက်ပြည်သူများ ပူးပေါင်းဆောင်ရွက်ပြီးစီးသော ငွေကျပ်သိန်း၈၀ကျော်တန် ကျုံဝမ်းကျေးရွာနှင့် ကျိုက်ပရံကျေးရွာရှိ စမ်းချောင်းကူး ကွန်ကရစ်တံတားသစ်ဖွင့်ပွဲကို မတ်၂၆ရက်က တံတားသစ်မုခ်ဦးရှေ့တွင် ကျင်းပရာ မော်လမြိုင်ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်အောင်၊ မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးတင်လှိုင်နှင့် တာဝန်ရှိသူများ တံတားသစ်ပေါ် ဖြတ်သန်းကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်/စည်ပင်)

အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်

ယခု နွေရာသီတွင် ရာသီဥတု ပူပြင်းလျက်ရှိသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှုများပြားပါသည်။ ထိုသို့ ဆုံးရှုံးမှုကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက် ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် (၁၀)နာရီမှ ညနေ (၅)နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင်နေပါ။

(၂) နေပူထဲမှပြန်လာပြီး ချက်ချင်း ရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။

(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။

(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်း ကြောင့် ရှောင်ကြဉ်သင့်ပါသည်။

(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာရရှိနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းပါ။

(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။

(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။

(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆား ဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်ကို သောက်ပါ။

(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ်နိုင်နိုင်တိုက်ပါ။

(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများ အနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသောနေရာမျိုး၌ နားနေပါ။

(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကိုပြုလုပ်ပါ၊

(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာ ကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

ပျော်ဘွယ်မြို့နယ်တွင် စုပေါင်းသန့်ရှင်း သစ်ပင်စိုက်ပျိုး

ပျော်ဘွယ် ဧပြီ ၂၀

ပျော်ဘွယ်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် စုပေါင်းသန့်ရှင်းရေးနှင့် သစ်ပင်စိုက်ပျိုးပွဲကို မတ် ၁၉ရက်က မြို့နယ်ပြည်သူ့ဆေးရုံဝင်းတွင် ကျင်းပသည်။

စုပေါင်းဆောင်ရွက်

ထို့နောက် မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်း သန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်ကြပြီး အရိပ်ရပင်များနှင့် ပန်းအလှပင်များ စိုက်ပျိုးကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရန်ကင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ မိသားစုဝင်ငွေတိုးလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် အရင်းမပျောက် မတည်ငွေပေးအပ်ပွဲ အခမ်းအနားနှင့် အိမ်တွင်းမှုသင်တန်းဆင်းပွဲအခမ်းအနားကို ဧပြီ ၃၀ ရက် က အသင်းခန်းမ၌ကျင်းပရာ အသင်းဥက္ကဋ္ဌ ဒေါ်ယုယုလွင်က သင်တန်းတွင် သင်ကြားပို့ချပေးကြသော သင်တန်းဆရာမများအား ဂုဏ်ပြုလက်မှတ်ပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

နွားထိုးကြီးမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း သက်ကြီးရွယ်အိုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဆောင်ရွက်ပေး

နွားထိုးကြီး ဧပြီ ၁၅

နွားထိုးကြီးမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း သက်ကြီးရွယ်အို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းနှင့် သက်ကြီးအာဟာရကျွေးမွေးခြင်းလုပ်ငန်းကို လစဉ်ဆောင်ရွက်ပေးလျက်ရှိရာ မတ် ၂၆ ရက်က မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ရုံးခန်းမတွင် အလှူရှင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးကျော်နိုင်ထွန်း-ဒေါ်ချိုဝေလွင်မိသားစုတို့က မြို့မရပ်ကွက် ၆ရပ်ကွက်ရှိ အသက် ၆၀ နှင့် အထက်ရှိ အဘိုးအဘွား ၁၂၀တို့အား အာဟာရကြက်သားဆန်ပြုတ်တိုက်ကျွေးခြင်းနှင့် ကျန်းမာရေးဆရာမများက ကျန်းမာရေး ဆေးစစ်ပေးခြင်း၊သွေးပေါင်ချိန်ခြင်း၊အခမဲ့ဆေးဝါးများဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။ **(အောက်ဝဲပုံ)**

အလှူရှင်များနှင့်အတူ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နွဲ့နွဲ့သန်း၊ ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းရီ၊ အတွင်းရေးမှူး ဒေါ်အောင်ကြင်စန်းနှင့် အမှုဆောင်များ၊ အသင်းဝင်များ၊ အခြားလူမှုရေး အသင်းအဖွဲ့များက စနစ်တကျကူညီဆောင်ရွက်ပေးကြသည်။ **(၂၁၃)**

ဧပြီ ၉ရက်က မော်လမြိုင်-မုတ္တမ သံလွင်တံတားဆောက်လုပ်ရေး မုတ္တမဘက်ခြမ်းမှ ဦးမျိုးဝင်း(အင်ဂျင်နီယာမှူး၊ မြို့ပြ)နှင့် ဆောက်လုပ်ရေးမိသားစုများက ရဟန်း၊ သာမဏေ ၆၇ ပါးအား စုပေါင်းရဟန်းခံရှင်ပြုအလှူမင်္ဂလာအခမ်းအနား ကျင်းပစဉ်။

(၃၈၂)

သီပေါမြို့နယ်လုံးကျွတ် စာတတ်မြောက်ရေးလုပ်ငန်းဖွင့်

သီပေါ ဧပြီ ၃၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်လုံးကျွတ် စာတတ်မြောက်ရေးလုပ်ငန်းဖွင့်ပွဲကို ဧပြီ ၂၀ ရက်က သီပေါမြို့ အမှတ်(၁)အခြေခံပညာ အလယ်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပညာရေး ကော်မတီဥက္ကဋ္ဌ သီပေါမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးအောင်နှင့် မြို့နယ်ပညာရေးမှူးကိုယ်စား အထက်တန်းကျောင်းအုပ်ဆရာကြီး ဦးကျော်မြင့်တို့က 'အ' သုံးလုံးကျေသင်တန်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(၃၀၆)**

နေပြည်တော်မြို့နယ် မြန်မာ့ လယ်ယာ ထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးအမှတ် ၆၂၁၊တန် ၁၀၀ ကျ ဆန်စက်အား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး စီမံချက်အရ မေ ၂ရက်က နေပြည်တော်မြို့ တန် ၁၀၀ စက်ရုံဝင်းအတွင်း၌ ကျင်းပရာ စက်ရုံမှူး ဦးမျိုးဆက်ကကြီးကြပ်၍ စက်ရုံဝန်ထမ်းများပါဝင်သော မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြလေ့ကျင့်ကြစဉ်။ (၀၈၅)

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များဖွင့်

မုံရွာ ဧပြီ ၂၀

မုံရွာမြို့နယ် ဖန်းခါးကျင်း ကျေးရွာအုပ်စု သပြေတောကျေးရွာ အလင်းရောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်နှင့် မရိုးတောကျေးရွာ အလင်းသစ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များဖွင့်ပွဲကို မတ် ၂၄ရက် မွန်းလွဲ၁နာရီက ကျေးရွာများရှိ စာသင်ကျောင်းများတွင် ကျင်းပရာ စာကြည့်တိုက်များကို မုံရွာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကြည်စိန်နှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင်သန်းဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် စာပေပညာဒါန အလှူရှင် ၂၅ ဦးတို့က အလှူငွေများနှင့် စာအုပ်များ လှူဒါန်းခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

တံတားဦးကျေးရွာ စက်ရေတွင်းဖွင့်

ရမည်းသင်း ဧပြီ ၁၅

ရမည်းသင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် တူးဖော်ဆောင်ရွက်ပေးခဲ့သော ကျေးလက်ဒေသ ရေပေးရေးလုပ်ငန်းဖြစ်သည့် မြို့လှကျေးရွာအုပ်စု တံတားဦးကျေးရွာ စက်ရေတွင်းဖွင့်ပွဲအခမ်းအနားကို မတ် ၂၀ ရက် နံနက်က အဆိုပါ စက်ရေတွင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဗိုလ်မှူးမြင့်အောင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးစန်ဝင်း တို့က စက်ရေတွင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါစက်ရေတွင်းမှာ နှစ်လက်မတွင်းဖြစ်ပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေ ကိုးသိန်းငါးသောင်း အကုန်အကျခံ ဆောင်ရွက်ပေးကြောင်း သိရသည်။ **(က-ပ)**

ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ်ကျင်းပ

မြစ်ကြီးနား ဧပြီ ၂၀

၂၀၀၄ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ဧပြီ ၇ရက် နံနက် ၉နာရီက မြစ်ကြီးနားမြို့ ပြည်နယ်အထွေထွေရောဂါကုဆေးရုံကြီး အစည်းအဝေးခန်းမတွင် ကျင်းပရာ ခေတ္တ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ပြည်နယ်အထွေထွေ ရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာယဉ်ငြိမ်း၊ ဒုတိယ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးနှင့် အထူးကုဆရာဝန်ကြီးများ၊ ပြည်နယ်သူနာပြုနှင့် သားဖွားသင်တန်းကျောင်းသူများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းအမှုဆောင်များ၊ ပြည်နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ကြသည်။

(ခရိုင် ပြန်/ဆက်)

မြန်မာ့အသံ

၁၃၆၆ခုနှစ် ကဆုန်လပြည့်ကျော် ၄ ရက်
၇-၅-၂၀၀၄
(သောကြာနေ့)

နံနက်ပိုင်း

၀၇:၀၀ ဦးဥတ္တမသာရဆရာတော်ကြီး၏ ဖောဓျွဂ်သုတ်နှင့် ဂုဏ်တော်ကွန်ချာ

နေ့လယ်ပိုင်း

၁၁:၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (မျောက်ခေါင်းမှို ဆေးတောင့် ထုတ်လုပ်မှုအကြောင်း)
၁၁:၃၅ သုတရေးရာဖြေကြားလွှာ
၁၂:၀၀ ကျန်းမာရေးနှင့် ဆေးပညာ (ငှက်ဖျားရောဂါ)
၁၂:၃၀ ဇာတ်လမ်းပမာနားဆင်စရာ (အဖြူရောင်မေတ္တာ)
၁၃:၁၀ ကမ္ဘာ့ဂီတ

ညနေပိုင်း

၁၆:၂၀ ကျေးလက်ဇာတ်လမ်း(ဆေးစာ)
၁၇:၃၀ အမျိုးသမီးမဂ္ဂဇင်း
(၁)ရိုင်းပင်းကူညီ ကြက်ခြေနီ (ခေါင်းကြီး)
(၂)နွေမှာပွင့်သော ကရုဏာပန်း (ဆောင်းပါး)
၁၇:၅၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ
၁၈:၄၀ သိပ္ပံပညာသိကောင်းစရာ (ရှေ့လာမည့် နှစ် ၅၀ အကြောင်း) (ပထမပိုင်း) (မောင်ဆုရှင်)
၁၉:၁၅ ကာလပေါ် တူရိယာအဖွဲ့ (တေးပဏ္ဍာ-ကာလပေါ်အဖွဲ့)

တီဘီရောဂါကာကွယ်နှိမ်နင်းရေး

(က) ရောဂါဖြစ်ပွားကူးစက်ပုံ

- ဤရောဂါသည် တီဘီပိုးကြောင့်ဖြစ်သော ကူးစက်ရောဂါဖြစ်သည်။
- ဝေဒနာရှင် ချောင်းဆိုးခြင်း၊ နှာချေခြင်း သလိပ်တံတွေးမှတစ်ဆင့် ရောဂါပိုးများလေထဲတွင် ပျံ့နှံ့၍ ကူးစက်သည်။
- အသက်အရွယ်မရွေး လူတိုင်းတွင် ဖြစ်ပွားနိုင်သည်။
- အဆုတ်တွင်အများဆုံးဖြစ်ပွားပြီး၊ ကိုယ်ခန္ဓာအနှံ့အပြားတွင်လည်း ဖြစ်နိုင်သည်။
- ဆီးချိုရောဂါ၊ ခုခံအားကျဆင်းမှု ကူးစက်ရောဂါနှင့် အာဟာရချို့တဲ့မှု ရှိသူများတွင် အဖြစ်များသည်။

(ခ) ရောဂါလက္ခဏာများ

- ရက်ရှည်ချောင်းဆိုးခြင်း (ရက်သတ္တပတ် ၃ပတ်နှင့်အထက်)။
- ချောင်းဆိုးသွေးပါခြင်း။
- သလိပ်တွင် သွေးပါခြင်း။
- အဖျားတာရှည်ခြင်း။
- ခံတွင်းပျက်ခြင်း၊ မောပန်းလွယ်ခြင်း။
- ကိုယ်အလေးချိန်လျော့နည်းပြီး ပိန်ချုံးလာခြင်း။
- ကျောရင် အောင့်ခြင်း။

(ဂ) ကြိုတင်ကာကွယ်ခြင်း

- ရင်သွေးငယ်များအား ကာကွယ်ဆေး (ဘီစီဂျီ)ကို မပျက်မကွက်ထိုးပေးပါ။
- အာဟာရပြည့်ဝသော အစားအစာများကို စားသုံးပါ။
- သင့်တင့်လျောက်ပတ်သော ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ပါ။
- ချောင်းဆိုး၊ နှာချေလျှင် လက်ကိုင်ပဝါကို အသုံးပြုပါ။
- သလိပ်နှင့် တံတွေးကို စည်းကမ်းမဲ့ထွေးခြင်းမှ ရှောင်ကြဉ်ပါ။
- ဆေးလိပ်သောက်ခြင်းမှ ရှောင်ကြဉ်ပါ။

(ဃ) ကုသမှုခံယူခြင်း

- **"တိုက်ရိုက်ကြည့်ရှု အချိန်တိုနှင့်ကု"** နည်းဖြင့် ရောဂါပျောက်ကင်းသည်အထိ ကုသမှုခံယူပါ။
- ကုသမှုခံယူခြင်းသည် အခြားသူများသို့ ကူးစက်စေခြင်းမှအကောင်းဆုံး ကာကွယ်ခြင်းဖြစ်သည်။

တီဘီရောဂါ သံသယရှိလျှင် နီးစပ်ရာကျန်းမာရေးဌာနတွင် စစ်ဆေး၍ တီဘီရောဂါရှိပါက အစွမ်းထက်သော တီဘီဆေးဝါးများဖြင့် အခမဲ့ကုသမှုခံယူပါ။

ကျန်းမာရေးဝန်ကြီးဌာန

ရပ်စောက်နှင့်တောင်ကြီးမြို့နယ်စိုက်ပျိုးရေးလုပ်ငန်းများ တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့် လှည့်လည်စစ်ဆေးမှာကြား

ရန်ကုန် မေ ၅

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌအရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့်သည် ဗထူးတပ်နယ်မှ ဗိုလ်မှူးချုပ်ဇော်ဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် မေ ၂၉ရက် မွန်းလွဲက ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့ ကျောက်ဆုံကုန်းကျေးရွာရှိ ပွင့်ကောင်းနှင့်ခင်နွဲ့ရီကုမ္ပဏီလီမိတက်၏ စိုက်ပျိုးရေးခြံသို့ ရောက်ရှိရာရှင်းလင်းဆောင်၌ တိုင်းမှူးအားစိုက်ပျိုးရေးခြံမန်နေဂျာဦးစိုးထွန်းနှင့် လက်ထောက်ခြံမန်နေဂျာဦးဝင်းအောင်တို့က စိုက်ပျိုးရေးခြံအတွင်းနှစ်ရှည်၊ နှစ်တိုရာသီပင်များ စိုက်ပျိုးထားရှိမှုအခြေအနေများကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြပြီး တိုင်းမှူးက စိုက်ပျိုးခြံအတွင်း စပါးနှင့်သစ်ဆိမ့်ပင်များကိုလည်း စိုက်ပျိုးသွားကြရန် ရှင်လင်းမှာကြားပြီးနောက် စိုက်ပျိုးရေးခြံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

စိုက်ပျိုးထား

အဆိုပါစိုက်ပျိုးရေးခြံသည် ၉၀၅ ဧကကျယ်ဝန်းပြီး ၇၂၅ဧကကို စိုက်ပျိုးပြီးဖြစ်ကြောင်းနှင့် စိုက်ပျိုးရေအား ခြံနှင့် ၁မိုင် ၆ဖာလုံ ကွာဝေးသော ရေငုတ်အင်းမှ ပိုက်ဖြင့် သွယ်တန်း၍ ရယူကာ ကော်ဖီ ဧက၁၀၀နှင့် ဝက်သစ်ချပင် ၁၂၈ဧက စိုက်ပျိုးထားပြီး ဝက်သစ်ချပင်များကြားတွင် ကော်ဖီပင်များ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် ရပ်စောက်မြို့နယ် နွေစပါးဧက ၅၀ စိုက်ကွင်းသို့ ရောက်ရှိပြီး စိုက်ကွင်းအတွင်း ဆင်းရွှေ(၁)နှင့်ရွှေရင်အေး စပါးများ စိုက်ပျိုးဖြစ်ထွန်းနေမှုကို ကြည့်ရှု စစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။ ရပ်စောက်မြို့နယ်တွင် ယမန်နှစ်က နွေစပါးဧက ၁၅၀သာ စိုက်ပျိုးနိုင်ခဲ့ရာမှ ယခုနှစ်တွင် နွေစပါး ၂၉၇ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရှိရသည်။

ကြည့်ရှုစစ်ဆေး

၎င်းနောက် တိုင်းမှူးသည် တိုင်းစစ်ဌာနချုပ် ကျောက်နီဘက်စုံ စိုက်ပျိုးမွေးမြူရေးစခန်းသို့ ရောက်ရှိပြီး စိုက်ပျိုးမွေးမြူရေးစခန်းအတွင်း ကုန်းမြင့်လယ်ယာမြေများ ဖော်ထုတ်မှု၊ နွေစပါးစိုက်ပျိုးထားရှိမှု၊ စိုက်ပျိုးရေရရှိမှုနှင့် ရေတမံဆောက်လုပ်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ စိုက်ပျိုးရေးခြံတာဝန်ခံ ဒုတိယဗိုလ်မှူးကြီးညွန့်လင်းက လိုက်ပါရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါ စိုက်ပျိုးရေးခြံတွင် သရက်ပင် ၁၀၀၀၀နှင့် သစ်ဆိမ့်ပင် ၁၀၀၀ စိုက်ပျိုးထားရှိပြီး တညင်းပင် ၂၇၀၀၊နှင်းသီးပင် ၁၀၀၀၊ လက်ဖက်ပင် ၈၃၀၀၊ မက္ကဒေးမီးယားပင် ၃၀၀၊ ဆိုးဆေးပင် ၁၀၀၀၀တို့အား ပျိုးထောင်ထားရှိပြီး နွား ၁၅ကောင်၊ ငါးမြစ်ချင်း ကောင်ရေ ၅၀၀၀၀၊ တီလားဗီးယား ၅၀၀၀ နှင့်ဒေသကြက် ၉၁ကောင် မွေးမြူထားရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လူထုကျန်းမာရေးလုပ်သားမွမ်းမံသင်တန်းဆင်း

အိမ်မဲ မေ ၃၀

အိမ်မဲမြို့နယ် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ကျန်းမာရေးဌာနတို့ပူးပေါင်းစီစဉ်သော စေတနာ့ဝန်ထမ်း လူထုကျန်းမာရေးလုပ်သားမွမ်းမံသင်တန်းဆင်းပွဲကို မေ ၉ရက်က မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် အိမ်မဲမြို့နယ်ပြည်သူ့ဆေးရုံသို့ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်စိုးနိုင် အမှူးပြုလှူဒါန်းသည့် ကျပ်ငွေ ရှစ်သိန်းခုနစ်သောင်းတန် ချွဲစုပ်စက်အား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးနိုင်က မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကိုကိုမောင်ထံသို့ ပေးအပ်လှူဒါန်းကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ဖျာပုံမြို့နယ်အသင်း ဂုဏ်ပူဇော်ပွဲကျင်းပမည်

ရန်ကုန် မေ ၄

ဖျာပုံမြို့ မဟာပုညာရာမထန်းပင်ကျောင်း ပရိယတ္တိစာသင်တိုက် ပဓာနနာယက သာသနာဓဇ ဓမ္မာစရိယ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် ဘဒ္ဒန္တဝေပုလ္လအရှင်သူမြတ်အား နိုင်ငံတော်က အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတဘွဲ့တံဆိပ်တော် ကပ်လှူခဲ့ပြီး ရန်ကုန်မြို့ရှိ တပည့်ဒါယကာ ဒါယိကာမများကထပ်ဆင့်၍ဂုဏ်ပူဇော်မင်္ဂလာအခမ်းအနားကို မေ ၉ ရက် နံနက် ၉နာရီတွင် ဗိုလ်တထောင်မြို့နယ် ဘိုကလေးဈေးလမ်း အမှတ်(၃၀)ရှိ ဖျာပုံမြို့နယ်အသင်းတိုက်တွင် ကျင်းပမည်ဖြစ်ရာ ကြွရောက်ပူဇော်ကြရန်နှင့် ကြိုတင်လှူဖွယ်ပစ္စည်းများ ပေးပို့လိုသူများသည် ဖျာပုံမြို့နယ်အသင်းတိုက် ဖုန်း-၂၉၁၀၈၃သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

မီးဘေးကြိုတင်ကာကွယ်ရေး လှုံ့ဆော်သတိပေး

မြစ်ငယ် မေ ၁

ပူပြင်းခြောက်သွေ့သော နွေရာသီတွင် အမရပူရမြို့နယ် မြစ်ငယ်မြို့မဥက္ကဋ္ဌ ဦးတင်ထွေးနှင့် အဖွဲ့ဝင်များ ကြီးကြပ်၍ဒေသအရန်မီးသတ်တပ်ဖွဲ့ဝင်များက မြစ်ငယ်မြို့မရပ်ကွက်များအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးနေ့စဉ်အသံချဲ့စက်ဖြင့် သတိပေးလှည့်လည်လှုံ့ဆော်မှုများအပြင် မီးသတိပေးပိုစတာများ မြင်သာအောင်ကပ်ခြင်း၊ အိမ်တိုင်းတွင် မီးချိတ် မီးကပ်၊ ရေအိတ်နှင့် သဲအိတ်များထားရှိရေးတို့ကို လှည့်လည် သတိပေးနိုးဆော် မှုများဆောင်ရွက်ကြသည်။ **(ယာပုံ)** **(၂၀၉)**

မေ ၃၀ရက်က လက်ပံတန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က သခင်ဘိုးလှကြီးလမ်း ဂဝံခင်းခြင်းလုပ်ငန်းကို ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်ဆွေတို့က ကြည့်ရှုစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

တကောင်းမြို့ ရှေးဟောင်းလေးမျက်နှာဘုရားကြီး ပြန်လည်ပြုပြင်တည်ဆောက်ရာတွင် ကုသိုလ်ယူ ပါဝင်လှူဒါန်းနိုင်

အေဒီ(၁၁)ရာစု အနော်ရထာမင်းကြီး ကောင်းမှုတော်ဖြစ်သော လေးမျက်နှာဘုရားကြီးသည် ငလျင်ဒဏ်၊ ရာသီဥတုဒဏ်တို့ကြောင့် ပြိုကျပျက်စီးခဲ့ရပြီး နှစ်ပေါင်းများစွာ တောချုံများ အုပ်ဖုံးလျက် အုတ်ကုန်းကြီး ဘဝ ရောက်ခဲ့ရသည်ကို ယဉ်ကျေးမှုဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် တကောင်းမြို့ဟောင်းတွင် ပြန်လည်ပြုပြင်တည်ဆောက်ပါမည်။ စေတနာရှင် ကုသိုလ်ရှင်များ သဒ္ဓါတရားထက်သန်စွာဖြင့် ကုသိုလ်ယူ ပါဝင် လှူဒါန်းနိုင်ပါသည်။



အုတ်တစ်ချပ် (၁၂ x ၉ x ၃)	–	၄ဝိ/–
ဘိလပ်မြေတစ်အိတ်	–	၄၀၀ဝိ/–
သဲတစ်ကျင်း	–	၆၀၀ဝိ/–
မြစ်ကျောက်(အသေး)တစ်ကျင်း	–	၂၀၀၀ဝိ/–
ထုံး (တစ်အိတ်)	–	၁၀၀ဝိ/–
သဲကျောက်ပြားတစ်ချပ် (၁၂ x ၁၂)	–	၅၀ဝိ/–

ယဉ်ကျေးမှုဝန်ကြီးဌာန	(ဝန်ကြီးရုံး)	ဖုန်း – ၅၄၃၂၃၅၊ ၅၄၃၂၄၃
ရှေးဟောင်းသုတေသနဦးစီးဌာန	(ရုံးချုပ်)	ဖုန်း – ၅၁၂၁၄၀၊ ၅၁၂၁၃၉
ယဉ်ကျေးမှုအမွေအနှစ်ဒေသဌာနခွဲ	(မန္တလေး)	ဖုန်း ၀၂ – ၃၆၃၆၅၊ ၀၂ – ၃၉၁၅၆

တကောင်းမြို့ လေးမျက်နှာဘုရား ဂေါပကအဖွဲ့ရုံး



မိုးညှင်းပရိယတ္တိသာသနာ့ဗိမာန်တော်အတွက်ငွေလှူဒါန်း

မိုးညှင်း မေ ၂၀

ကချင်ပြည်နယ် မိုးညှင်းမြို့ အရှေ့ကျောင်းပရိယတ္တိ စာသင်တိုက်ဝင်းအတွင်း တည်ဆောက်လျက်ရှိသော ပရိယတ္တိ သာသနာ့ဗိမာန်တော်ကြီး ပြီးစီးအောင်မြင်ရေးအတွက် သတ္တမအကြိမ်လှူဒါန်းကြသည့် အလှူရှင် ၁၂၀အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲ အခမ်းအနားကို မေ ၉ရက် မွန်းလွဲ ၁နာရီက ပရိယတ္တိစာသင်တိုက် ခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

သြဝါဒကထာ

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး ပဓာနနာယက ဆရာတော် စူဠဂန္ထဝါစက ပဏ္ဍိတ ပရိယတ္တိသာသန ဟိတရေ ဘဒ္ဒန္တ ဇယန္တက ငါးပါးသီလနှင့် သြဝါဒကထာ ချီးမြှင့်တော်မူသည်။

လှူဒါန်းငွေ

ထို့နောက် အလှူရှင် အသီးသီးအား ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်ပြီး ရေစက်ချ အမျှအတန်း ပေးဝေကြသည်။ သတ္တမအကြိမ် အလှူရှင် ၁၂၀၏ လှူဒါန်းငွေမှာ သိန်းလေးဆယ်တစ်သောင်းခြောက်ထောင်ခြောက်ရာငါးဆယ်ကျပ်ဖြစ်ပြီး ပထမအကြိမ်မှ ယခုအထိ လှူဒါန်းရရှိငွေမှာ စုစုပေါင်း ၂၂၄၄၈၆၂ ကျပ် ဖြစ်ပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတုဖြင့် အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(၁၅၂)**

အမြို့မြို့ အနယ်နယ် သတင်းများ

ဆေးရုံဝင်းသန့်ရှင်းရေး စုပေါင်းဆောင်ရွက်

နောင်ချို မေ ၁၂

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ်အသင်း အတွင်းရေးမှူး ဦးတင်ဝင်း ကြီးကြပ်သောအသင်းသား ၁၀၀နှင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ အတွင်းရေးမှူး ဦးသိန်းဦး ကြီးကြပ်သည့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့အင်အား ၁၀၀တို့သည် မတ် ၂၅ရက်က နောင်ချိုမြို့ ပြည်သူ့ဆေးရုံဝင်း အတွင်းအပြင် စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများကို တပျော်တပါးဆောင်ရွက်ကြကြောင်း သိရသည်။ **(၂၄၇)**

လယ်တွင်းကိုးခရိုင် စာပေဆုချီးမြှင့်

ကျောက်ဆည် မေ ၁၀

ကျောက်ဆည်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ ၂၀၀၃ ခုနှစ်အတွက် စတုတ္ထအကြိမ်လယ်တွင်းကိုးခရိုင်စာပေ ဆုချီးမြှင့်ပွဲကို မတ် ၃၀ရက်က ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးတွင် ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင် ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)က ဂုဏ်ပြုအမှာစကားပြောကြား၍ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သန်း (မောင်ခိုင်ကျော်-ကျောက်ဆည်)က စာပေဆုချီးမြှင့်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဆုရရှိသူများအား စာပေဆု အလှူရှင်ဦးမျိုးသန့်၊ ဒေါ်အေးအေးကြိုင်(ကေသီဦးမိသားစု) နှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။ **(က-ပ)**

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ အမှတ် ၁၁၆၊ ၃၁လမ်းနေ
(ဦးသိန်း၊ ဒေါ်ကြင်မြ)နှင့် မော်လမြိုင်မြို့၊ အမှတ်(၃) မြို့မတံတားလမ်း၊
စစ်ကဲကုန်းရပ်နေ (ဦးကာစန်း)-ဒေါ်စိန်ရင်တို့၏မြေး၊
ဦးမောင်မောင်သွင်-ဒေါ်ခင်ခင်စန်း (ပါမောက္ခဌာနမှူး၊ ရူက္ခဗေဒဌာန၊
မော်လမြိုင်တက္ကသိုလ်)တို့၏သား

မောင်ကိုကိုနိုင် B.E (Mechanical)
(Schlumberger Logelco Inc)

နှင့်

ပဲခူးမြို့၊ မော်ကန် ၆လမ်းနေ
(ဦးညိမ်းမောင်)-ဒေါ်ခင်ကြည်တို့၏မြေး၊
ဦးသန်းလွင်-ဒေါ်မြင့်မြင့် တို့၏တူမ၊
ဦးမြင့်သိန်း-ဒေါ်ကြည်ကြည်မြင့် တို့၏သမီးဦး

မမြင့်သဲစုစံ B.E (Electronics)
(M.E First Semester)

တို့သည် ၂-၅-၂၀၀၄ရက် (တနင်္ဂနွေနေ့)တွင် ပဲခူးမြို့ ရွှေဝါထွန်းဟိုတယ်၌ နှစ်ဖက်သောမိဘများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ကိုကိုနိုင်-မမြင့်သဲစုစံ။

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့နေ
ဦးကျော်စိုးထွန်း (Business Representative) Asiatic Agricultural Industries Pte.,Ltd.Singapore -ဒေါ်ချိုချိုရင် English Centre,Uniteam Marine Limited.
တို့၏သား

မောင်စိုးလင်း (2nd Mate FG)
Fleet Personnel Manager, Uniteam Marine Limited.
Limassol,Cyprus.

နှင့်

ရန်ကုန်မြို့နေ
ဦးသန့်အောင်-ဒေါ်သွယ်သွယ်အောင်
(Thu Khi Tar Dental Clinic)
တို့၏သမီး

မသွယ်သန့်သန့်အောင်

တို့အား ၂၀-၈-၂၀၀၃ ရက်တွင် နှစ်ဖက်သောမိဘ၊မောင်နှမများရှေ့တွင် စေ့စပ်ကြောင်းလမ်းပေးခဲ့ပြီးနောက် ၂၉-၄-၂၀၀၄ ရက်တွင် Cyprus နိုင်ငံ Limassol မြို့တွင် လက်ထပ်ပြီးစီးကြပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်စိုးလင်း-မသွယ်သန့်သန့်အောင်။

ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ကမ္ဘာအေးဘုရားလမ်း၊အမှတ် ၃၄(ကေ/၁)နေ
ဒေါက်တာဘရွှေ (ဆေးရုံအုပ်ကြီး၊ အထွေထွေရောဂါကုဆေးရုံကြီး၊
မိတ္ထီလာမြို့)-ဒေါ်ဇင်မေအုန်း
တို့၏သား

မောင်တေဇာလင်းရွှေ
B.A(Hons:)M.A(Oriental Studies)
D/C (Golden Eagle International Co.,Ltd.)

နှင့်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဖိုးစိန်လမ်း၊ အမှတ် ၅၅(စီ)နေ
ဗိုလ်မှူးကြီးသိန်းငွေ(ငြိမ်း)-ဒေါ်ထားထားယဉ်
တို့၏သမီး

မသီတာသိန်း
B.Sc (Hons:)M.Sc (Zoology)
D.C.Sc (ရန်ကုန်ကွန်ပျူတာတက္ကသိုလ်)

လဝကမှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့်နိုင်ငံသားပြုဌာနခွဲ(ကွန်ပျူတာဌာနစိတ်) တို့၏ ၂၇-၄-၂၀၀၄ ရက် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲသို့ တက်ရောက် လက်မှတ်ရေးထိုးပေးသော ရှေ့နေချုပ်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သိန်းအား လည်းကောင်း၊ ၂၈-၄-၂၀၀၄ရက် ဗုဒ္ဓဟူးနေ့တွင် မဟာသန္တိသုခဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး၌ ကျင်းပသည့် မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ ကြွရောက်ချီးမြှင့်ပေးသော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွေး၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဆေးရုံအုပ်ကြီးများနှင့် တပ်မတော်ဆေးရုံကြီးမှ ဆရာဝန်ကြီးများ၊ စစ်ဘက် နယ်ဘက်မှ ကြွရောက်ချီးမြှင့်ပေးသော ဂုဏ်သရေရှိလူကြီးမင်းများ၊ တက္ကသိုလ် များမှ ပါမောက္ခများနှင့် ဆရာ ဆရာမများအား လည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ ကျေးဇူးတင်ထိုက်သူများ အားလုံးတို့ကိုလည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်တေဇာလင်းရွှေ-မသီတာသိန်း။

ဖခင်အမည်မှန်

ဗန်းမော်မြို့ အထက(၃) ဒသမတန်းနှင့် အဋ္ဌမတန်းမှ အောင်ဖြိုးချစ်နှင့် အောင်ဟိန်းချစ်တို့၏ ဖခင်အမည်မှန်မှာ ဦးမျိုးအောင်ဖြစ်ပါကြောင်း။

အမည်ပြောင်း

ပျဉ်းမနားမြို့ ဥယျာဉ်စု အလက သတ္တမတန်း(E)မှအဖဦးခင်မောင်ငွေ (ခ) ဦးသန်းငွေ၏ သားဖြစ်သူ မောင်နေအေး ထွဋ်အား ယနေ့မှစ၍ မောင်နေအေးလွင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်နေအေးလွင်။**

ကျေးဇူးဆပ်ပါမည်

ကျွန်မဒေါ်မေမြတ်စံကိုင်ဆောင်သော နိုင်ငံကူးလက်မှတ် အမှတ် ၄၇၇၄၄၄မှာ ခရီးသွားလာရင်း ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက ပြန်လည်ပေးပို့ပါရန်။

ဖုန်း-၀၆၆-၂၁၉၅၄

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌ခန့်ထားရန်)

၁။ ကြီးကြပ်ရေးမှူး(ဘွဲ့ရ)
ကျား (၂)ဦး
မ (၂)ဦး

လျှောက်ထားလိုသူများသည် ကိုယ်ရေးမှတ်တမ်းအကျဉ်း၊ အလုပ်သမားမှတ်ပုံတင် မိတ္တူ၊ ပညာအရည်အချင်း အထောက်အထား၊ ရပ်ကွက် ထောက်ခံစာ တို့ကို အောက်ပါ လိပ်စာအတိုင်း ပေးပို့ရမည်။ နယ်မှ ဖြစ်ရမည်။

လိပ်စာ - အမှတ် ၅၁၉/၅၂၀၊
အဓိပတိလမ်းသွယ်(၁)၊
စက်မှုဇုန် (၅)၊
လှိုင်သာယာမြို့၊
ဖုန်း-၇၀၆၅၃၃



ဝမ်းနည်းကြေကွဲခြင်း
ပါမောက္ခဒေါက်တာဦးအောင်
ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်
အသက်(၆၀)

ကျေးဇူးရှင်ဆရာကြီး ပါမောက္ခဒေါက်တာဦးအောင်သည် ၄-၅-၂၀၀၄ ရက်တွင် ကွယ်လွန်သွားသည့်အတွက်မိသားစုနှင့် ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါကြောင်း။

ဆရာကြီး၏ကျေးဇူးကို အစဉ်သတိရအောက်မေ့လျက်-

ဒေါက်တာသန်းထွဋ်ဦး၊ ဒေါက်တာနီနီစိန်၊
ဒေါက်တာဒေါ်စိန်တင်၊ ဒေါက်တာမြတ်ကျော်သူ၊
ဒေါက်တာအုန်းအုန်းစိုး၊ ဒေါက်တာစန်းစန်းမြင့်၊
ဒေါက်တာမြတ်မြတ်သော်၊ ဒေါက်တာမာမာခင်၊
(ဓာတ်ခွဲဓာတုဗေဒ)

မော်တော်ယာဉ်မှတ်ပုံတင် (ကမ-၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်၃က/၃၈၅၀ မော်တော်ယာဉ်လက်ဝယ်ရှိသူမှ မော်တော်ယာဉ် မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့် ရက်မှစ၍ ၁၅ ရက်အတွင်း ကညန၊ တိုင်းရုံး (ရန်ကုန်)သို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ရန်ကုန်တိုင်း



ဒေါ်နွဲ့ရီ
(ကဒုံကနီရွာ)
အသက်(၄၃)နှစ်

အမှတ် ၁၀၀၃၊ ထူပါရုံအနောက် ၆လမ်း၊ ၁ရပ်ကွက်၊ သာကေတမြို့နေ (ဦးခွေးနီ)-ဒေါ်ခင်ကြည်တို့၏ သမီးကြီး၊ ဦးမြအောင်(အလှကုန်ပစ္စည်းစက်ရုံ)-ဒေါ်မာဂရက်အောင်၊ ဦးစန်းလွင်-(ဒေါ်ကြည်မြင့်)၊ ဦးစိုးလွင်-ဒေါ်သန်းသန်းမော်တို့၏ညီမ၊ ဦးမျိုးသွင်-ဒေါ်စန်းစန်းမြင့်တို့၏ အစ်မသည် ၂-၅-၂၀၀၄ ရက် (တနင်္ဂနွေနေ့)၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါ ကြောင်း ဆွေမျိုးမိတ် သင်္ဂဟများ သိစေအပ်ပါသည်။ **ကျန်ရစ်သူမိသားစု။**

ပေါင်းတည်အသင်း(ရန်ကုန်)
ဦးသိန်းငွေ
အသက် (၆၇)နှစ်

ရန်ကုန်တိုင်း၊ ရန်ကင်းမြို့နယ်၊ တိုက်အမှတ် ၁၁၅၊ အခန်းအမှတ်၃နေ ရာသက်ပန် အသင်းဝင်(၁၁၅၀)သည် ၂-၅-၂၀၀၄ ရက်တွင် ကွယ်လွန်ပါ၍ ယင်းနေ့တွင် ရေဝေး သုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့။

ဝမ်းနည်းကြေကွဲခြင်း
ဦးသိန်းမင်း (B.A, HGP)
ကုန်သွယ်ရေး(၂) တိုင်းသမအသင်းစု မန်နေဂျာ (ငြိမ်း)
(ထားဝယ်)
အသက်(၆၄)နှစ်

ထားဝယ်အေဘီအမ် ကျောင်းသူဟောင်း ဒေါ်အေးအေးသန်း၏ ခင်ပွန်း ဦးသိန်းမင်း ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ထားဝယ်အေဘီအမ် ကျောင်းသား ကျောင်းသူဟောင်းများ။

(၁၀)နှစ်ပြည့်အလွမ်း
ဒေါ်ဝင်းကြည်
(အထက သနပ်ပင်)

မေမေ သမီးတို့နှင့်ခွဲခွာသွားသည်မှာ ၃-၅-၂၀၀၄ ရက်တွင် (၁၀)နှစ်ပြည့်မြောက်သော်လည်း တစ်နေ့မှ မေ့မရခဲ့ပါ။ မေမေ့အတွက် ရည်စူး၍ နေ့စဉ်နှစ်စဉ်ပြုလုပ်ခဲ့သော ကုသိုလ်ကောင်းမှုအစုစုတို့ကို မေမေ့အား အမျှပေးဝေပါသည်။ ကောင်းမွန်မြင့်မြတ်သော ဘုံဘဝမှနေ၍ မေမေ အမျှရပြီး သာဓု သုံးကြိမ် ခေါ်ဆိုနိုင်ပါစေ။

မေမေရေ အမျှ-အမျှ-အမျှ
ခင်ပွန်း-ဦးစိုးအောင်(ခရိုင် အင်/ယာမှူး)ပဆလ၊ စစ်ကိုင်းခရိုင်)
သမီးကြီး-မေစန္ဒာလင်း၊
သမီးလတ်-မေစန္ဒာဝင်း
သမီးငယ်-ဝင်းထက်ထက်အောင်

ဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်၊ ဦးရွှေဂွန်းလမ်း (လမ်းတို) အမှတ် ၄၃ နေ ဦးမောင်မောင် (အင်ဂျင်နီယာချုပ်-လမ်း) အထက်မြန်မာပြည်၏ ဇနီး ဒေါ်ခင်ခင်စိန် (အထက်တန်းပြ၊ ငြိမ်း)သည် ၂၉-၄-၂၀၀၄ ရက်တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးသိန်းထွန်း (ဒုအင်ဂျင်နီယာမှူးကြီး)-ဒေါ်ငွေးငွေးရီ မိသားစု
ငွေးငွေးရီ မိသားစု
လမ်းအထူး(၆) ကချင်ပြည်နယ်
နမ္မတီးမြို့။

ဘုရား၊ရဟန်း၊သိမ်၊စေတီ၊ကျောင်း၊ရေတွင်း၊ရေကန်၊တန်ဆောင်းဒါယကာကြီး
ဦးအောင်ထွန်းမြ (စစ်တွေမြို့)
(ရတနာဆိုင်ပိုင်ရှင်)
အသက်(၇၃)နှစ်

စစ်တွေမြို့၊ ကျေးပင်ကြီးရပ်ကွက်နေ (ဦးကျော်လှဦး–ဒေါ်မစိန်ဥ)တို့၏သား၊ ဒေါ်နုစိန်၏ခင်ပွန်း၊ (ဒေါ်လှစိန်ညွန့်–ဦးစံလှဘော်)၊ ဒေါ်ကျော့ကျော့–ဦးမောင်သာထွန်း၊ဦးမောင်မြထွန်း–ဒေါ်စံသာအေးတို့၏ညီ/မောင်၊ ဒေါ်စံသာ–(ဦးဦးကျော်ထွန်း)၊ ဦးထွန်းလှဖြူ– ဒေါ်ညိုညို၊ ဒေါ်အောင်မဖံ–(ဦးအောင်စိန်ထွန်း)တို့၏အစ်ကို၊ ဒေါ်စောယဉ်–ဦးသာနုမင်း၊ (ဒေါ်သာနုစိန်)–ဦးကျော်ညွန့်တို့၏ဦးလေးသည် ၃–၅–၂၀၀၄ရက် (တနင်္လာနေ့) ညနေ ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅–၅–၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂ နာရီတွင် စစ်တွေမြို့ အာကျိတ်တော်ကုန်းသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊စေတီ၊ကျောင်း၊ရေတွင်း၊ရေကန်၊တန်ဆောင်းဒါယကာကြီး
ဦးအောင်ထွန်းမြ (စစ်တွေမြို့)
(ရတနာဆိုင်ပိုင်ရှင်)
အသက်(၇၃)နှစ်

စစ်တွေမြို့၊ ကျေးပင်ကြီးရပ်ကွက်နေ (ဦးကျော်လှဦး–ဒေါ်မစိန်ဥ)တို့၏သား၊ (ဦးမောင်သာဒိုး–ဒေါ်မသာဥ)တို့၏သားသမက်၊ ဒေါ်နုစိန်၏ခင်ပွန်း၊ (ဦးဦးကျော်လှ–ဒေါ်စောယဉ်)၊ (ဒေါ်မသိန်း–ဦးဖိုးစိန်အောင်)၊ ဒေါ်မလှစိန်–ဦးထွန်းအောင်ဖြူတို့၏ညီမောင်၊ (ဦးအေးထွန်း)–ဒေါ်မနုလှ၊ ဒေါ်မလှနု–ဦးထွန်းမြင့်တို့၏အစ်ကိုသည် ၃–၅–၂၀၀၄ရက် (တနင်္လာနေ့) ညနေ ၅ နာရီတွင် ကွယ်လွန် သွားပါသဖြင့် ၅–၅–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် စစ်တွေမြို့ အာကျိတ်တော်ကုန်းသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊စေတီ၊ကျောင်း၊ရေတွင်း၊ရေကန်၊တန်ဆောင်းဒါယကာကြီး
ဦးအောင်ထွန်းမြ (စစ်တွေမြို့)
(ရတနာဆိုင်ပိုင်ရှင်)
အသက်(၇၃)နှစ်

စစ်တွေမြို့၊ ကျေးပင်ကြီးရပ်ကွက်နေ (ဦးကျော်လှဦး–ဒေါ်မစိန်ဥ)တို့၏သား၊ (ဦးမောင်သာဒိုး–ဒေါ်မသာဥ)တို့၏သားသမက်၊ ဒေါ်နုစိန်၏ခင်ပွန်း၊ ဒေါ်မိုးပန်းဖြူ–ဒေါက်တာလှစိုး (UNPAE - East Timor)တို့၏ဖခင်၊ ဦးမောင်သန်းလှ–ဒေါ်ချိုချိုမာ၊ ဦးရွှေဘသိန်းတို့၏ဆရာကြီး၊ မောင်ဟိန်းရဲလင်း (နဝမတန်း၊ အထက–၂)၊ မဆုမြတ်ပွင့်ဖြူ(စတုတ္ထတန်း၊ အမက–၅)တို့၏ အဘိုးရှင်သည် ၃–၅–၂၀၀၄ရက် (တနင်္လာနေ့) ညနေ ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅–၅–၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂ နာရီတွင် စစ်တွေမြို့ အာကျိတ်တော်ကုန်းသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါက်တာဦးအောင်
(Ph.D, Canada)
ပါမောက္ခ၊ဓာတုဗေဒဌာန၊ရန်ကုန်တက္ကသိုလ်
အသက်(၆၀)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၄)ရပ်ကွက်၊ ဦးဝိစာရလမ်း၊ အမှတ် ၈၃၆ နေ (ဗိုလ်မှူးကြီးစည်သူဘာဘာ–ဒေါ်အောင်ကြည်)တို့၏သားကြီး၊ ဦးကြင်–(ဒေါ်ခင်သန်းအေး)တို့၏သားသမက်၊ ဒေါ်ခင်စန်းမူ၏ခင်ပွန်းသည် ၄–၅–၂၀၀၄ရက် နံနက် ၆း၃၅ နာရီတွင် Sakura အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၆–၅–၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၉း၄၅ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်သန်းသန်းဆွေ (ကျောက်မြောင်းဈေး)
အသက်(၅၁)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၅၊ ကျားကွက်သစ်လမ်း၊ ကျောက်မြောင်းနေ (ဦးသန်းရှိန်)–ဒေါ်ခင်သန်း(ခိုင်စန္ဒာရွှေဆိုင်၊ကျောက်မြောင်းဈေး)တို့၏သမီးကြီး၊ အမှတ် ၇၀၂၊ (၅)ရပ်ကွက်၊ ကြံ့ခိုင်ရေးလမ်း၊ ဒဂုံမြို့နယ်(အရှေ့ပိုင်း)မြို့နယ်နေ(ဦးဝင်းသိန်း)၏ဇနီး၊ ကိုဝင်းသိန်း(ပုဇွန်တောင်မြို့နယ်၊ ရေ/သန့်၊ မြို့တော်စည်ပင်)–မပပဆွေ၊ (မောင်သက်ဇင်ဝင်း)တို့၏မိခင်ကြီး၊ ဦးအောင်မြတ်–ဒေါ်အုံးကျင်၊ (ဦးလေးခိုင်)၊ ဦးဇော်လင်း(ဖူးပွင့်ဝေ စက်ပန်းထိမ်)–ဒေါ်ခင်ထွေးရီ၊ ဦးမိုးဇော်ခင်(ခိုင်စန္ဒာ ရွှေပန်းထိမ်)–ဒေါ်စန်းစန်းမြင့်တို့၏အစ်မကြီး၊ တူ တူမ ရှစ်ယောက်တို့၏ကြီးမေ၊ မောင်ဇေယျာထွန်း(လေ့ကျင့်ရေးအလယ်တန်းကျောင်း၊ ရန်ကင်း)၊ မောင်ခန့်ညီညီဟန်တို့၏အဘွားသည် ၄–၅–၂၀၀၄ရက်(အင်္ဂါနေ့) ညနေ ၄း၂၀ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၆–၅–၂၀၀၄ရက် (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာဦးအောင် (ပါမောက္ခ၊ ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်) ကွယ်လွန်ကြောင်း သိရပါသဖြင့် ဝမ်းနည်းကြေကွဲရပါသည်။

ဓာတုဗေဒမိသားစု
စစ်တွေတက္ကသိုလ်။

ဦးအေးဟုန်(ခ)
ဟုန်တွန်းဖု (ဟသ်ာတ)
(ခေတ်လိုက်ကုမ္ပဏီလီမိတက်)
အသက်(၆၁)နှစ်

ဟသ်ာတမြို့နေ (ဦးဟန်ရှင်–ဒေါ်ကျင်ဆိုင်)တို့၏သား၊ မူဆယ်မြို့နေ (ဦးမောင်ရေး)–ဒေါ်ဆွဲ့ငင်းတို့၏ သားသမက်၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အေးရိပ်မွန်အိမ်ရာ၊ တိုက် ၄၊ အခန်း ၃၀၆ နေ ဒေါ်နန်းလှကြည်၏ခင်ပွန်း၊ ဒေါ်ရှု့ဟုန်–(ဦးခင်မောင်မြင့်)၊ ဦးကိုကိုကြီး၊ ဒေါ်ကျင်ထွေး–ဦးရွှေပေါ်တို့၏ ညီ/မောင်၊ ကိုပေါက်စ–မယုံစွမ်းတို့၏ အစ်ကို၊ မနန်းတင်နွယ်အေး–ကိုဌေးလှိုင်စိုး၊ မနန်းဆွေလှိုင်အေး၊ မနန်းခင်သန္တာအေးတို့၏ဖခင်၊ ကိုဖြိုး၏အဘိုးသည် ၅–၅–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၄၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၇–၅–၂၀၀၄ရက် (သောကြာနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးအောင်မင်း
(လဝက၊ငြိမ်း)
အသက်(၇၂)နှစ်

(ဦးဘိုးညွန့်–ဒေါ်သိန်းခြုံ) ဟိုပင်မြို့တို့၏သား၊(ဦးစောပိုင်–ဒေါ်အေး)ကသာမြို့တို့၏သားသမက်၊ ဦးလှမောင်–ဒေါ်ခင်ငြိမ်း၊ ဒေါ်သန်းမြ–(ဦးခင်မောင်ကြီး)တို့၏ညီ/မောင်၊ ဦးအောင်သင်း–ဒေါ်ခင်ထွေး၊ ဒေါ်မြင့်မြင့်–ဒေါက်တာတင်လှိုင်တို့၏အစ်ကို၊ ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်၊ ရွှေကံ့ကော်လမ်း၊ ရွှေမာလာရိပ်မွန်၊တိုက်အမှတ် A/၈ နေ ဒေါ်ခင်ခင်ညွန့်၏ခင်ပွန်း၊ မတင်တင်လှိုင်(B.Sc, Z00) – မောင်ဇော်ထွန်းအောင်(အဆုတ်ဓာတ်မှန်)၊မောင်ရန်အောင်(E/E Moonsoon Maritime)၊ မောင်ရဲအောင်(1/E M.T.M)–မဗိုလ်ဗိုလ်အောင်(လဝက)၊ မလွင်လွင်အောင်(J.T ထ/၆၊ မင်္ဂလာတောင်ညွန့်)၊ မသီသီအောင်(B.Sc, Maths)၊ မောင်မိုးကျော်အောင်(B.E, Civil)–မရည်ရည်မွန်တို့၏ဖခင်၊ မဖူးဖူးငုံဇော်၊ မောင်ထက်အောင်ရှိုင်းတို့၏ဘိုးဘိုးကြီးသည် ၃–၅–၂၀၀၄ရက် (တနင်္လာနေ့)တွင် အနောက်ပိုင်းဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၇–၅–၂၀၀၄ရက် (သောကြာနေ့)နံနက် ၁၀ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။

(နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်စဝ်ဆောင်းခွန်ဆမ်(ခ)မဆောင်း
(လားရှိုးမြို့)
အသက်(၄၁)နှစ်

လားရှိုးမြို့၊ရပ်ကွက်(၁)၊မြဝတီလမ်း၊ အမှတ် ၁၉ နေ အဘ(ဝဏ္ဏကျော်ထင်ဦးစဝ်ခွန်ဆမ်)–အမိ(ဒေါ်နန်းဆွေ)တို့၏ချစ်လှစွာသောသမီးထွေး၊ ဒေါ်စဝ်အမ်းအောင်(ဒေါ်ဝိုင်းလက်)၊ ဦးခွန်ထွန်းလူ(ခ)ဦးဒစ်ကီ–ဒေါ်မာဂရက်၊ ဒေါ်စဝ်နန်းအုပ်(ခ)မလော်ရင်း၊ ဒေါ်စဝ်နန်းပန်(ခ)မဖိန်း၊ (ဦးစဝ်ခွန်ဖုန်း)၊ ဗိုလ်ချုပ်ကိုကို–ဒေါ်စဝ်နွန်းခွန်ဆမ်၊ (ဦးခွန်သန်းထွန်း)၊ ဦးခွန်ခယ်တို့၏ချစ်လှစွာသော ညီမထွေး၊ ခွန်ဖုန်းမြတ်စိုး၊ ခွန်စောမင်းခေါင်၊ စဝ်သန္တာထွန်း၊ မဝတ်မှုံထွန်း၊ မောင်ရဲမင်းကိုကို၊ ဗိုလ်လောင်းသီဟကိုကို၊ မစောသီရိကိုကို၊ မောင်စည်သူကိုကိုတို့၏ချစ်လှစွာသောဒေါ်လေးသည် ၅–၅–၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၃း၅၅ နာရီတွင် တပ်မတော်ဆေးရုံကြီး(မင်္ဂလာဒုံ)၌ ကွယ်လွန်သွားပါ၍ ၇–၅–၂၀၀၄ရက် (သောကြာနေ့) နံနက် ၉း၃၀ နာရီတွင် တပ်မတော်ဆေးရုံကြီး(မင်္ဂလာဒုံ)အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဒေါ်ဥမ္မာဝင်း (နယ်စပ်/စည်ပင်)
အသက်(၃၉)နှစ်

ရန်ကုန်မြို့၊ အောက်ပုဇွန်တောင်လမ်းမကြီး၊ အမှတ် ၅၃၅(ဒုတိယထပ်) နေ (ဦးဝင်းမောင်–အုပ်ချုပ်ရေးမှူး၊ ပုဇွန်တောင်စည်ပင်၊ ငြိမ်း)–ဒေါ်ဝင်းဝင်း(နယ်စပ်/စည်ပင်၊ ငြိမ်း)တို့၏သမီးကြီး၊ ရန်ကုန်မြို့၊ ရေကျော်ရပ်၊ နှင်းပန်းလမ်း၊ အမှတ် ၇ နေ (ဦးကြည်လွင်)–ဒေါ်တင်ရီတို့၏သမီးချွေးမ၊ ဦးမင်းလွင်(B.Econ)၏ဇနီး၊ ဒေါ်သီတာဝင်း–ဦးတင်မင်းခိုင်၊ (ဦးဆန်းဝင်း)၊ ဒေါ်ခင်မာဝင်း–ဦးစဝ်ခွန်ကြည်၊ ဦးနေမျိုးဝင်း–ဒေါ်စပယ်၊ ဒေါ်ခိုင်သဇင်၊ ဒေါ်မူမူလွင်(FAA-Group, FMI Centre)၊ ဒေါက်တာစမ်းစမ်းလွင်(ရန်ကုန် ကလေးဆေးရုံကြီး)–ဒေါက်တာကျော်ကျော်ဦး(ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး)တို့၏အစ်မ၊ မဆုမြတ်လွင်၏ချစ်လှစွာသောမိခင်၊ မချမ်းမြေ့မိုးဦး၊ မောင်ဟိန်းမင်းခန့်သူ တို့၏ကြီးကြီးမေသည် ၄–၅–၂၀၀၄ရက်(အင်္ဂါနေ့)ညနေ ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၆–၅–၂၀၀၄ရက်(ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (ရန်ကုန်မြို့၊ ရေကျော်ရပ်၊ နှင်းပန်းလမ်း၊ အမှတ် ၇ နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

မြိတ်မြို့၊ ကြပ်ပြင်ရပ်နေ ဦးဖိုးလား(ခ)ဦးလှမြင့် (မြိတ်အခြေခံ ဗွီဒီယိုဥက္ကဋ္ဌ)၏ဇနီး ဒေါ်ပု(ခ)ဒေါ်ချိုချိုအေးသည် ၂၆–၄–၂၀၀၄ရက်တွင် ကွယ်လွန်သွားကြောင်းသိရ၍ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒေါက်တာဇော်မင်း(ကလေးအထူးကုဆရာဝန်ကြီး၊ ဟသ်ာတမြို့)
ဒေါ်ခင်အုန်းနွဲ့ မိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်တင်ရွှေ
အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အနော်ရထာလမ်း၊ အမှတ် ၂၇၁ နေ ကိုမြင့်ဦး–မအိအိသိန်း၊ ကိုဝင်းဟန်–မအေးမိစံ၊ ကိုမြင့်လွင်–မစိုးစိုးလှိုင်၊ မအေးအေးနိုင်တို့၏မိခင် ဒေါ်တင်ရွှေသည် ၅–၅–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒေါ်ဌေးနှင့်သားသမီးများ
ကိုစံလှိုင်၊ ကိုစိုးလွင်–မခင်မာအေး
ကိုမြမင်း–မစန်းစန်းတင့်၊ ကိုသက်(ခေတ္တ–စင်ကာပူ)။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်မေမေရီ (ကျုံပျော်)
(ကျုံပျော်မြို့နယ်အသင်းနာယက)
အသက်(၇၇)နှစ်

(ဒေါ်ဖော့၊ကျုံပျော်)၏မြေး၊(ဦးအောင်သန်း၊ကျောင်းကုန်း–ဒေါ်သန်း၊ကျုံပျော်)တို့၏သမီး၊ (ရွှေဘိုမြို့ အောင်မြေဘုရားဒါယကာ၊ ဝတ်လုံတော်ရ ဦးအုန်းဖေ–ဘုရားအမ ဒေါ်စိန်လွင်)တို့၏ချွေးမ၊ (ဦးတင်မောင်မြင့်၊ ရွှေဘိုကြီး)၏ဇနီး၊ [ဦးရဲမြင့် (ယမုန်ဆွေ)၊ ရန်ကုန်တက္ကသိုလ်]– ဒေါ်မြင့်မြင့်သိန်း၊ ဦးရဲစိုး(လဝက၊ ငြိမ်း)–ဒေါ်အေးအေး(ခ)ဒေါ်လီလီအေး၊ ဒေါက်တာရဲကျော်စွာ(Medecins Du Monde)–မရည်ရည်မွန်တို့၏မိခင်၊ မြေးကိုးယောက်၊ မြစ်ရှစ်ယောက်တို့၏ ဘွားဘွားကြီး၊ အမှတ် ၂/၂၂၂၊ နဝရတ်လမ်း၊ ဝေဘာဂီမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်နေ ဒေါ်မေမေရီသည် ၅–၅–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၃ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၇–၅–၂၀၀၄ရက် (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၂၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းအမကြီး
ဒေါ်တင်ရွှေ (ဗဟိုစည်)
(မေစတိုး)
အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ် ၂၇၁၊ အနော်ရထာလမ်းနေ (ဦးဟန်ခိုတင်)၏ဇနီး၊ ဦးမြင့်ဦး–ဒေါ်အိအိသိန်း၊ ဦးဝင်းဟန်–ဒေါ်အေးမိစံ၊ ဦးမြင့်လွင်–ဒေါ်စိုးစိုးလှိုင်(Nintendo)၊ မအေးအေးခိုင်တို့၏မိခင်၊ မရူပါဟန်၊ မောင်မြတ်မင်းထက်၊ မောင်သံလွင်၊ မဆုပြည့်စုံ၊ မောင်အံ့ထူးအောင်တို့၏ အဘွားသည် ၅–၅–၂၀၀၄ရက် နံနက် ၁း၁၀ နာရီတွင် ဗဟိုစည်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၇–၅–၂၀၀၄ရက် (သောကြာနေ့) နံနက် ၁၀ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်ကြင်
အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စက်ရုံလမ်း၊ စည်ပင်အားကစားဝင်း၊ အိမ်အမှတ် ၁ နေ (ဦးဝင်း–ဒေါ်စိမ်းမြ)တို့၏သမီး၊ ပဲခူးမြို့နေ(ဦးသိန်း–ဒေါ်တင်ညွန့်)၊ (ဦးအောင်ရွှေ–ဒေါ်ညွန့်)တို့၏ညီမ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ် ၁၊ စစ်မှုထမ်းဟောင်း၊ စံပြရွာ(၄/၂/၁၆)နေ အရာခံဗိုလ်(ငြိမ်း)ဦးခင်မောင်ညွန့်၏ဇနီး၊ ဒေါ်မြမြစိမ်း(ခန္တီး)၊ (ဗိုလ်ကြီးဇော်ဝင်း)၊ ဦးသန်းအေးမော်(ကြီးကြပ်ရေးမှူး၊အခွန်ဌာန၊မြို့တော်စည်ပင်)–ဒေါ်တင်တင်နိုင်၊ ဦးစိန်မြင့်(ဌာနစုမှူး၊ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန၊ မြို့တော်စည်ပင်)–ဒေါ်ယဉ်ယဉ်ဌေး၊ ဦးဇော်မြင့်ဦး–ဒေါ်အေးအေးမြင့်(အလက–၄၊ ဒဂုံမြို့သစ်–အရှေ့ပိုင်း)၊ ဦးကျော်မင်း(ဌာနမှူး၊ စီမံရေးရာဌာန၊ မြို့တော်စည်ပင်)–ဒေါ်သီရိပွင့်၊ ဗိုလ်ကြီးတင်ဌေး(ငြိမ်း)–ဒေါ်တင်တင်နွယ်၊ ဦးမြင့်မောင်–ဒေါ်သင်းသင်းမြင့်(ကော့သောင်း)တို့၏မိခင်၊ မြေး ၂၀ ယောက်တို့၏အဘွားသည် ၅–၅–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၄း၅၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇–၅–၂၀၀၄ရက်(သောကြာနေ့)မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၄၅ နာရီတွင် ထွက်ပါမည်)။

ကွယ်လွန်သူအားရည်စူး၍ ၁၁–၅–၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၇ နာရီတွင် ရက်လည်ဆွမ်းကျွေး တရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဒေါ်သန်းကြည် (ပဲနွယ်ကုန်း)
အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၁)ရပ်ကွက်၊ ဇေယျာသုခလမ်း၊ ၈၃၂ နေ (ဦးတင်အောင်၊ ပဲနွယ်ကုန်း)၏ဇနီး၊ ကိုကျော်ဌေး(ဆိပ်ကမ်း)–မစိုးသန်းခိုင်၊ တကကကျော်ရွှေ–မစိုးစိုးဝင်း၊ ကိုသန်းထွန်း(GMP Co., Ltd.)–မဖြူဖြူဝင်း၊ ကိုမြသိန်း–မအေးအေးချိုတို့၏ မိခင်၊ မြေးရှစ်ယောက်တို့၏ အဘွားသည် ၄–၅–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၆–၅–၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်အေးစိန် (ပြည်မြို့)
အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ အမှတ် ၇၅၊ ၈ လမ်း၊ လမ်းမတော်မြို့နယ်နေ (ပွဲစားကြီး ဦးဘကျော်၊ ပြည်မြို့)၏ဇနီး၊ ဦးသန်းယဉ်–ဒေါ်ခင်သန်းမြင့် (GHC ဆေးဆိုင်)တို့၏မိခင်၊ မောင်ကျော်ဇင်အောင်–ဒေါ်အိရွှေဇင်၊ မောင်ကိုကိုလတ်တို့၏ အဘွားသည် ၄–၅–၂၀၀၄ရက် နံနက် ၁၀း၂၅ နာရီတွင် ကွယ်လွန်ပြီးဖြစ်ပါ၍ ကွယ်လွန်သူ၏ဆန္ဒအရဆေးတက္ကသိုလ်(၁)ရန်ကုန်၊ ခန္ဓာဗေဒဌာနသို့ ခန္ဓာကိုယ်အားလှူဒါန်းပေးပို့ပြီးဖြစ်ပါကြောင်း။

၁၀–၅–၂၀၀၄ရက် နံနက် ၇ နာရီမှ ၁၀ နာရီအတွင်း အထက်ပါနေအိမ်တွင် ရက်လည်ဆွမ်းကျွေးတရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်မြနွယ်
(အင်းစိန်၊ ထန်းတပင်)
အသက်(၈၃)နှစ်

ရန်ကုန်၊ အင်းစိန်မြို့၊ ဘုရင့်နောင်ရိပ်သာ(၂)လမ်း၊ အိမ်အမှတ် ၄၉ နေ (ဦးဘိုးဒေါင်း–ဒေါ်ခင်)တို့၏ သမီး၊ (ဦးမောင်ချစ်)၏ဇနီး၊ (ဦးလှစိန်–ဒေါ်တင်–ဒေါ်သောင်းရွှေ)၊ ဦးသောင်းညွန့်–ဒေါ်ခင်မြိုင်၊ ဒေါ်မြရီ၊ (ဦးထွန်းအောင်)–ဒေါ်ခင်လှိုင်၊ ဦးသိန်း–(ဒေါ်သန်းသန်း)၊ ဦးခင်သန်းတို့၏ ညီမ/အစ်မ၊ အင်းစိန်မြို့၊ ဘုရင့်နောင်ရိပ်သာ(၂)လမ်းနေ ဦးသောင်းဟန်–ဒေါ်ခင်ရီ၊ ဦးတင်ဝင်း–ဒေါ်ကြည်ကြည်၊ ဦးအေးထွန်း–ဒေါ်ခင်မြင့်မြင့်တို့၏မိခင်၊ မြေး ၁၂ ယောက်၊ မြစ်ကိုးယောက်တို့၏ ဘွားဘွားကြီးသည် ရန်ကုန်မြို့ သုခကမ္ဘာဆေးခန်း၌ ၅–၅–၂၀၀၄ရက် နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၇–၅–၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းအမကြီး
ဒေါ်ကျင်အေး (မော်လမြိုင်)
အသက်(၇၀)

မော်လမြိုင်မြို့နေ (ဦးချိန်ကန်း–ဒေါ်မာ)တို့၏သမီးကြီး၊ (ဦးကြင်ဦး)–ဒေါ်လှသန်း၊ ဦးကျော်မြင့်–ဒေါ်ရှုရှင်တို့၏ညီမ၊ ဒေါ်ကျင်မွှေး–ဦးလှဝင်း၊ ဒေါ်သန်းသန်းဌေး–ဦးသာညွန့်၊ ဦးကျင်သိန်း(ညွှန်ကြားရေးမှူး၊ မြန်မာ့ရေနံ)–ဒေါ်ဆွေဆွေသန်း၊ ဒေါ်ယဉ်ယဉ်မြင့်တို့၏အစ်မကြီးသည် ၅–၅–၂၀၀၄ရက် နံနက် ၄ နာရီတွင် ပဲခူးမြို့ ဦးလှဝင်း–ဒေါ်ကျင်မွှေးတို့၏နေအိမ်၌ ကွယ်လွန်သွားပါ၍ ယင်းနေ့ညနေ ၄ နာရီတွင် ပဲခူးမြို့ ဆင်ဖြူကွင်းသုသာန်၌ဂူသွင်းသဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ရဟန်းအမကြီး
ဒေါ်စန်း
အသက်(၅၆)နှစ်

ကျိုက်လတ်မြို့နေ (ဦးဘဆင့်–ဒေါ်ကျင်ယုံ)တို့၏သမီး၊ (ဦးသူတော်–ဒေါ်သိန်း)တို့၏သမီးချွေးမ၊ ဦးလှမြင့်–(ဒေါ်ခင်သောင်း)တို့၏ညီမ၊ ဦးလှတင်–ဒေါ်ခင်ကြည်တို့၏အစ်မ၊ ရန်ကုန်မြို့၊ အမှတ် ၉၉ (ပထမထပ်)၊ ဣစာသယလမ်း၊ တာမွေမြို့နယ်နေ ဦးလှမောင် (စန်းစန်းလက်ဖက်ရည်ဆိုင်၊ ဒဂုံညွန့်ဈေး)၏ဇနီး၊ မရင်နွဲ့ (German Speaking Tour Guide)၊ မစန်းစန်းဝေ၊ မကေသီဝင်းတို့၏မိခင်သည် ၄–၅–၂၀၀၄ရက်(အင်္ဂါနေ့)မွန်းလွဲ ၁း၃၅ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၆–၅–၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ကိုအုန်းဟန်ဦး(ခ)ကိုဦး
အသက်(၄၀)

ရန်ကုန်တိုင်း၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးလမ်း၊ မြယမုံစားသောက်ဆိုင်ပိုင်ရှင် ဦးသောင်းဟန်–ဒေါ်ခင်သိန်းတို့၏ သားကြီး၊ကိုမျိုးဟန်–မအေးအေးသန်း၊ကိုမင်းဟန်–မခင်သန္တာတို့၏ အစ်ကိုကြီး၊ မောင်သိန်းမျိုးထွန်း (ထ–၂၊ လသာ)၊ မခင်ပြည့်စုံ(ထ–၁၊ ပန်းဘဲတန်း)တို့၏ ဘကြီးသည် ၅–၅–၂၀၀၄ရက်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၇–၅–၂၀၀၄ရက် ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (မြယမုံ စားသောက်ဆိုင်မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ ကုသလ
နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်
သက်တော်(၇၈)နှစ်၊ သိက္ခာတော်(၅၈)ဝါ

ဧရာဝတီတိုင်း၊ ဖျာပုံခရိုင်၊ ဒေးဒရဲမြို့၊ အမှတ်(၁)ရပ်ကွက်၊ တောကျောင်းတိုက်နှင့် စိန္တာမုနိဘုရားကြီးကျောင်းတိုက်ကြီးတို့၏ ဦးစီးပဓာန မဟာနာယက၊ တောကျောင်း ပဝါရဏာဂိုဏ်းကြီးတို့၏ဂဏာဓိပတိ၊ လဗ္ဗီမေသလ၊ သိက္ခာကာမ ဝိနယဂရုက သံသာရဘီရုက ပရိယတ္တိဆေက ဂဏဝိရောနေ ကမ္မဋ္ဌာနာစရိယ နယ်လှည့်သာသနာပြုဆရာတော်ကြီးသည် ၁၃၆၆ခုနှစ် ကဆုန်လဆန်း ၅ ရက် (သောကြာနေ့) ည ၁၂း၁၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်အား ၁၃၆၆ခုနှစ် နယုန်လဆန်း ၁ ရက် (၁၉–၅–၂၀၀၄ရက်) ဗုဒ္ဓဟူးနေ့ ညနေ ၄ နာရီတွင် စိန္တာမုနိဘုရားကြီး ကျောင်းတိုက်တွင် အန္တိမအဂ္ဂိဈာပန သာဓုကိစ္စနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

တောကျောင်းတိုက်နှင့်စိန္တာမုနိဘုရားကြီးကျောင်းတိုက်
တပည့်သံဃာ၊ဒါယကာ၊ဒါယိကာမများနှင့်ဈာပနကျင်းပရေးကော်မတီ။

ရဟန်း၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ကြူကြူအေး (ချောက်)
အသက်(၈၀)

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ညောင်တန်းအိမ်ရာ၊ တိုက် ၈၊ အခန်း ၅၀၁ နေ ဗိုလ်မှူးဘိုဘို(ငြိမ်း)–ဒေါ်သင်းသင်းစိုး၊ ဦးကိုကိုနိုင်–ဒေါ်ခင်ဖြိုးဖြိုးအောင်တို့၏မိခင်၊ ကိုသက်ထူးမောင်၊ မဥမ္မာဘိုဘိုတို့၏အဘွားသည် ၅–၅–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၇–၅–၂၀၀၄ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်စောရီ (မှုံရွှေရည်မိခင်ကြီး)
(ပဲခူးမြို့)
အသက်(၇၃)နှစ်

ပဲခူးမြို့၊ ရွှေခြုံ(ဦးသူတော်–ဒေါ်မြတင်)တို့၏တူမ၊ (ဦးသာခင်–ဒေါ်သန်းရင်)တို့၏သမီး၊ ရွှေဒါး(ဦးတင်ညွန့်–ဒေါ်စောသီ)တို့၏ညီမ၊ မှုံရွှေရည်(ဦးကျော်အေး)၏ဇနီး၊ ဦးလှမြင့်ဦး–ဒေါ်တင်တင်ဦး၊ ဦးကျော်ဝင်း–ဒေါ်ခင်စန်းဝင်း၊ ဦးမင်းလှိုင်(လ/ထမန်နေဂျာ၊ ကသာ ဖောင်ဖွဲ့ရေး)–ဒေါ်ဝင်းဝင်းသန်း၊ ဦးနိုင်အောင်မိုး–ဒေါ်တင်ညွန့်၊ ဦးအောင်ကျော်မိုး–ဒေါ်သန္တာမိုး၊ (ဦးကျော်စိုးရည်)–ဒေါ်တင်မြတ်သူတို့၏မိခင်၊ မြေး ၂၀ ယောက်၊ မြစ်တစ်ယောက်တို့၏ဘွားဘွားကြီးသည် ၅–၅–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၄း၁၀ နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့ညနေ ၃ နာရီတွင် ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးမြငြိမ်း
(သံဖြူဇရပ်)
အသက်(၇၅)နှစ်

သံဖြူဇရပ်မြို့နယ်၊ ကျိုက္ကဒက်ကျေးရွာနေ ဦးထွန်းရင်၏သား၊ ရန်ကုန်မြို့၊ယုဇနဥယျာဉ်မြို့တော်၊ ၅ လမ်း(A)၊ တိုက် ၈၊ အခန်း ၁၀၄ နေ ဒေါ်သောင်းကြည်၏ခင်ပွန်း၊ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ ဦးတင်ညွန့်–ဒေါ်ကြည်ကြည်သန်း၊ ဘီးလင်းမြို့နေ ဦးမြတ်လွင်–ဒေါ်လှအေး၊ သံဖြူဇရပ်မြို့နေ ဦးမြင့်ဆွေ–ဒေါ်အေး၊ ရန်ကုန်မြို့နေ ဦးခင်မောင်ဇော်–ဒေါ်အေးအေးနွယ်၊ ဦးဆန်းလွင်–ဒေါ်သန်းသန်းမြင့်၊ ဦးစိန်မြင့်–ဒေါ်ဝါဝါနွယ်တို့၏ဖခင်၊ မြေး ၁၉ ယောက်၊ မြစ်လေးယောက်တို့၏ဘိုးဘိုးကြီးသည် ၅–၅–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉း၅၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၉–၅–၂၀၀၄ရက် ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးကြည်လွင်(ခ)
ဦးမောင်လေး (ရေနံ့ချောင်း)
လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)
(လဝက–၁၈၃၃)
အသက်(၆၅)နှစ်

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ ၅ လမ်း၊ အမှတ် ၇၄ နေ (ဦးမောင်ကြီး–ဒေါ်စောလှ)တို့၏သား၊ (ဦးခင်မောင်–ဒေါ်အုံးကြည်)၊ ဒေါ်ခင်ရီတို့၏မောင်၊ ဦးသိန်းကြည်–ဒေါ်သန်းစိန်၊ (ဦးသိန်းရီ)–ဒေါ်ခင်ကြည်(ခ)ဒေါ်သက်တို့၏အစ်ကို၊ ဦးမျိုးမြင့် (ရန်ကင်းမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူး)–ဒေါ်သင်းသင်းမော်တို့၏ ဦးလေး၊ ဦးထက်နိုင်လွင်(လဝက)–ဒေါ်မိုးသန္တာမြင့်၊ ဦးစိုးနိုင်လွင်(လဝက)၊ ဦးတင့်နိုင်လွင်၊ ဦးဝင်းနိုင်လွင် – ဒေါ်ပပဝင်း၊ မသီတာလွင်၊ မမေယုလွင်၊ မခင်သန့်ဇင်၊ မောင်စိုးမြင့်လွင်တို့၏ဖခင်၊ မြေး ၁၁ ယောက်တို့၏အဘိုးသည် ၅–၅–၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂း၄၅ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၇–၅–၂၀၀၄ရက်(သောကြာနေ့)ညနေ ၃း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
ဦးမြင့်သိန်း(ခ)ဦးအီဟော့
(ဘိုကလေးမြို့)
အသက်(၈၀)

ဘိုကလေးမြို့နေ (ဦးကြောင်း–ဒေါ်ကျင်မြိုင်)တို့၏သား၊ ဦးသက်ဇင်(ခ)ဦးအီလျှောင် – ဒေါ်တင်ရွှေတို့၏ ညီ၊ ရန်ကုန်မြို့၊ ကိုင်းတန်းလမ်း၊ အမှတ် ၃၂ နေ ဦးကျင်မောင်–ဒေါ်စိန်စိန်တို့၏ အစ်ကို၊ ရန်ကုန်မြို့၊လမ်းမတော်မြို့နယ်၊ အမှတ် ၄၈(ပထမထပ်)၊ ၈ လမ်းနေ ဒေါ်ကျော့စိန်၏ခင်ပွန်း၊ ဦးသန်းစိုး–ဒေါက်တာဒေါ်မြင့်မြင့်သိန်း၊ ဦးခင်စိုး–ဒေါ်ခင်စမ်းရီ၊ ဦးအောင်ကျော်ညွန့်–ဒေါ်ခင်ဌေးရီ၊ ဦးကျော်စိုး–ဒေါ်ခင်နွဲ့ရီ၊ ဘိုကလေးမြို့နေ ဦးအောင်စိုး–ဒေါ်မာမာခိုင်တို့၏ဖခင်၊ မြေး ၁၄ ယောက်တို့၏ အဘိုးသည် ၅–၅–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီတွင် ဗဟိုစည်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၇–၅–၂၀၀၄ရက် နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အမှတ် ၄၈၊ ၈လမ်း နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၁–၅–၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဒေါ်ဥမ္မာဝင်း (နယ်စပ်/စည်ပင်)
အသက်(၃၉)နှစ်

ရန်ကုန်မြို့၊ အောက်ပုဇွန်တောင်လမ်းမကြီး၊ အမှတ် ၅၃၅(ဒုတိယထပ်) နေ (ဦးဝင်းမောင်–အုပ်ချုပ်ရေးမှူး၊ ပုဇွန်တောင်စည်ပင်၊ ငြိမ်း)–ဒေါ်ဝင်းဝင်း (နယ်စပ်/စည်ပင်၊ ငြိမ်း)တို့၏သမီးကြီး၊ ရန်ကုန်မြို့၊ ရေကျော်ရပ်၊ နှင်းပန်းလမ်း၊ အမှတ် ၇ နေ ဦးမင်းလွင် (B.Econ)၏ဇနီး၊ ဒေါ်ခင်စန်းမြင့်–(ဦးခင်မောင်ညွန့်)၊ ဒေါ်ခင်စန်းတင့်–ဦးသိန်း၊ ဦးမြင့်ဆွေ(အခွန်ဦးစီးမှူး၊ ငြိမ်း)–ဒေါ်သိန်းနွဲ့၊ ဒေါ်ရင်ရင်နု–ဦးမြင့်စိုး၊ ဒေါ်မြင့်မြင့်ဝင်း–ဦးဟန်ရွှေတို့၏တူမသည် ၄–၅–၂၀၀၄ရက် (အင်္ဂါနေ့) ညနေ ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၆–၅–၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(ရန်ကုန်မြို့၊ ရေကျော်ရပ်၊ နှင်းပန်းလမ်း၊ အမှတ် ၇ နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။

R. 488

မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ အတွင်းရေးမှူး(၁) အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်းပြပွဲ ကြည့်ရှုအားပေး

ရန်ကုန် မေ ၅

အခွင့်အလမ်းပွင့်၊ အရည်အသွေးမြင့် ပညာခက်ဖြာ (Accessibility, Quality, Diversity)အဖြစ် အကောင်အထည်ဖော်ခဲ့သည့် အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်း အကောင်အထည်ဖော်မှုပြပွဲကို ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်းရှိ စိန်ရတုခန်းမ၌ ကျင်းပလျက်ရှိရာ ပြပွဲပထမနေ့ဖြစ်သည့် ယမန်နေ့မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ပြခန်းများကိုကြည့်ရှုအားပေးသည်။

မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းသည် ပညာရေးဝန်ကြီးဌာနဝန်ကြီး ဦးသန်းအောင်၊ ဒုတိယဝန်ကြီး ဦးမျိုးညွန့်နှင့် သက်ဆိုင်ရာဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ လိုက်ပါလျက် အီလက်ထရွန်နစ်ပညာရေးပြခန်း၊ အဆင့်မြင့်ပညာပြခန်းနှင့် အခြေခံပညာပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးပြီး ညနေပိုင်းတွင် စိန်ရတုခန်းမမှ ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စိန်ရတုခန်းမ မြေညီထပ် အခြေခံပညာကဏ္ဍ ပြခန်း၌ အိမ်တွင်းမှုဘာသာရပ် ပြကွက်အဖြစ် အလက(၄) တောင်ဥက္ကလာပမှ ကျောင်းသူလေးများက ထမင်းပေါင်းအိုးဖြင့် အာဟာရပြည့် ကောက်ညှင်းပေါင်း ပေါင်းနည်းကို လက်တွေ့သရုပ်ပြသစဉ်။

ဓာတ်ပုံမှတ်တမ်း–တင်စိုး (မြန်မာ့အလင်း)

စိန်ရတုခန်းမ တတိယထပ်၌ ရုက္ခဗေဒဌာနမှ ပြသလျက်ရှိသော ဘက်တီးရီးယားပိုးများ လေ့လာမှုပြကွက်၌ ပြပွဲလာမိသားစုမှ ကလေးငယ်တစ်ဦးက မိုက်ခရိုစကုတ်မှတစ်ဆင့် ဘက်တီးရီးယားပိုးကို ကြည့်ရှုနေစဉ်။

ဓာတ်ပုံမှတ်တမ်း–တင်စိုး(မြန်မာ့အလင်း)

အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်းပြပွဲ ကျောင်းသားကျောင်းသူများ၏ စွမ်းရည်မြင့်မားမှုပေါ်လွင်

သတင်းဆောင်းပါး-ကိုထွေး၊ ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် မေ ၅

၂၀၀၀–၂၀၀၁ ဘဏ္ဍာရေးနှစ်မှ ၂၀၀၃–၂၀၀၄ ဘဏ္ဍာရေးနှစ်အထိ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် ပညာရေးဝန်ကြီးဌာန အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်း အကောင်အထည်ဖော်မှုပြပွဲကို မေ ၄ ရက်မှ ၇ ရက်အထိ ကမာရွတ်မြို့နယ် ပြည်လမ်းရှိ စိန်ရတုခန်းမ၌ ခင်းကျင်းပြသလျက်ရှိသည်။ အဆိုပါပြပွဲ၌ ခင်းကျင်းပြသလျက်ရှိသည့် ပြကွင်းပြကွက်များနှင့် ပတ်သက်၍ ပြည်သူများအား တင်ပြနိုင်ရန် မြန်မာ့အလင်းသတင်းအဖွဲ့က ပြပွဲတည်ရှိရာ စိန်ရတုခန်းသို့ သွားရောက်ခဲ့သည်။

အမျိုးသားပညာရည်မြင့်မားရေး လေးနှစ်စီမံကိန်း အကောင်အထည်ဖော်မှုပြပွဲကို စိန်ရတုခန်းမ မြေညီထပ်၊ ဒုတိယထပ်နှင့် တတိယထပ်တို့၌ သုံးနေရာခွဲ၍ ပြသထားသည်။ မြေညီထပ်နှင့်ဒုတိယထပ်တွင် အခြေခံပညာကဏ္ဍ ပြခန်းများကိုလည်းကောင်း၊ တတိယထပ်၌ **စာမျက်နှာ ၁၃ ကော်လံ ၁** ■

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ဂျမ်ဘိုမယ်ပြိုင်ပွဲ

မေ ၁ ရက်က ထိုင်းနိုင်ငံ ဗန်ကောက်မြို့ တောင်ဘက် နခွန်ပါသုန်ဆင်ဥယျာဉ်၌ ဂျမ်ဘိုမယ်ပြိုင်ပွဲကိုကျင်းပရာတွင် ပထမဆုအနိုင်ရရှိသွားသည့် အာပပက်ဘိုအွန်နာရောင်း**(အောက်အလယ်ပုံ)**က လက်ပြနှုတ်ဆက်နေစဉ်။ အဆိုပါဂျမ်ဘိုမယ်ကို ဆင်တစ်ကောင်၏ လက္ခဏာရပ်များအကောင်းဆုံးပြသနိုင်မှုအပေါ် အကဲဖြတ်ရွေးချယ်ကြောင်း သိရသည်။

ရိုက်တာ။

ဘယ်လ်ဂျီယံမှ လကြတ်မြင်ကွင်း

မေ ၄ ရက်ညပိုင်းက လကြတ်ခြင်း ဖြစ်ပေါ်ခဲ့သည်။ ယင်းလကြတ်သည်ကို ကမ္ဘာတစ်ဝန်းမှ ပြည်သူများက စောင့်ကြည့် လေ့လာခဲ့ကြသည်။ **(အပေါ်ပုံ)**မှာ ဘယ်လ်ဂျီယံနိုင်ငံမှ မြင်တွေ့ရသည့် လကြတ်နေသည့်ပုံ ဖြစ်သည်။

အေအက်ဖ်ပီ။

စိန်ရတုခန်းမ ဒုတိယထပ်ရှိ ကွန်ပျူတာအသုံးပြုသိပ္ပံ လက်တွေ့ စမ်းသပ်မှု ပြကွက်၌ အထက(၂) စမ်းချောင်းမှ ကျောင်းသူလေးများက အပူချိန်တိုင်းတာမှုကို ကွန်ပျူတာနှင့်တွဲဖက်၍ ဤသို့ လုပ်ဆောင် ပြသကြသည်။

ဓာတ်ပုံမှတ်တမ်း–တင်စိုး(မြန်မာ့အလင်း)

ယနေ့ထုတ်စောင်ရေ ၂၀၀၂၆၁